http://www.dhammadownload.com

ဓမ္မဘောရီစာစဉ်(၁၂)

ဓမ္မဘောရီအရှင်ဝီရိယ(တောင်စွန်း)

# ကမ္ဘာပြုလောက်

နှင့်

## အလင်းတန်းဆောင်းပါးများ

http://www.dhammadownload.com



http://www.dhammadownload.com

# ကမ္ဘာပြုလက်

[illegible]
အနောင်တော်တန်း ခေတ်ပေါ်ဆောင်ပါးများ

## ဓမ္မဘေရီ - အရှင်ဝီရိယ (တောင်စွန်း)

ပုံနှိပ်ခြင်း
New Day Colour Separation
အမှတ်(၁၅၁)၊ ၁၅လမ်း(ရွှေ)၊ [illegible] ရန်ကုန်မြို့
ဖုန်း - ၂၀၁၉၃၇၊ ၂၅၀၉၄၂

ဖြန့်ချိရေး
ကျေးဇူးစာအုပ်ဆိုင်
အမှတ်(၁၃၄)၊ [illegible] ရန်ကုန်မြို့
ဖုန်း - ၇၁၁၁၁၁

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် ■ [ ၄၀၀၅၁၅၁၁၀၉ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ [ ၄၀၁၂၈၉၁၂၀၉ ]
ထုတ်ဝေသည့်အကြိမ် ■ ပထမအကြိမ်
(ဇန်နဝါရီလ၊ ၂၀၁၀)
အုပ်ရေ ■ ၅၀၀၀
မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း ဆရာမြင့်မောင်ကျော် စီစဉ်ပူဇော်သည်။
မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်
အတွင်းစာသားပုံနှိပ်သူ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၈၁၊ လမ်း ၅၀
ပုဇွန်တောင်မြို့နယ်။
ထုတ်ဝေသူ ■ ဒေါ်သင်းသင်းမော်(သင်းစာပေ)
၁၀၊ ရတနာမြိုင်လမ်း၊ လှည်းတန်း
ကမာရွတ်မြို့နယ်
စာအုပ်ချုပ် ■ ဖူးပွင့်မွှေး
တန်ဖိုး ■ ၈၀၀ ကျပ်

၈၉၅.၈၄
ဝီရိယ / အရှင်၊ ဓမ္မသောရီ (တောင်စွန်း)
ကမ္ဘာပြုလက်နှင့် အလင်းတန်းဆောင်းပါးများ
ရန်ကုန်။ သင်းစာပေ၊ ၂၀၀၉။
စာ – ၁၆၃၊ စင်တီ – ၁၂ . ၅ x ၁၈ . ၅
ကမ္ဘာပြုလက်နှင့် အလင်းတန်းဆောင်းပါးများ

http://www.dhammadownload.com


# မာတိကာ


| | | |
|---|---|---|
| ၁။ | ကိုယ့်အတွက်အလှ သူ့အတွက်ဘဝ | ၅ |
| ၂။ | ဘာဖြစ်ချင်သလဲ ဘာလုပ်နေသလဲ | ၁၅ |
| ၃။ | နေရာနှင့် စေတနာ | ၂၅ |
| ၄။ | ဒီလောကနဲ့ ကျေနပ်ပြီလား | ၃၉ |
| ၅။ | ရလိုသူနှင့် ပေးလိုသူ | ၄၇ |
| ၆။ | ဘယ်လိုပေးမလဲ ဘယ်လောက်ပေးမလဲ | ၅၉ |
| ၇။ | သာဓုတော့ဖြင့် မခေါ်နိုင်ခဲ့ပါ | ၇၇ |
| ၈။ | လိုတာ မရခြင်းဆင်းရဲနှင့် မလိုတာ ရခြင်းဆင်းရဲ | ၈၇ |
| ၉။ | ကံနှင့် ပယောဂ | ၉၇ |
| ၁၀။ | မာရ်နတ်၏ နောက်လိုက်နှင့် သဟာမ္ပတိဘက်တော်သား | ၁၀၇ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၁။ | ငရဲမကျ နတ်မထူရတဲ့ ကုသိုလ်ရှင် | ၁၁၇ |
| ၁၂။ | အလှူနဲ့ ရေစက် | ၁၂၇ |
| ၁၃။ | ကမ္ဘာပြုလက် | ၁၃၅ |
| ၁၄။ | ဟင်းလင်းပြင်မှာ ဆူးမငြိကြဖို့ | ၁၄၃ |
| ၁၅။ | ဣန္ဒြေရိပ် | ၁၅၁ |
| ၁၆။ | အသိတရားနဲ့ အကြောက်တရား | ၁၅၉ |

http://www.dhammadownload.com



# ကိုယ့်အတွက်အလှ
# သူ့အတွက်ဘဝ

ငယ်ငယ်က စာသင်သားဘဝနဲ့ နေခဲ့တဲ့မြို့မှာ အမြဲလိုလို တွေ့မြင် နေရပြီး ခုထိတောင် မမေ့နိုင်သေးတဲ့ မြင်ကွင်းတစ်ခု ရှိတယ်။

စက်ရုံနဲ့ တွဲထားတဲ့ နှစ်ထပ်တိုက်အိမ်ကြီးတစ်ခု၊ အုတ်ဝင်း ထရံခတ်ထားပြီး ဝင်းထရံ အဝင်ပေါက် တံခါးတိုင်ထိပ်နှစ်ခုနဲ့

http://www.dhammadownload.com



ဘေးဘက်ကျောဘက် အလယ်ခေါင်မှာ ဘောလုံးလောက်ရှိတဲ့ ဖန်လုံးကြီးတွေနဲ့ မီးလုံးတွေ အလှထွန်းထားတယ်။ အပေါ်ထပ် ဝရန်တာမှာလည်း ရောင်စုံ မီးပန်းကုံးတွေ အလှဆင်ပြီး ထွန်းထားပါတယ်။

အဲဒီ တိုက်ကြီးရဲ့ နောက်ဖေးမှာ အလုပ်သမား မိသားစု နေတဲ့ အိမ်ကုပ်ကလေး သုံးလေးလုံးရှိတယ်။ တိုက်ပိုင်ရှင်ရဲ့ စက်ရုံမှာပဲ အလုပ်လုပ်ကြတဲ့ မိသားစုလို့ သိရပါတယ်။ သူတို့မှာတော့ ကိုင်ပိုင်မီတာ မရှိကြလို့ လျှပ်စစ်မီး မထွန်းနိုင်ကြပါဘူး။

ကျောင်းဖွင့်တဲ့ ရာသီတွေမှာ အလုပ်သမား မိသားစုရဲ့ သားသမီးလေးတွေဟာ ညညမှာ အဲဒီတိုက်ကြီးရဲ့ ဝင်းထရံမှာ ထွန်းထားတဲ့ မီးရောင်ကို အားကိုး မှီခိုပြီး စာကြည့်ကြရတယ်။ စာမေးပွဲ နီးတဲ့ ဆောင်းရာသီတွေမှာဆို ကလေးတွေဟာ ချမ်းရှာကြလွန်းလို့ အနားမှာ သစ်ရွက်ခြောက်ကလေးတွေ၊ သစ်ကိုင်း အကျိုးအပြတ် အစအနကလေးတွေ စုပုံမီးရှို့ပြီး မီးလှုံရင်းနဲ့ သန်းခေါင်သန်းလွဲအထိ စာကျက်နေကြတာကိုလည်း ကြားနေမြင်နေရပါတယ်။

ဒီမြင်ကွင်းကို မြင်ရတိုင်း 'ဒီတိုက်ကြီးရှင်တွေအနေနဲ့ သူတို့ အလှအပထွန်းထားတဲ့ မီးလုံးတွေထဲက တစ်လုံးတလေစာလောက် (မီတာခကို စွန့်လှူပြီး) ဒီကလေးတွေ စာကျက်ဖို့ သူတို့အိမ်ထဲအထိ မျှား ထွန်းပေးကြရင် ဘယ်လောက် ကောင်းလိုက်မလဲ။ သူတို့ အတွက် အလှအပ သက်သက်သာဖြစ်တဲ့ မီးလုံးတစ်လုံးစာဟာ ဒီကလေးတွေ အတွက်တော့ ဘဝရဲ့ အထောက်အကူ ပညာဒါန ကြီးတစ်ခု ဖြစ်သွားနိုင်တာပဲ။

http://www.dhammadownload.com



ဒီလိုလုပ်ပေးလိုက်ရင် ပိုင်ရှင်တွေအတွက်လည်း ဘာမှ သိပ်ပြီး ထွေထွေထူးထူး မလုပ်ရဘဲနဲ့ ပညာ ပါရမီကုသိုလ်လည်း ဖြစ်တာပေါ့' ဆိုတဲ့ အတွေး အမြဲပေါက်ခဲ့ဖူးတယ်။ ဒါပေမယ့် ကိုယ်က ဘာမှ ပြောပိုင်ခွင့် မရှိတော့ ဒီအတိုင်းပဲ ကြည့်မော မောရင်း ကရုဏာ ဘာဝနာကို စိတ်ထဲကပဲ ပွားခဲ့ရပါတယ်။ ဒီမြင်ကွင်း ကလေးကတော့ ခုချိန်ထိလည်း မကြာမကြာ သတိရရှိနေဆဲပါ။

မှတ်မှတ်ရရ ဖြစ်နေတဲ့ ဖြစ်ရပ်ကလေးတွေ၊ မြင်ကွင်း၊ မြင်ကွက်ကလေးတွေဟာ ' ကျေနပ်စရာပဲဖြစ်ဖြစ်၊ မကျေနပ်စရာပဲ ဖြစ်ဖြစ်၊ ခင်မင်ချင်စရာပဲဖြစ်ဖြစ်၊ မမြင်ချင်စရာပဲဖြစ်ဖြစ်၊ ကြင်နာ စရာပဲဖြစ်ဖြစ်၊ ရင်နာစရာပဲဖြစ်ဖြစ် ယောနိသောမနသိကာရနဲ့ အသုံးချနိုင်မယ်ဆိုရင် အကြောင်းတိုက်ဆိုင်လာတဲ့အခါ ကုသိုလ် ရမှုကို အထောက်အကူဖြစ်စေတယ်' ဆိုတဲ့ ပဋ္ဌာန်းဉပနိဿယ ဒေသနာတော် အတိုင်းလို့ပဲ ဆိုရမယ်ထင်တယ်။

ပြီးခဲ့တဲ့ မေလလယ်လောက်မှာ ပျဉ်းမနားမြို့နားက လမ်း ပျဉ်းမနားလို့ခေါ်တဲ့ ပျဉ်းမနားဟောင်း သရက်ကုန်း ကျောင်းဆရာ တော် မုနိကုမာရနဲ့ ရန်ကုန်မှာ ဆုံဖြစ်လိုက်ကြတယ်။

ဒီအကြောင်းက နည်းနည်းလေးတော့ ပြည့်စုံအောင် ပြောမှ အဆင်ပြေမယ်ထင်တယ်။ မုနိကုမာရဆိုတာ မြောင်းမြသား၊ ကမ္ဘာ့ ဗုဒ္ဓသာသနာပြုဆရာတော် အရှင်သေဋ္ဌိလရဲ့ တိုက်တွန်း စေလွှတ်ချက်အရ အင်္ဂလန်မှာ သာသနာပြုတော်မူခဲ့တဲ့ မြောင်းမြ ဆရာတော် ဘဒ္ဒန္တ ဉာဏိကရဲ့ ငယ်တပည့်ရင်း။ ငယ်ဆရာထံမှာ ပါဠိ ပိဋကတ်နဲ့ ဘာသန္တရ တို့ကို အခြေခံ ခိုင်ခိုင်မာမာ သင်ယူခဲ့ပြီး တောင်တွင်းကြီး နတ်မှီတောရ ဆရာတော်ကြီးထံမှာ ဘာသန္တရနဲ့

http://www.dhammadownload.com



ဒဿနိကပညာများ ဆက်လက် သင်ယူခဲ့တယ်။ နတ်မှီဆရာတော်ကြီးရဲ့ ဆက်သွယ်ပေးမှု တိုက်တွန်း စေလွှတ်မှုကြောင့်ပဲ အိန္ဒိယမှာ ၆ နှစ်လောက် ပညာသင်ကြားပြီး မဟာဝိဇ္ဇာရခဲ့တဲ့ ပုဂ္ဂိုလ်ပါ။

အိန္ဒိယက ပြန်ရောက်တဲ့အခါမှာတော့ 'မြေဖြူတောင်ကိုင်တဲ့ လက်ပိုင်ရှင်(ပညာပါရမီဖြည့်မယ့် ဆရာ၊ ဆရာမ)များဟာ အရပ်ဒေသစွဲ၊ ဓလေ့စွဲဆိုတဲ့ အဝတ်ဟောင်းကြီးကို ချွတ်ခွါပြီး မေတ္တာ၊ ကရုဏာဆိုတဲ့ ဝတ်ဖြူ စင်ကြယ်သစ်ကို ဝတ်ဆင်ကြရမယ်' ဆိုတဲ့ နတ်မှီ ဆရာတော်ကြီးရဲ့ ဩဝါဒအတိုင်း သူ့ဒေသနဲ့ ဝေးတဲ့ ပျဉ်းမနားမှာ ကျူရှင်မနေနိုင်ကြတဲ့ ကိုးတန်း၊ ဆယ်တန်း ကလေးတွေကို ပညာသင်ပေးရင်း ကိုယ်ထူကိုယ်ထ ပရဟိတလုပ်ငန်း လုပ်နေတဲ့ပုဂ္ဂိုလ်ပါ။ မိမိတို့နဲ့လည်း ဆရာတူ တပည့် ညီအစ်ကိုတော်များပါပဲ။

ပညာဒါန အလုပ်လုပ်ခဲ့တာ ကိုးနှစ်မြောက်တဲ့ မနှစ်ကတော့ သူတို့ရဲ့ ပညာဒါနကုသိုလ်ကို အကြောင်းပြုပြီးတော့ပဲ သူတို့ရွာက တွဲဖက်အထက်တန်းကျောင်းဟာ ပျဉ်းမနားတနယ်လုံးမှာ အောင်ချက် အကောင်းဆုံး ပထမရတော့ အားလုံးကို အနုမောဒနာပြုတဲ့အနေနဲ့ ဓမ္မဒူတ အရှင်ဆေကိန္ဒ တစ်ကြိမ်၊ မိမိတို့အဖွဲ့က တစ်ကြိမ် အားပေး ဟောပြောပွဲကလေးတွေ လုပ်ပေးခဲ့သေးတယ်။

အဲဒီမှာ ဟောပြောခဲ့စဉ်က ပညာသင်ကြားရေးနဲ့ ပတ်သက်ပြီး ပြောဆိုဆွေးနွေးကြတဲ့အခါ မိမိက နတ်မှီဆရာတော်ကြီးတို့ နေရှင်နယ် အမျိုးသားကျောင်းကြီး တည်ထောင်ပြီး ပညာသင်ကြားပေးကြတဲ့အခါ ကိုယ်တိုင်က ကမ္ဘာ့အမြင် အတွေ့အကြုံ

http://www.dhammadownload.com



ကြွယ်ဝကြတဲ့ ဆရာတော်ကြီးများပီပီ အရာရာကို ကမ္ဘာကြည့် ကြည့်ပြီး ပြုပြင်မှုတွေ လုပ်ခဲ့ကြတယ်။

ဘုန်းတော်ကြီးကျောင်း ပညာ သင်ကြားရေးမှာ 'မင်္ဂလသုတ် ကျောလုံးပုတ်' ဆိုတဲ့ ရိုက်ပုတ် ဒဏ်ပေး သင်ကြားရေးစနစ်တွေကို ပြောင်းပစ်တယ်။ လူကို သင်ကြား ထိန်းကျောင်းပေးတဲ့ ဆရာဆိုတာ 'လူကျောင်းသားစိတ် မွေးရမယ်'၊ 'နွားကျောင်းသားစိတ် မမွေးမိအောင် အထူး ရှောင်ကြဉ်သင့်တယ်' ဆိုတဲ့အကြောင်း ဆွေးနွေးပါတယ်။

အနားမှာရှိတဲ့ လက်ထောက် ဦးပဥ္စင်းလေးက ' လူကျောင်းသားနဲ့ နွားကျောင်းသားဆိုတာ ဘယ်လိုတုန်း၊ ရှင်းပြပါဦး' လို့ စကား ဝင်ထောက်တဲ့အတွက် မိမိက . . .

'တို့ အညာမှာတော့ကွာ နွားကျောင်းသားဆိုတာ အိမ်ကထွက်ပြီဆိုတာနဲ့ ခါးမှာ ဓားမတို တစ်ချောင်းထိုးပြီး ပခုံးမှာ လောက်လေးခွနဲ့ လောက်စာလုံး ထည့်ထားတဲ့ လွယ်အိတ်ကို လွယ်လို့၊ လက်ထဲမှာက ရိုက်ကောင်း ပစ်ကောင်း အရွယ်တော် ဝါးရင်းတုတ် တစ်ချောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ထားတယ်။ အဲ . . သူကျောင်းတဲ့ နွားတွေ သူ့သဘောမကျစရာ တစ်ခုခု မှားလိုက်ပြီဆိုတာနဲ့ တုတ်နဲ့မီရင် တုတ်နဲ့ ရိုက်တယ်။ မမီရင် ပစ်တယ်။ တုတ်နဲ့ပစ်လို့ မမီလောက်တော့ လေးခွနဲ့ ပစ်တယ်။ လေးခွနဲ့ ပစ်လို့ မမီဘူးဆိုရင် အော်ဆဲတော့တာပါပဲ။ အဲသလို မလုပ်ကြနဲ့လို့ ပြောတာ။

'အမှန်ကတော့ မိဘတို့၊ ဆရာတို့ဆိုတာ လူကလေးတွေကို ထိန်းကျောင်းပြုစုပေးကြရသူတွေမို့လား။ ဒါကြောင့် လူ

http://www.dhammadownload.com



ကျောင်းသားလို့ ပြောတာ။ သဘောမကျတာတွေ့လို့ ဆူပူ၊ ကြိမ်းမောင်း၊ ဆိုဆဲ၊ ရိုက်ပုတ်လုပ်မယ်ဆိုရင် ဒါဟာ နွားကျောင်းသား စရိုက်မျိုးဖြစ်သွားတာပေါ့။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဆိုတာ အတိုင်းမရှိ ကြီးမားတဲ့ မေတ္တာကရုဏာထားပြီး ထိန်းကျောင်းသူများကို ပေးအပ်တဲ့ ဂုဏ်ထူး၊ ဘွဲ့ထူးကြီးပဲ။ ဒီဘွဲ့ထူးကြီးကလည်း သားသမီးတို့ တပည့်တို့ကသာ ပေးနိုင်တာ။ သားသမီးဆိုတာမရှိရင် မိဘ မဖြစ်နိုင်တဲ့အတွက် အနန္တဂိုဏ်းဝင်မဖြစ်နိုင်ဘူး။ တပည့်မရှိရင် ဆရာမဖြစ်နိုင်လို့ အာစရိယဂုဏော အနန္တောဆိုတဲ့ ဘွဲ့လည်း မရနိုင်ဘူး။ သားသမီးတွေ၊ တပည့်တွေက လေးလေးစားစား မြတ်မြတ်နိုးနိုးနဲ့ အနန္တ ဘွဲ့ထူးကြီးကို ပေးအပ်ချီးမြှင့်ထားပါလျက်နဲ့ ကိုယ်က နွားကျောင်းသားဘွဲ့ကို သွားမယူကြပါနဲ့' လို့ ပြောလိုတာ ဖြစ်ကြောင်း ရှင်းပြလိုက်ရတယ်။

မုနိကုမာရကတော့ သူ့ကျောင်းမှာ သူကစပြီး တခြား အုပ်ချုပ်သူ၊ သင်ကြားပေးသူ အားလုံးဟာ အနန္တဘွဲ့ကြီးကို မျှော်မှန်းငဲ့ကွက်လို့ မဟုတ်ဘဲ ပင်ကိုစိတ်ရင်းအရ လူကျောင်းသား များသာ ဖြစ်တယ်။ ထိန်းကျောင်းသူဆိုတဲ့အတိုင်း မလုပ်သင့်တာ များကို ထိန်းပြီး စောင့်ရှောက်ဆုံးမ ပေးသလို လုပ်သင့်တာများ ကိုလည်း စာသင်ချိန်၊ ကစားချိန်၊ နားချိန် ညီမျှအောင် 'ကျောင်း' ပေးတယ်ဆိုတဲ့ အကြောင်း ရှင်းပြပါတယ်။

ဒီနှစ် မေလလောက်တုန်းက 'မြတ်ဗုဒ္ဓရဲ့ တစ်သက်တာ လုပ်ဆောင်ချက်များထဲက လူမျိုးဘာသာမရွေး အလေးထား အားကျစရာ အချက်အလက်များ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ရွေးချယ်ထုတ်နုတ်ပြဖို့အတွက် ညှိနှိုင်းတိုင်ပင်ကြဖို့ တောင်တွင်းကြီး နတ်မှီတောရ

http://www.dhammadownload.com



က နောင်တော်ကြီးရယ် မိမိတို့အားလုံး ရန်ကုန်မှာ ဆုံကြဖို့ သတ်မှတ်လိုက်ကြပါတယ်။

မုနိကုမာရက သတ်မှတ်ရက်ထက် နှစ်ရက် နောက်ကျပြီးမှ ရောက်လာတယ်။ ရောက်လာတော့ သူ့မှာ အရေးပေါ် လုပ်စရာကလေး မပြီးတတ်လို့ နောက်ကျကြောင်းနဲ့ ဖုန်းဆက်ပေမယ့်လည်း ဆက်သွယ်မရကြောင်း တောင်းပန်ပါတယ်။ မိမိတို့ကတော့ 'ဒီကိစ္စတွေ အားလုံးက မြန်မာဆန်မှုတစ်ခု သာဖြစ်လို့ ဘာမှအထွေအထူး တောင်းပန်မနေပါနဲ့။ အရေးပေါ် လုပ်စရာဆိုတာ ဘယ်လိုကိစ္စလဲဆိုတာ ပြောပါ' ဆိုတော့မှ . . .

သူ့ကျောင်းမှာ ကျောင်းသားဦးရေက အဆမတန် တိုးလာနေတယ်။ သင်ပေးရတာက ဘာမှ မဆန်းပေမယ့် ကျောင်းသားနေစရာ စာသင်ခန်းအဆောက်အဦကို မရှိဘူး ဖြစ်နေတယ်။ ဒါကြောင့် လာမယ့်စာသင်နှစ်အတွက် ကျောင်းဝင်ခွင့် စာမေးပွဲလုပ်နေရတာ။ ရတဲ့အမှတ်အတိုင်း အထက်အောက်စဉ်ပြီး ပိုတဲ့ကျောင်းသား ၇၀ ကျော်လောက် ကိုတော့ ဘာမှ မတတ်နိုင်တဲ့အတွက် လက်မခံနိုင်ဘူး ဆိုပြီး ဖယ်ထုတ်လိုက်ရမှာပဲဆိုပြီး သူ့မှာကြုံရတဲ့ အခက်အခဲများကို ရှင်းပြပါတယ်။

မိမိက ပညာပါရမီ ဖြည့်တယ်၊ ပညာသင်ကြားပေးတယ်ဆိုတဲ့ ဆရာသမားများရဲ့ ကရုဏာဆိုတာ တော်ချင်တတ်ချင်တဲ့ ဆန္ဒရှိသူတွေကို ဖြည့်ဆည်းပေးရမှာလား။ တော်ပြီး တတ်ပြီးသားလူတွေကို ဖြည့်ဆည်းပေးရမှာလား၊ ဒါတော့ ကွဲပြားဖို့ လိုမယ်၊ အခုလုပ်တဲ့ စာမေးပွဲက 'ကံဆိုးသူ မောင်ရှင်ရွေးပွဲ' မဲနှိုက်တဲ့ ပုံစံမျိုးဖြစ်နေတယ်။

http://www.dhammadownload.com



တော်ချင် တတ်ချင်ကြပေမယ့် မတော်သေး မတတ်သေး သူများကို ရွေးပြီး ဖယ်ရှားတယ်ဆိုတာ ဟိုဇာတ်ထဲမှာလိုပေါ့။ တစ်ပြားမှ မရှိပါဘူးခင်ဗျား ဆိုသူကို ဆင်းရဲဦးဟ၊ ဆင်းရဲဦးဟ ဆိုပြီး ဖိထောင်းသလို ဖြစ်မနေပေဘူးလား။ ဒါ အလေးအနက် စဉ်းစားကြရမယ်ဆိုတဲ့အကြောင်း ပြောပြီး ဒီစီမံကိန်းကို ကန့်ကွက် ပါတယ်။

ပြီးတော့မှ အခုဖယ်ရှားရမယ်ဆိုတဲ့ ကလေး ၇၀ ကျော် အတွက် စာသင်ခန်းကို အနည်းဆုံး ဒေသထွက် ဝါးနဲ့ ထရံနဲ့ တစ်နှစ်ခံလောက် ယာယီတဲကြီးတစ်လုံး ထိုးရင် ဘယ်လောက် ကုန်မလဲဆိုတာ ဆွေးနွေးကြပါတယ်။ ကာလပေါက်ဈေးအရ ဝါးကပ်မိုး၊ ဝါးထရံကာ၊ ပေ ၅၀×၂၀ လောက် ဝါးတိုင် ဝါးတဲကြီး တစ်လုံးဆိုရင်တောင် အနည်းဆုံး ငါးသိန်းခန့်လောက်ရှိမှ ဖြစ်နိုင် မယ်လို့ တွက်ပြကြပါတယ်။

ဒီကိစ္စ ဘယ်လို ဖြေရှင်းကြမလဲဆိုတာ စဉ်းစားရင်း ရှိုင်းဟုပ်မိသားစုက မိမိကို ပစ္စည်းတစ်ခု လှူဒါန်းမယ်လို့ လျှောက် ထားခဲ့တာ ပြေးပြီး သတိရလိုက်တယ်။ ဒီပစ္စည်း စာဝါပို့ချက်၊ ဟောပြောချက်တွေကို ရှစ်နာရီလောက်အထိ အသံကောင်း ရုပ်ပါ မှတ်တမ်းတင်ထားနိုင်တဲ့ ပစ္စည်းလို့ ဆိုတယ်။ ဩစတြေးလျမှာက ဒေါ်လာလေးရာခန့်လို့ ပြောတယ်။ ကျွမ်းကျင်သူများ အဆိုအရ ဒီပစ္စည်းမျိုးတွေဟာ ထိုင်းနဲ့ စက်ာပူမှာ အနည်းဆုံး နှစ်ဆယ် ရာခိုင်နှုန်းလောက် သက်သာတယ်လို့ သိရတဲ့အတွက် နောက်အလို ရှိမှ အလှူခံတော့မယ်။ အခုတော့ လမ်းမှာ ယူရတာလည်း ရှုပ်တယ်။ ဈေးလည်း အဆမတန်ကြီးလွန်းတယ်ဆိုပြီး ဆိုင်းထားခဲ့တာ။

http://www.dhammadownload.com



အခု ကျောင်းသား ၇၀ အတွက် စာသင်ဆောင် ဝါးတဲ ဆောက်ဖို့ စဉ်းစားတဲ့အခါ အဲဒါကို သတိရလိုက်မိသလို ငယ်ငယ် တုန်းက မြင်ခဲ့တဲ့ မြင်ကွင်းနဲ့ အဲဒီတုန်းက ဖြစ်ပေါ်ခဲ့ဖူးတဲ့ စိတ်ကူး ကလေးတွေကိုလည်း သတိရလိုက်မိပါတယ်။ ကိုယ့်အတွက် အလှ အပတစ်ခုဟာ သူ့အတွက် ဘဝတစ်ခု ဖြစ်သွားနိုင်မယ်ဆိုရင် ဘာလို့များ မစွန့်နိုင်ရမှာလဲ' ဆိုတဲ့ အတွေးလေးတွေပေါ့။

တိုတိုချုပ်ပြောရမယ်ဆိုရင်တော့ ဒီအကျိုးအကြောင်း ရှိုင်းဟုပ်မိသားစုများကို ပြောပြပြီး မိမိအတွက် လှူမယ်ဆိုတဲ့ ပစ္စည်းကို မလှူတော့ဘဲ ပညာပါရမီ ကုသိုလ်ဖြစ် လှူလိုက်ကြဖို့ တိုက်တွန်းလိုက်တာပါပဲ။ ရှိုင်းဟုပ် မိသားစုများကလည်း ကျောင်း သားဦးရေက နှစ်စဉ်တိုးနေမှာဖြစ်တဲ့အတွက် ယာယီသဘောမျိုး ဝါးတဲ မဆောက်ပါနဲ့။ အခိုင်အမာ ကျောင်းဆောင်တစ်ခုသာ ဆောက်ပါ။ သူတို့ကလည်း ထပ်ဖြည့်လှူဒါန်းပါမယ်ဆိုပြီး သိန်း ၄၀ မ,တည် လှူဒါန်းလိုက်တဲ့ အတွက် ၅၄ ပေ၊ ၂၆ ပေနှစ်ထပ် အုတ်နံရံ ကပ်ကျောင်းဆောင်တစ်ခု တည်ဆောက် ဖြစ်လိုက်တယ်။

ဒီအကြောင်းကြားကြတော့ မိမိရေးတဲ့ 'အနန္တကို မှန်းဆ ခြင်း' စတဲ့ စာအုပ်ကလေးတွေကို ဓမ္မဒါနပြုဖို့ ရိုက်နှိပ်ပေးနေတဲ့ နယူးဒေး ဂရပ်ဖစ်ဒီဇိုင်းနဲ့ ကာလာခွဲ လုပ်ငန်း မောင်နှမ မိသားစု လေးစုတို့ကလည်း စုပေါင်းပြီး ခေါင်မိုးပိုင်း (ဒိုင်း၊ မြား၊ အခြင်ရ နယ်၊ သွပ်မိုး)အတွက် ကျပ် ၂၅ သိန်းလောက် တာဝန်ယူ လှူဒါန်း ကြပါတယ်။

ဘာပဲဖြစ်ဖြစ် အုတ်နံရံကပ်တာ၊ ပြတင်းနဲ့ တံခါး တပ်ဆင် တာ၊ အပေါ်ထပ် ကြမ်းခင်းတာတွေ မပြည့်စုံသေးပေမယ့် ဝါးထရံ

http://www.dhammadownload.com




ယာယီကာပြီး အောက်ထပ် အုတ်ခုံပေါ်မှာ စာသင်ခုံချပြီး စာသင်ပေးနိုင်တဲ့ စာသင်ကျောင်းဆောင်ကလေးတစ်ခု ပေါ်ပေါက်လာတဲ့အတွက် ကလေးတွေ အားလုံး ဝမ်းသာသွားကြလို့ ကိုယ့်အတွက် တစ်ခဏ အလှုကလေးဟာ သူတို့အတွက် ဘဝကော အလှုပါထာဝရ ရရှိသွားသလို ခံစားလိုက်ရပါတယ်။

အလင်းတန်းဂျာနယ်

*[ အမှတ်(၄၆၆)၊ ဩဂုတ်(၆)၊ တနင်္လာ၊ ၂၀၀၇ ]*

❑

http://www.dhammadownload.com



# ဘာဖြစ်ချင်သလဲ၊ ဘာလုပ်နေသလဲ

'လောကမှာ ဖြစ်သလို နေနေကြရင်တော့ နေသလိုပဲ ဖြစ်နေကြရလိမ့်မယ်'

(တောင်ကြီး၊ သိမ်တောင်ပရိယတ္တိတိုက်၊ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဆန္ဒာဓိက)

ကျေးဇူးရှင် တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိ စာသင်တိုက်၊ ပဓာနနာယက အဘိဓဇ

http://www.dhammadownload.com



အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဆန္ဒာဓိက ဆရာတော်ဘုရားကြီးက အခုလာမယ့် ၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့ဆိုရင် သက်တော် ၉၃ နှစ် ပြည့်တော့ မှာဖြစ်ပါတယ်။

မိမိက ဆရာတော်ကြီး ခြေတော်ရင်းမှာ အနှစ် ၂၀ ကျော် စာဝါပို့ချရင်း စာချဘုန်းကြီးဖြစ်ခဲ့သလို အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ) ကလည်း ဆရာတော်ကြီးထံမှာ နေသွားခဲ့ဖူးတာဖြစ်လို့ တပည့်ရင်း တစ်ပါးပဲ ဖြစ်ပါတယ်။

လာမယ့် ၉၃ နှစ်ပြည့်မွေးနေ့ ဝိဇာတမင်္ဂလာပွဲမှာတော့ ဆရာတော်ကြီးက သူ့ကို တပည့်များက ဓမ္မပူဇာနဲ့ ပူဇော်စေလိုတဲ့ သဘော မိန့်ကြားတယ်လို့ တပည့်ရှင်နေမိန္ဒက ဖုန်းဆက်ပြီး ပြောလို့ ညီတော်များနဲ့ တိုင်ပင်ကြပါတယ်။ ရဝေနွယ်ကလည်း တပည့်ရင်းဖြစ်လို့ ဘာမှအထူးပြောစရာ မလိုအပ်သလို ညီတော် အရှင်ဆေကိန္ဒ ကလည်း မိမိတို့ ဆရာများကို သူ့ရဲ့ ဆရာသမားအရင်းလို ခံယူ လေးစားရင်း ရှိတဲ့အတွက် ဘာမှ ထွေထွေထူးထူး မပြောရပါဘူး။ ဆရာတော်ကြီးရဲ့ ဆန္ဒကိုပြောပြလိုက်တာနဲ့ပဲ 'ဒါက တရားဟောပင့်လို့ သွားရမှာမှ မဟုတ်ဘဲ၊ ဆရာသမားမွေးနေ့ကို တရားနဲ့ ပူဇော်ဖို့ သွားကြရမှာ၊ မအားဘူး၊ အားတယ်ဆိုတာတွေ လုပ်နေလို့ မရဘူး၊ သွားကို သွားကြရမယ့်ကိစ္စပဲ၊ အဆင်ပြေသလိုသာ စီစဉ် သတ်မှတ်ပါဘုရား' လို့ပဲ ပြန်ကြားပါတယ်။

ဒါနဲ့ ဒီနှစ်သီတင်းကျွတ်လဆန်း ၉၊ ၁၀၊ ၁၁ ရက်များမှာ ဓမ္မပူဇာတရားပွဲ သတ်မှတ်လိုက်ကြပါတယ်။ မိမိ စီစဉ်ရတဲ့ တရားပွဲတွေမှာ အရှင်ဆေကိန္ဒပါဝင်ရင် သူ့ကို နောက်ဆုံးမှာ ထားလေ့ရှိတယ်။ သူက သူ့အရင်ဟောကြားသွားတဲ့ ညီတော်၊ နောင်တော်တွေ

http://www.dhammadownload.com



ဟောကြားသွားခဲ့တာကို လေ့လာမေးမြန်းပြီး ရှေ့နောက်ဆီလျော် ဆက်စပ်မိအောင် ဟောနိုင်စွမ်းရှိတာလည်း တစ်ကြောင်း၊ မိမိက တော့ တစ်ခါတလေ အကြောင်းတစ်ခုခုကြောင့် ဟောနေတဲ့ အကြောင်းအရာ မပြည့်မစုံဖြစ်နေတဲ့အခါမျိုးမှာ 'ညီတော်မောင် ဖြည့်စွက် အဆုံးသတ်ပေးလိမ့်မယ်'လို့ ညွှန်းခဲ့ရတာမျိုးလည်း ကြုံတတ်လို့ အခုပွဲမှာလည်း မိမိက ရှေ့ဆုံးရက်မှာ တာဝန်ယူပြီး ရဝေနွယ်က အလယ်ည၊ ညီတော် မောင်က နောက်ဆုံး ညအဖြစ် သတ်မှတ်လိုက်ပါတယ်။

*　　*　　*

ဆရာတော်ဘုရားကြီးရဲ့ ဝိဇာတမင်္ဂလာဓမ္မပူဇာသဘင် နှီးဆော်လွှာရိုက်နှိပ်ဖို့အတွက် လိုအပ်တဲ့ ဓာတ်ပုံနဲ့ အချက်အလက် များ ရန်ကုန်နယူးဒေးကို ပို့လိုက်ပါပြီ။ လိုအပ်သလို စိစစ်ပေးပါလို့ ဖုန်းဆက်တဲ့အတွက် စစ်ဆေးကြည့်တဲ့အခါ ကျောဘက်မှာ ဆရာ တော်ဘုရားကြီးရဲ့ ဩဝါဒ စကားပိုဒ်တစ်ခုလောက် ထည့်ဖို့လိုအပ် နေတယ်ဆိုတာ သတိပြုမိလိုက်ပါတယ်။ အတူနေခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်အတွင်းမှာ မှတ်သားခဲ့ရတဲ့ ဩဝါဒတွေကို သတိရနေ သေးပေမယ့် သက်တော်ကြီးရင့်ချိန်မှာ မြွက်ကြားတဲ့ ဩဝါဒစကား ဖြစ်စေချင်တဲ့အတွက် ဒီနှစ်ဝါဆိုဦး ဩဝါဒပေးချိန်ကို စောင့်မျှော် နေမိပါတယ်။

ဝါဆိုပြီးတဲ့ ညပိုင်းမှာတော့ ဆရာတော်ကြီး ကျန်းကျန်း မာမာနဲ့ ဒကာ၊ ဒကာမတွေကိုလည်း တရားဟော ရေစက်ချ ကိုယ်တိုင် လုပ်ပေးသလို သံဃာတော်များကိုလည်း ဩဝါဒစကား ပြောကြားပါတယ်ဆိုတဲ့ သတင်းကောင်းကို တပည့် ရှင်နေမိန္ဒက

http://www.dhammadownload.com



ဖုန်းဆက်ပါတယ်။ 'ဘာတွေများ ထူးထူးခြားခြားမိန့်သလဲဆိုတော့' အဓိက ကတော့ သံဃာတော်များဟာ ဒကာ၊ ဒကာမတွေ လှူဒါန်းတဲ့ ပစ္စည်းလေးပါးကို သုံးစွဲနေကြတာ ဖြစ်တဲ့အတွက် ကိုယ့်ဘက်ကလည်း တာဝန်ကျေအောင် ကြိုးစားရမယ်။ သူလို ကိုယ်လိုထက်သာဖို့ ဆိုတာ အလိမ္မာတွေ၊ ပညာတွေ၊ ဖွံ့လုံ့လတွေ သာလွန်အောင် ကြိုးစားနိုင်မှ တန်ကာကျမယ်၊ ကိုယ် ဖြစ်ချင်တဲ့ ရည်မှန်းချက်ကို အခိုင်အမာ ချမှတ်ထားပြီး၊ ရည်မှန်းတဲ့အတိုင်း ပြီးမြောက်အောင် ကြိုးစားကြရမယ်။ ဖြစ်ကတတ်ဆန်းနဲ့ ဖြစ်သလိုနေနေကြရင်တော့ နေသလိုပဲ ဖြစ်နေကြမှာပဲ ဆိုတဲ့ အကြောင်း ဆုံးမသွားပါတယ်တဲ့။

ဆရာတော်ကြီးရဲ့ ဩဝါဒကို ကြားလိုက်ရတဲ့အခါ 'မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိ စုံကန်း၊ လူဖြစ်ဆန်းမျှ (လူလို့ဆိုရရုံ ဖြစ်ကတတ်ဆန်းမျှ) ပေါက်ပန်းပမာ၊ မှတ်ဖို့ရာ၏'ဆိုတဲ့ လင်္ကာလေးကို သတိ ရစရာပါ။

ပစ္စည်းလေးပါးနဲ့ပတ်သက်လို့တော့ ဆရာတော်ကြီးက အကြောင်းတိုက်ဆိုင်တိုင်း ခဏခဏ သတိပေးပါတယ်။ 'လူတွေဝယ်သုံးတဲ့ ပစ္စည်းက တန်ရာတန်ဖိုး လက်ငင်းပေးဝယ်ကြတာ ဖြစ်လို့ ကိုယ့်လက်ထဲရောက်ပြီးရင် ကြိုက်သလို သုံး၊ နောက်ဆက်တွဲဘာမှ တာဝန်မရှိဘူး။ သံဃာတွေ သုံးနေရတဲ့ ပစ္စည်းလေးပါးဆိုတာ လှူတဲ့သူက နိဗ္ဗာန ပစ္စယောအဖြစ်နဲ့ လှူထားတာဖြစ်လို့ ကိုယ်က တန်အောင် ကျင့်နိုင်မှ။ အလကားရတဲ့ပစ္စည်းဆိုတာ ငွေကြေးနဲ့ဝယ်ရတဲ့ ပစ္စည်းထက် တန်ဖိုးကြီးတယ်။ သူတို့က 'ဒက္ခိဏာ'လို့ခေါ်တဲ့ အမြင့်မြတ်ဆုံး နိဗ္ဗာန်ကို ရည်မှန်းလှူဒါန်းတာ

http://www.dhammadownload.com



ဖြစ်တဲ့အတိုင်း သုံးစွဲတဲ့ ပုဂ္ဂိုလ်ကလည်း 'ဒက္ခိဏေယျ' ဖြစ်အောင် ရည်မှန်းလုပ်ဆောင်ရမယ့် နောက်ဆက်တွဲ တာဝန်တွေက အလှူပေး အလှူခံ နှစ်ဦး နှစ်ဖက်လုံးအတွက် အလွန် တန်ဖိုးကြီးတယ်။ သုံးစွဲကြတဲ့ သံဃာတော်များအနေနဲ့ သူတို့ ရည်မှန်းတဲ့အတိုင်း ကျင့်သုံးစရာတွေ၊ တာဝန်တွေ ပိုလာပြီ၊ ဒီတာဝန်တွေ မကျေဘဲ ဒီပစ္စည်းတွေကို ရတိုင်း စားနေ၊ ဝတ်နေမယ်ဆိုရင် မီးလျှံ ရဲရဲညီးတဲ့ သံပြားနဲ့ ကိုယ်ကို ရစ်ပတ်တာ၊ သံရည် ပူသွက်သွက်ကို သောက်မျိုရတာက တစ်ဘဝပဲ သေမယ်။ ဒကာ၊ ဒကာမ လှူတဲ့ ပစ္စည်းလေးပါးတွေကို အဆင်ခြင်မဲ့၊ တာဝန်မဲ့ သုံးစွဲတယ်ဆိုတာ သံသရာ အဆက်ဆက် သေရမှာ။ သိပ်ကို အတိုးကြီးတယ်။ ဒါကြောင့် ဘယ်သူမှ ကြွေးတင်မခံကြနဲ့။ သာသနာ ပြဟ္မစရိယ၊ မဂ္ဂပြဟ္မစရိယဆိုတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မှ ပစ္စည်းလေးပါး တန်ဖိုး လက်ငင်းပေးချေရာ ကျမယ်။ ကြီးစားကြ' ဆိုတဲ့သဘောမျိုး ဝါဆိုဦးတိုင်းလိုလို ဆုံးမနေကျပါ။

အခုမှ အသစ်ကြားနာလိုက်ရတဲ့ ဩဝါဒကတော့ 'ဖြစ်သလို နေနေကြရင်တော့ နေသလိုပဲ ဖြစ်နေကြရလိမ့်မယ်' ဆိုတာပါပဲ။ တခြားသူတွေအတွက်တော့ မပြောတတ်ဘူး။ မိမိအတွက်တော့ ဒီစကား ကြားရတာဟာ ပျောက်ဆုံးနေတဲ့၊ ဒါမှမဟုတ် အချိန်တော်တော်ကြာကြာ လိုက်ရှာနေတဲ့ အဖိုးတန်ရတနာ တစ်ခု မမျှော်လင့်ဘဲ တွေ့လိုက်ရသလို အံ့ဩဝမ်းသာ ဖြစ်သွားပါတယ်။ အံ့ဩတာကတော့ သက်တော်ကြီးမထေရ်မြတ်ကြီး တစ်ပါးက ဒီလောက် ထက်မြက်စူးရှတဲ့ ဒဿနတစ်ခုကို အတိုဆုံး၊

http://www.dhammadownload.com



အရှင်းဆုံးနဲ့ လိုရင်းအကျဆုံး ထုတ်ပြပြောဆိုလိုက်လို့ပါ။ ဒီစကား ဟာ ဆရာတော်အနေနဲ့ ဘဝနဲ့ရင်းပြီး ရထားတဲ့ ဒဿနစကား တစ်ရပ်ဖြစ်တယ်ဆိုတာ မိမိတို့အနေနဲ့တော့ ဆရာတော်ရဲ့ ဘဝ တစ်စိတ်တစ်ပိုင်းကို သိထားပြီး ဖြစ်လို့ သဘောပေါက်လိုက်ပါတယ်။

ဟုတ်ပါတယ်။ ဆရာတော်ကြီးဟာ (၁၀) ဝါကျော်ကျော် အရွယ်မှာပဲ အခု သိမ်တောင်ကျောင်းတိုက်ကြီးကို တည်ထောင် အုပ်ချုပ်ရတဲ့ နာယကအဖြစ် တာဝန်ယူရတော့ ပထမကြီးတန်းပဲ အောင်မြင်ပါသေးတယ်။ တပည့်တွေကလည်း အငယ်တန်း၊ အလတ်တန်းကနေ ပထမကြီးတန်း ရောက်လာတော့မယ်ဆိုတဲ့ အခါ ဆရာတော် အလေးအနက် စဉ်းစားပါသတဲ့။ 'ငါဟာ ဒီအတိုင်း နေနေရင် ဒီအတိုင်းပဲ ဖြစ်နေမှာပဲ။ စာသင်တိုက်ကြီး တစ်ခုရယ်လို့ တည်ထောင် အုပ်ချုပ်နေပြီး ဓမ္မာစရိယဘွဲ့ လောက်မှ မရဘူးဆိုတာကလည်း တပည့်သားမြေး လေးစားဂုဏ်ယူ လောက်စရာ မဟုတ်ဘူး။ ငါဓမ္မာစရိယစာမေးပွဲ အောင်အောင် ဖြေမယ်။ ရည်မှန်းချက်အောင်မြင် ပြီးမြောက်ဖို့ဆိုတာ အောင်မြင် လောက်တဲ့ နေရာ (ပတိရူပဒေသဝါသ)၊ အောင်မြင်အောင် ကူညီ သင်ပြနိုင်တဲ့ ဆရာသမား(သပ္ပုရိသူပနိဿယ) ကို ပထမဆုံး ရှာ ရမယ်'လို့ စဉ်းစားဆုံးဖြတ်ပြီး ကျောင်းတိုက်ကို တပည့်များနဲ့ လွှဲခဲ့ကာ ရန်ကုန်အလယ်တောရကျောင်းတိုက်ကို သွားခဲ့ပါသတဲ့။ အဲဒါ ရဟန်း ၁၅ ဝါရပြီးတဲ့ ၁၃၁၃ ခုနှစ်က ဖြစ်ပါတယ်။

ရန်ကုန်ရောက်တဲ့အခါ ဆရာတော်က 'ငါ့မှာ ပတိရူပ ဒေသဝါသနဲ့ သပ္ပုရိသူပနိဿယလည်း ပြည့်စုံပြီ။ 'ပုဗ္ဗေကတ ပုညတာ' ဆိုတာလည်း ဘာမှယုံမှား သံသယဖြစ်စရာမလိုဘူး။

http://www.dhammadownload.com



အဲဒီတော့ ငါ့ရည်မှန်းချက်အောင်မြင်ဖို့အတွက် ငါ့မှာ အဓိက လိုအပ်ချက်ဆိုလို့ 'အတ္တသမ္မာပဏိဓိ' တစ်ခုပဲ လိုတော့တယ်။ ငါဟာ စာသင်တိုက်တစ်ခုကို ဦးစီးရတဲ့ နာယကတစ်ပါးဖြစ်နေပြီ။ သာမန် စာသင်သားလည်း မဟုတ်ဘူး။ ငါစာမေးပွဲ လုံးဝကျလို့မဖြစ်ဘူး။ အဓိကကိုပဲ အဓိက ထားမယ်၊ တခြား ဘာမှစိတ်မဝင်စားဘူးဆိုပြီး မိမိကိုယ်ကို ဆောက်တည်ကြိုးစားခဲ့တာ။ အဲဒီ နှစ်တစ်နှစ်တည်းနဲ့ပဲ ဓမ္မာစရိယ စာမေးပွဲကို ကျမ်းရင်း၊ သုံးကျမ်း၊ ဂုဏ်ထူးသုံးကျမ်းနဲ့ ပေါင်း (၆)ကျမ်းလုံး အောင်မြင်တော်မူခဲ့တာပါ။ စာမေးပွဲ အောင် တော့ သက်တော် ၃၆ နှစ်၊ သိက္ခာ ၁၆ ဝါ ရပါပြီ။ ဒါကြောင့် ဆရာတော်ကြီးရဲ့ 'ဖြစ်သလို နေကြရင်တော့ နေသလိုပဲ ဖြစ်နေ ကြလိမ့်မယ်' ဆိုတဲ့ ဒဿနဟာ ဘဝနဲ့ ရင်းပြီးရထားတဲ့ ဒဿန တစ်ခု ဖြစ်တယ်လို့ ဆိုလိုက်တာပါ။

မိမိအနေနဲ့တော့ ဒီစကား ကြားလိုက်ရတာဟာ အဖိုးတန် ရတနာတစ်ခုကို မမျှော်လင့်ဘဲ ရရှိလိုက်သလို ဝမ်းသာသွားရတယ် လို့ ဆိုတာကလည်း ကိုယ်တွေ့ဖြစ်ရပ်များနဲ့ တိုက်ဆိုင်လာတဲ့ အတွက် တကယ်ပဲ ခံစားလိုက်ရပါတယ်။

မိမိရဲ့ တပည့်များ အပါအဝင် မိမိနဲ့ ရင်းနှီးနေကြသူတွေ တော်တော်လေးတော့ များပါတယ်။ သူတို့နဲ့ အတော်ကြာ ကွဲကွာ နေခဲ့ရာက အခုပြန်လည်ဆုံတွေ့ရတဲ့အခါ အတော်လေးတော့ ပြောင်ပြောင်ရောင်ရောင် ဖြစ်နေကြတယ်။ ဘာတွေ လုပ်ကိုင်နေကြ သလဲလို့ မေးမိတဲ့အခါမှာတော့ ပြောရမှာ လိပ်ပြာမသန့်ကြသလိုလို ခပ်အင်အင်နဲ့။ ပြီးတော့မှ 'ဘာရယ်လို့တော့ မဟုတ်ဘူးပေါ့ ဘုရား။ လောကအလျောက်ဆိုတော့လည်း ဒီလိုပဲပေါ့။ လုပ်သလိုမဖြစ်တော့

http://www.dhammadownload.com



ဖြစ်သလို လုပ်ကြရတာပေါ့'ဘာညာနဲ့ ဖြီးဖြန်းဝေ့ဝိုက်လုပ်ပြီး နောက်ဆုံးတော့ အရင်က သူတို့ အာဘောင်အာရင်းသန်သန်နဲ့ ပြောဆို ရှုတ်ချခဲ့တဲ့ အလုပ်မျိုးကို အရင်ကကြည့်လို့ကို မရပါဘူး ဆိုတဲ့ လူတွေနဲ့ပဲ တွဲပြီး လုပ်ကိုင်ကြရင်း အထိုက်အလျှောက်စား ပေါက် ချောင်နေကြတယ်ဆိုတာကို မလွဲသာမရှောင်သာ ဝန်ခံ ပြောကြတယ်။

သူတို့ပြောတဲ့ စကားထဲက 'ဘာရယ်လို့ မဟုတ်ပါဘူး' ဆိုတာရယ်။ 'လုပ်သလိုမဖြစ်တော့ ဖြစ်သလို လုပ်ရတာပဲ'ဆိုတဲ့ ဆင်ခြေစကားရယ်ကို မိမိအနေနဲ့ ဘယ်လိုမှ ဘဝင်မကျဘူး။ ဘဝင်မကျလို့လည်း '**အေးကွာ .. မင်းတို့ကတော့ ဒီလက် တစ်စုံနဲ့ သံပုံးတီးလိုက်၊ လက်ခုပ်တီးလိုက်၊ ကန်ထွက်လိုက်၊ ပြန်ဖက်လိုက်နဲ့ အတော်လည်း တတ်နိုင်တဲ့ မျောက်လွှဲကျော် တွေပဲ**' ဘာညာနဲ့သာ ဆူပူမြည်တမ်းလိုက်ရတယ်။ ထိထိရောက် ရောက် မှတ်လောက်သားလောက် စကားလုံးနဲ့ မပြောဆို မဆုံးမ နိုင်ခဲ့ဘူး။

အခု ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကို ကြားလိုက်ရ တော့မှ စိတ်ထဲမှာ ရှင်းခနဲ အလင်းရောင်တစ်ခု ပေါ်လာခဲ့သလို ကိုယ့်နဖူး ကိုယ်လက်ဝါးနဲ့ ရိုက်ပြီး (ဟို .. တရုတ်ဇာတ်ကားများ ထဲကလို) 'ကျွန်တော်မျိုးကြီး သေသင့်ပါတယ်'လို့တောင် အော်လိုက် ချင်သလိုလို ဖြစ်သွားတယ်။

ဟုတ်တယ်။ 'သဗ္ဗေသတ္တာ ကမ္မဿကတာ = သတ္တဝါတွေ ဟာ မိမိတို့ပြုလုပ်ထားတဲ့ ကံအတိုင်းပဲ ကောင်းကျိုး ဆိုးပြစ်တွေကို စံကြ၊ ခံကြရတယ်'ဆိုတာ ခဏခဏ ပြောဖြစ်ခဲ့ကြရက်နဲ့ ဆရာတော်

http://www.dhammadownload.com



ကြီးလို တိကျ ထိမိတဲ့ ကောက်ချက်မျိုး မချနိုင်ခဲ့မိဘူး။

**'ဖြစ်သလို နေနေကြရင် နေသလိုပဲ ဖြစ်နေကြရမယ်' တဲ့။**

လက်ရှိ ဖြစ်ပေါ်ကြုံတွေ့နေရတဲ့ အခြေအနေ အရပ်ရပ် အပေါ်မှာ ကျေနပ်နှစ်သက်မှု မရှိဘူးဆိုရင် ကိုယ် ဘယ်လို အခြေအနေမျိုးကို မျှော်မှန်းသလဲ၊ ကိုယ်ဖြစ်ချင်တဲ့ ရည်မှန်းချက် ပန်းတိုင်တစ်ခုကို အတိအကျချမှတ်ပါ။ ပြီးရင် ရည်မှန်းချက် ပြီးမြောက်ဖို့ဆိုတာ လုပ်ဆောင်ချက်များနဲ့ အကောင်အထည်ဖော်ကြရမှာဖြစ်လို့ ဖြစ်ကတတ်ဆန်းနဲ့ ဖြစ်သလို နေနေလို့မရဘူး။ ဖြစ်ချင်တာနဲ့ ကိုက်ညီ အောင် ကြိုးစားအားထုတ်နေရမယ်။ ဒီလို မကြိုးစားဘဲ 'ဘာရယ်လို့ မဟုတ်ပါဘူး'တို့၊ 'လုပ်သလိုမဖြစ်လို့ ဖြစ်သလို လုပ်နေပါတယ်'တို့နဲ့ လုပ်နေကြမယ်ဆိုရင်တော့ ခုလုပ်နေကြရတဲ့ အခြေအနေထက် ဘာမှ တိုးတက် ပြောင်းလဲလာမှာ မဟုတ်ဘူး။ ဖြစ်သလို လုပ်သမျှ လုပ်သလို အတိုင်းသာ ဖြစ်နေကြရမယ်လို့ ဆရာတော်ကြီးက သတိပေးထောက်ပြလိုက်တာပါ။

' လုပ်ပိုင်ခွင့် (ကမ္မ)နဲ့ ခံစားခွင့် (ကမ္မဖလ) ဆိုတဲ့ သတ္တဝါတို့ရဲ့ အခြေခံအခွင့်အရေးနှစ်ခုရှိတဲ့ အထဲမှာ လုပ်ပိုင်ခွင့် (ကမ္မ)ကို ပရမ်းပတာ အသုံးချနေကြသမျှ ခံစားခွင့် (ကမ္မဖလ)တွေဟာလည်း ပရမ်းပတာပဲ ကြုံတွေ့ ခံစားနေရဦးမှာပဲ'ဆိုတဲ့ တိပိဋကရေ(ယော)ဆရာတော်ကြီးရဲ့ ဩဝါဒကလည်း ဒါကိုပဲ ညွှန်ပြနေတယ်လို့ ထင်ပါတယ်။

'ဘာဖြစ်ချင်သလဲ၊ ဘာလုပ်ချင်သလဲ။ လုပ်နေကြတဲ့ အတိုင်းသာ ဖြစ်ကြရမှာ။ လက်ရှိအခြေအနေများထက် တိုးတက်ကောင်းမွန်တဲ့ဘဝကို ရည်မှန်းချက် ရှိကြရင်တော့

http://www.dhammadownload.com



လက်ရှိလုပ်ပုံကိုင်ပုံလောက်နဲ့ ဘာမှ ဖြစ်မလာနိုင်ဘူး။ ဖြစ်သလို နေနေကြသမျှ နေသလိုပဲ ဖြစ်နေကြရဦးမယ်'


ဒီအဖိုးတန်ဩဝါဒ အမြုတေကို မြွက်ကြားတော်မူတဲ့ ကျေးဇူးတော်ရှင်၊ သက်တော်ရှည်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိ စာသင်တိုက်၊ ပဓာနနာယက ဆရာတော်ဘုရားကြီး 'ဘဒ္ဒန္တ ဆန္ဒာဓိက'ရဲ့ သက်တော် ၉၃ နှစ်ပြည့် ဝိဇာတ မင်္ဂလာနေ့ အကြိုအဖြစ် ဒီဆောင်းပါးနဲ့ ကန်တော့ ပူဇော်ခြင်းကို ခွင့်ပြုတော်မူပါဘုရား။

အလင်းတန်းဂျာနယ်

*[ အမှတ် ၄၆၈၊ ဩဂုတ် ၂၀၊ ၂၀၀၇ ]*

❑

http://www.dhammadownload.com



# နေရာနဲ့စေတနာ

ကျေးဇူးရှင်သက်တော်ရှည် သိမ်တောင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဆန္ဒာဓိက လွန်တော်မူသွားပြီဖြစ်လို့ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်မှာ ပြီးခဲ့တဲ့ သီတင်းကျွတ်လကွယ်နေ့ (၂၈. ၁၀. ၂၀၀၈) က နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ ကထိန်အလှူ

http://www.dhammadownload.com



ပွဲတော်နှင့်အတူ ပဓာနနာယကနဲ့ တိုက်အုပ်, တိုက်ကြပ်, စာချ ဝန်ဆောင် ဆရာတော်များ တင်မြှောက်ပွဲကို ပြုလုပ်တဲ့အတွက် တပည့်ကြီးတစ်ဦးဖြစ်တဲ့ မိမိလည်း ကျန်ခဲ့တဲ့ ညီတော်များရဲ့ နောင်တော်ကြီး တစ်ဦးအနေနဲ့ ဝမ်းမြောက် စကားပြောကြားအားပေးဖို့ ရောက်ခဲ့ပါတယ်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်လောက်ကတည်းက 'အေးဟေ့ . . ဘယ်သူမဆို အချိန်တန်ရင် သေကြရမှာကတော့ ပြေးမလွတ်တမ်းပဲ၊ အဲ . . ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူတဲ့အခါ ဘာပစ္စည်းတွေ ဘယ်လောက်ကျန်ရစ်တယ်ဆိုတာကို ကြားရတာ အလွန်ရှက်စရာကောင်းသဟ၊ ဒကာ,ဒကာမတွေကိုတော့ လောဘသက္ကာရတွေ အစွဲအလန်း ဥပါဒါန်တွေ ပယ်ဖျောက်ကြဖို့ ဟောပြောနေပြီး ကိုယ့်ကျတော့ သူများလှူထားတဲ့ ပစ္စည်းတွေကို မစွန့်ရက်၊ မလှူရက်ဘဲ စွဲလန်းသိမ်းပိုက်ထားတာတွေ တစ်ပြုံကြီးဆိုတာ လူကြားလို့မတော်ဘူး . . ဟ'လို့ မိန့်ကြားပြီး ဆရာတော် စောင့်ရှောက်ထားရတဲ့ သိမ်တောင်ကျောင်းတိုက်ကြီးကိုလည်း ပရိယတ္တိ သာသနာတော်အကျိုးကို ဆောင်နိုင်စွမ်းရှိတဲ့ တပည့်ကြီးများကို စောင့်ရှောက်အုပ်ချုပ်ဖို့ ကိုယ်တိုင်လက်ရေးမူနဲ့ လွှဲအပ်စာတမ်းရေးပြီး လွှဲအပ်ခဲ့ပါတယ်။

လွန်တော်မမူမီ နှစ်ပတ်လောက်မှာတော့ ကျန်ရှိနေသေးတဲ့ လဟုဘဏ်ပစ္စည်းများကိုလည်း ကိုယ်တိုင်ပဲ 'နိဗ္ဗာနဿ ပစ္စယော ဟောတု' လို့ မြွက်ဆိုပြီး ဝေဖန်ပိုင်းခြား လှူဒါန်းသွားခဲ့ပါတယ်၊ ဒါကြောင့် ဆရာတော်ကြီး လွန်တော်မူတဲ့အခါမှာတော့ ကျောင်းတိုက်ကြီး အပါအဝင် ဘယ်ပစ္စည်းပစ္စယကြောင့်မှ အထူးတလည်

http://www.dhammadownload.com



ဝေဖန် ပြောဆိုစရာ မရှိသလို ကျောင်းတိုက်ကြီးရဲ့ နာယကစသည် တင်မြှောက် ရေးမှာလည်း ဘာမှအထွေအထူး ပြောစရာ မရှိပါဘူး၊ ဆရာတော်ကြီးချမှတ်ခဲ့တဲ့အတိုင်း ဝန်းကျင်သံဃာများနဲ့ ဒကာ, ဒကာမများက ဝိုင်းဝန်း အသိအမှတ် ပြုလိုက်ရတဲ့ပွဲပါပဲ။

အဲဒီပွဲမှာ မိမိကလည်း နောင်တော်ကြီး တစ်ဦးအနေနဲ့ ဗလဝနုပ္ပဒါန (အားပေး)စကား၊ အနုမောဒနာ (ဝမ်းမြောက်) စကားများ ပြောကြားခဲ့ရပါတယ်၊ ပြောခဲ့ဖြစ်တဲ့ စကားအနှစ်ချုပ် ကတော့ . . .

ဒီနေ့အထိ လက်ရှိအဖွဲ့အစည်းတွေထဲမှာ သက်တမ်း အရှည်ကြာဆုံး၊ အဖွဲ့ဝင်ဦးရေ များသလောက် ကျစ်လစ်မှုအရှိဆုံး၊ စည်းကမ်း နည်းလမ်းအားလုံးတိကျ မှန်ကန်ခိုင်မာမှုအရှိဆုံး အဖွဲ့ အစည်းကိုပြပါဆိုရင် မြတ်ဗုဒ္ဓရဲ့ သံဃာ့အဖွဲ့အစည်းဟာ အားလုံး ထက် အသာဆုံး အမြတ်ဆုံး(ဂဏုတ္တမ)ကြီးဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ သံဃာအဖွဲ့အစည်းကြီးဟာ ဘာဖြစ်လို့ ဒီလောက်အထိ သက်တမ်းလည်းရှည်ကြာ၊ အဖွဲ့အစည်းလည်း ခိုင်မာရတာလည်းဆိုတာ အကြောင်းရှာကြည့်မယ်ဆိုရင် ဦးဆောင် ဦးရွက်ပြုခဲ့တဲ့ မြတ်ဗုဒ္ဓကစပြီး တပည့် သာဝကအဆက်ဆက်တို့ဟာ ကိုယ်ကျိုးစွန့် အနစ်နာခံစိတ်၊ တာဝန်သိစိတ်၊ တာဝန်ယူလိုစိတ် များနဲ့ ဆောင်ရွက်ခဲ့လို့ပဲ ဖြစ်ပါတယ်၊ တစ်နည်းပြောရမယ်ဆိုရင် မြတ်ဗုဒ္ဓရဲ့ တပည့်အစဉ်အဆက်တို့ဟာ **နေရာရရေးထက် စေတနာပြရေး** ကို ဦးစားပေး ကျင့်သုံးခဲ့ကြလို့ ဖြစ်တယ်ဆိုတာကို ဗုဒ္ဓဝင်မှတ်တမ်းများမှာ ကြည့်ရင် အထင်အရှားတွေ့နိုင်ပါတယ်။

ဟုတ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ တပည့် သံဃာတွေထဲမှာ

http://www.dhammadownload.com



အဦးဆုံးဖြစ်လို့ သံဃာ့နောင်တော်ကြီးလို့ ခေါ်ဆို သတ်မှတ်ရတဲ့ အရှင်မြတ်ဟာ ပထမဆုံး တရားဦးကို နာယူခွင့်ရပြီး ပထမဆုံး ရဟန်းအဖြစ်ရောက်ခဲ့တဲ့ အရှင်အညာသိကောဏ္ဍညမထေရ်မြတ် ဖြစ်ပါတယ်။ မထေရ်မြတ်ကြီးဟာ ဒီနေရာ ဒီအဆင့်ကို ရရှိဖို့ အတွက် ကမ္ဘာပေါင်း တစ်သိန်းလောက်ပါရမီဖြည့်ပြီး စောင့်ခဲ့ရတာ ဖြစ်ပါတယ်။ နည်းတဲ့ စေတနာ၊ နည်းတဲ့သဒ္ဓါတရား၊ နည်းတဲ့ လုံ့လ မဟုတ်ပါဘူး။ ဒီနေ့ တစ်လစခန်း နှစ်လစခန်းလောက် တရားဝင် ကြရမယ့် အရေးကိုတောင် ကြောက်ရွံ့ နောက်တွန့်နေကြသူများ အနေနဲ့ တွေးတောင် မတွေးဝံ့လောက်အောင် ကြီးမားလွန်းတဲ့ စေတနာ, သဒ္ဓါ, ဇွဲလုံ့လမျိုးဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ပထမဝါဆိုဦးမှာ အရှင်အညာသိကောဏ္ဍညက ရဟန်းအဖြစ်ရောက်ခဲ့တာပါ၊ ပထမဝါကျွတ်ပြီးတဲ့နှစ် တပို့တွဲ လပြည့်လောက်ရောက်တဲ့ အချိန်မှာတော့ မြတ်ဗုဒ္ဓရဲ့ သံဃာအဖွဲ့အစည်းဟာ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ဆိုတဲ့ အဆင့်အတန်းသုံးမျိုးလုံးနဲ့ ပြည့်စုံခဲ့လို့ အင်္ဂါစုံညီတဲ့ သာဝကအဖွဲ့အစည်းအဖြစ် ရောက်ရှိလာပါတယ်။

ဒါကြောင့်လည်း အဲဒီတပို့တွဲလပြည့်နေ့မှာ ပထမဦးဆုံး သာဝက စုံညီအစည်းအဝေး(သာဝကသန္နိပါတ)ကို ညီမူကျင်းပြီး သာသနာကျိုး သည်ပိုးရာမှာ ပါရမီ ဓာတ်ခံနဲ့ စွမ်းရည် အကြီးအငယ်အလိုက် ဘုရားရှင် ကိုယ်တော်တိုင် သုံးသပ်တော်မူပြီး အရှင်သာရိပုတ္တရာကို လက်ျာရံ၊ အရှင်မောဂ္ဂလာန်ကို လက်ဝဲရံအဖြစ် ချီးမြှောက်သတ်မှတ်ပေးခဲ့ပါတယ်။ ကျန်တဲ့သာဝကရဟန်းတော်တွေထဲမှာတော့ အထူးခြားဆုံး (ဧတဒဂ္ဂ)ဘွဲ့နဲ့ ထိုက်တန်တဲ့ သာဝက

http://www.dhammadownload.com



များကို မဟာသာဝကကြီးများအဖြစ် သတ်မှတ်ပြီး ကြွင်းတဲ့ သာဝကများကိုတော့ ပကတိသာဝကများလို့ပဲ ခေါ်ဆိုသတ်မှတ်ကြပါတယ်။

ရှေးနောင်တော့ နောင်တော်ဘုရားရှင်များ လက်ထက်က စပြီး သာသနာတော်ရဲ့ အစဉ်အလာကောင်းတစ်ခု က မြို့ထဲရွာထဲ ဆွမ်းခံကြွခြင်း၊ ဒေသစာရီကြွခြင်း စတဲ့ ခရီးစဉ်များမှာဆိုရင် မြတ်စွာဘုရားရှင်က ရှေ့ဆုံးက ကြွချီပြီး အဲဒီနောက်မှာ ရဟန်း သိက္ခာထေရ်စဉ် ဝါလိုက်တန်းစီပြီး ကြွချီတော်မူကြရပါတယ်။

တရားဟောရာ ညီမူရာမဏ္ဍာပ်မှာ ထိုင်ပြီးနေရာ ယူကြရတော့မယ်ဆိုရင်တော့ ဘုရားရှင်က အလယ်တည့်တည့်မှာ နေရာယူတော်မူပါတယ်၊ အဲဒီနောက် ဘုရားရှင်ရဲ့ လက်ယာဘက်မှာ လက်ျာရံမထေရ်၊ လက်ဝဲလက်မှာ လက်ဝဲရံမထေရ်တို့က နေရာယူကြရပြီး အဲဒီနောက်မှာမှ သိက္ခာအစဉ်အတိုင်း ထေရ်စဉ်ဝါလိုက် နေရာယူထိုင်နေ ညီမူကြရတာပါ။ ဒါကြောင့် ဘုရားရှင်နဲ့ နောက်ပါ သံဃာများအတွက် နေရာထိုင်ခင်း ပြင်ဆင်တဲ့အခါမှာလည်း ဒီအစဉ်အတိုင်းပဲ စီစဉ်ခင်းကျင်းထားကြရမြဲ ဖြစ်ပါတယ်။

အဂ္ဂသာဝကမထေရ်မြတ်နှစ်ပါးတို့ဟာ သာသနာ့စည်းကမ်းအရ နေရာဦးမှာ ထိုင်ကြရသော်လည်း အသက်၊ သိက္ခာ၊ သစ္စာသိမှုကအစ အဘက်ဘက်က ကြီးရင့်တော်မူတဲ့ အရှင်အညာသိကောဏ္ဍညမထေရ်မြတ်ကြီးပေါ်မှာ ရိုသေလေးစားစိတ်ကြီးမားကြတဲ့အတွက် မထေရ်မြတ်ကြီး ရှေ့က နေရာဦးမှာ နေထိုင်ကြရတာကို မဝံ့မရဲနဲ့ ရှက်နိုးအားနာဖြစ်ကြရပါတယ်။

ဒါကို သိတော်မူတဲ့ မထေရ်မြတ်ကြီးက ' ဒီ အဂ္ဂသာဝက

http://www.dhammadownload.com



မထေရ်မြတ်နှစ်ပါးတို့ဟာ နေရာဦးမှာ နေထိုင်ခွင့်ရတဲ့ အဂ္ဂသာဝကများဖြစ်ဖို့ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ကြရတာဖြစ်တယ်။ အခု သူတို့နှစ်ပါးလုံး နေရာဦးမှာ နေထိုင်ကြရတဲ့အခါ ငါ့ကို အကြောင်းပြုပြီး ရှက်နိုး အားနာဖြစ်နေကြပြီ၊ ဒီအရှင်မြတ်များဟာ ပါရမီဖြည့်စဉ်ကာလမှာလည်း ငါတို့ထက် တစ်သင်္ချေတိတိ သာလွန်အောင် ဖြည့်ခဲ့သလို သာသနာတော်အကျိုး သည်ပိုးဆောင်ရွက်နိုင်စွမ်းလည်း ဘုရားရှင်ပြီးလျှင် အစွမ်းနိုင်ဆုံး မထေရ်မြတ်များဖြစ်ပေတယ်၊ သာသနာတော်မှာ ဒီလောက်အကျိုးများအောင် စွမ်းဆောင်ရည်ရှိကြတဲ့ အရှင်မြတ်များ ငါ့ကြောင့် ရှက်နိုးအားနာ မဖြစ်စေရဘဲ ချမ်းသာစွာနေနိုင်အောင် ငါ ကျင့်ဆောင်မယ်' လို့ ဆင်ခြင်တော်မူမိပါတယ်။

နောက်တစ်ကြောင်းကလည်း ဘုရားရှင်ထံမှောက် ရောက်လာကြတဲ့ ဗြဟ္မာ၊ လူ၊ နတ်၊ ပရိသတ်မှန်သမျှဟာ ဘုရားရှင်ကို ဖူးတွေ့ပြီးတဲ့အခါ အရှင်မြတ်ကြီးထံ ဖူးမြော်ဖို့ ရောက်လာလေ့ရှိကြတယ်။ ရောက်လာသမျှ ပရိသတ်များကို သာသနာ့ထုံးစံနဲ့အညီ တရားစကား အပြေအပြစ်အစေ့အစပ် စကားပြောကြားရတဲ့ကိစ္စကလည်း မထေရ်မြတ်ကြီးအတွက် အလုပ်ပိုအလုပ်ကျယ်လို ဖြစ်နေတယ်။ ဒီအ ကြောင်းများကြောင့်ပဲ အရှင်မြတ်ကြီးဟာ တစ်ချိန်မှာ ဓမ္မကထိက တေဒဂ်ရလတ္တံ့ဖြစ်တဲ့ မိမိရဲ့တူ ပုဏ္ဏာလုလင်ကို ဒေါဏဝတ္ထုပုဏ္ဏားရွာကနေ ခေါ်ဆောင်ကာ ရဟန်းပြုပေးပြီး မြတ်စွာဘုရားထံ အန္တေဝါသိက တပည့်အဖြစ်အပ်နှံကာ မြတ်စွာဘုရားရှင်ကို 'ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား တပည့်တော်အဖို့ရာ ရွာနီးကျောင်းများမှာ နေထိုင်ရတာ သပ္ပါယမဖြစ်ပါဘုရား၊

http://www.dhammadownload.com



လူသူလေးပါးနဲ့ ရောနှောနေဖို့ရာလည်း မစွမ်းနိုင်ပါဘုရား၊ ဒါကြောင့် တပည့်တော် လူသူမနီးတဲ့ ဆဒ္ဒန်အိုင်မှာ သွားရောက်နေထိုင်ပါရစေ ဘုရား'လို့ ခွင့်ပန်ပြီး ဆဒ္ဒန်အိုင်အနီးက မဏ္ဍာကိနီရေကန်မှာ သွားရောက်နေထိုင်တော်မူခဲ့ပါတယ်၊ ပရိနိဗ္ဗာန်စံဝင်ခါနီးရောက်မှသာ ဘုရားရှင်ကို နောက်ဆုံးကန်တော့ဖို့ တစ်ကြိမ်ပြန်လာခဲ့ပြီး ဒီကြားထဲမှာ မြို့ , ရွာ , နိဂုမ်း ဘယ်အရပ်ကိုမှ ချဉ်းကပ်လာရောက်ခြင်း မပြုတော့ပါဘူး။

အရှင်အညာသိကောဏ္ဍညမထေရ်မြတ်ကြီးဟာ တပည့်ဦးဆိုတဲ့ ဒီနေရာကိုရဖို့အတွက် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ခဲ့ရတာပါ၊ တကယ်တမ်း ဒီနေရာကို ရရှိတော်မူပြီးတဲ့အခါမှာတော့ မိမိအတွက် နေရာဦးတစ်ခုရဖို့နဲ့ လောကကျိုး၊ သာသနာကျိုးတို့ ယှဉ်လိုက်တဲ့အခါ  အရှင်မြတ်ရဲ့ စေတနာဟာ နေရာကို လုံးဝထည့်မတွက်တော့ဘဲ လောက သာသနာနှစ်ဖြာ အကျိုးအတွက်ထားရှိတဲ့ စေတနာကိုသာ  အဓိကထားပြီး ဆုံးဖြတ်တော်မူခဲ့တာဖြစ်ပါတယ်၊ ဒါကြောင့် လောကကျိုး၊ သာသနာကျိုးကို တကယ်တမ်း လိုလားတဲ့ပုဂ္ဂိုလ်များအဖို့ နေရာထက် စေတနာကသာ အရေးကြီး တယ်လို့ဆိုရမှာပါ။

အခု အရှင်မြတ်တို့လည်း အသီးသီး နာယက, အနုနာယက, တိုက်အုပ်, တိုက်ကြပ်, ဆွမ်းစားကျောင်း ဘုန်းကြီး, ရေစက်မောင်း ဝေယျာဝစ္စ , စာသင်သား စတဲ့ နေရာအသီးသီး သတ်မှတ်ထားကြပေမယ့် အဓိကအရေးကြီးတာက သာသနာတော်တိုးတက်ရေး, တိုက်တာ တိုးတက်ရေးဆိုတဲ့ စေတနာရှိကြရင် အားလုံးဟာ အရေးပါ အရာရောက်တဲ့ ပုဂ္ဂိုလ်တွေချည်း ဖြစ်ကြပါတယ်။

http://www.dhammadownload.com



ဟုတ်ပါတယ်။ ဟင်းတစ်ခွက်ကို ချက်တဲ့နေရာမှာ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ပဲဟင်း စသည်ဖြင့် ဘယ်လိုပဲ ခေါ်ခေါ် ဒီဟင်းတစ်မျိုးဖြစ်ဖို့အတွက် ကြက်သွန်၊ ငရုပ်၊ ချင်း၊ ဆနွင်း၊ ဆား၊ ဆီ အားလုံးသင့်သလိုပါဝင်မှ ပြည့်စုံတာပါ။ ဒီဟင်း တစ်မျိုးမှာ တန်ဖိုးကြီးတဲ့ ပစ္စည်းပဲဖြစ်ဖြစ်၊ တန်ဖိုးနည်းတဲ့ ပစ္စည်းပဲ ဖြစ်ဖြစ်၊ အချိုးအစားအရလည်းများတဲ့ ပစ္စည်းပဲဖြစ်ဖြစ်၊ နည်းတဲ့ ပစ္စည်းပဲဖြစ်ဖြစ် အားလုံးဟာ အရေးပါတာချည်းပါပဲ၊ ဆား ကလေးနည်းနည်း ဘယ်လောက်မှလည်း တန်ဖိုးရှိတာ မဟုတ်ပါဘူး ဆိုပြီး သူ့ကို ချန်ထားကြည့်ပါလား 'အလောဏကံ န ရသကံ = ဆားမပါတဲ့ ဟင်းမှာ ဘာအရသာမှမပေါ်' ဆိုတာ ဖြစ်သွားမှာပေါ့။

အဲဒီအတိုင်းပါပဲ စာသင်တိုက်တစ်တိုက်မှာလည်း နာယကဆရာတော်ကသာ အရေးပါတယ်၊ ဝေယျာဝစ္စလောက်၊ ရေစက်မောင်းလောက် ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဟာ ဘာမှ အရေး မကြီးပါဘူးဆိုပြီး သူတို့ကို ဘေးဖယ်ထားကြည့်ပါလား တစ်တိုက်လုံး အမှိုက်ပုံထဲမှာ ရေငတ်ပြီး လဲနေကြမယ်မဟုတ်လား။ ဒါကြောင့် ဘယ်လိုအဖွဲ့အစည်း ဘယ်လိုကိစ္စမျိုးမှာမဆို နေရာထက် စွန့်လွှတ် အနစ်နာခံလိုတဲ့ စေတနာ၊ အဖွဲ့အစည်း တိုက်တာနဲ့ လောကကျိုး, သာသနာကျိုး တိုးတက်စေလိုတဲ့ စေတနာများကသာ အဓိကဖြစ် တယ်လို့ ပြောရတာပါ။

နောက်တစ်ခုက တပည့်တော်တို့ရဲ့ လက်ရှိ သာသနာ တော်ကြီး တိုးတက်ဖြစ်တည်လာပုံကို လေ့လာကြည့်မယ်ဆိုရင် သာသနာတော်မှာ တာဝန်ရှိကြတဲ့ ပုဂ္ဂိုလ်များက တာဝန်သိစိတ် တာဝန်ယူလိုစိတ်များနဲ့ ဆောင်ရွက်ခဲ့ခြင်းဟာလည်း အလွန်

http://www.dhammadownload.com



အရေးကြီးတယ်ဆိုတာကို တွေ့နိုင်ပါတယ်။

ဟုတ်ပါတယ်။ မြတ်စွာဘုရားရှင် သက်တော် ထင်ရှား ရှိတော်မူစဉ်မှာတော့ ပုဂ္ဂိုလ်အသီးသီးတို့ရဲ့ ကာယကံ, ဝစီကံ အကောင်း အဆိုး အသီးသီးတို့ကို ဘုရားရှင် ကိုယ်တော်တိုင်ပဲ ကောင်းဆိုး မှားမှန် ဝေဖန်ဆုံးမပြီး ချီး မြှောက်သင့်တာ ချီးမြှောက်၊ နှိပ်ကွပ်သင့်တာ နှိပ်ကွပ်ပြုလုပ်ခဲ့တာပါ။ အချီးမြှောက်ခံရတဲ့ ပုဂ္ဂိုလ်များအနေနဲ့ ဘာပြဿနာမှ မဖြစ်ခဲ့ပေမယ့် အနှိပ်ကွပ်ခံရတဲ့ ပုဂ္ဂိုလ် အချို့ကတော့ မတတ်သာလို့သာ အောင့်ခံရတယ် စိတ်ထဲကတော့ မကျေနပ်လှဘူးဆိုတာမျိုးလည်း ရှိနေမှာ မလွဲပါဘူး။

ဒီကိစ္စက ဘယ်မှာ သိသာထင်ရှား လာသလဲ ဆိုတော့ - မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူတဲ့အခါ သုဘဒ္ဒဆိုတဲ့ တောထွက်ရဟန်းကြီး တစ်ပါးရှိတယ်။ သူက အာတုမ ဆိုတဲ့ မြို့မှာ နေပြီး လူဝတ်ကြောင်ဘဝမှာ ဆတ္တာသည် လုပ်ခဲ့ဖူးတယ်။ အပြော အဆို အချက်အပြုတ်လည်း အတော်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ပေါ့။ နောက်တော့ သူ့သားနှစ်ယောက်ကိုလည်း သာမဏေပြုစေပြီး သူလည်း ရဟန်းပြုလာခဲ့တာပါ။

မြတ်စွာဘုရားရှင် နောက်ပါသံဃာ ၁၂၅၀ တို့နဲ့ အတူ အာတုမမြို့ကို ကြွလာမယ်ဆိုတဲ့ သတင်းကြားတဲ့အခါ ဒီပွဲဟာ သူ့အတွက် အမြတ်ထုတ်ရမည့်ပွဲပဲလို့ မှတ်ယူပြီးသားဖြစ်တဲ့ သာမဏေများကို မြို့ထဲ ရွာထဲမှာ ဘုရားရှင်နဲ့ နောက်ပါသံဃာတော်များ အတွက် အလွန် မွန်မြတ်တဲ့ ယာဂုဆွမ်းစီမံဖို့ဆိုပြီး ဆန်၊ ဆီ၊ ထောပတ်၊ အသားငါး၊ အသီးအပွင့်အစုံအလှူခံခိုင်းတယ်။ မြို့သူ မြို့သားများကလည်း ဘုရားရှင်နဲ့ သံဃာအတွက်ဆိုတဲ့ အသံကြားရုံနဲ့

http://www.dhammadownload.com



သူ့ထက်ငါ အမွှန်အမြွတ်တွေ အများအပြားလှူဒါန်းကြတာပေါ့။

မြတ်စွာဘုရားရှင်နဲ့ နောက်ပါသံဃာတော်တွေ ကြွလာမယ့်နေ့မှာတော့ မအပ်မစပ် နှုတ်မြွက်ပြီး တောင်းရမ်းထားတဲ့ ပစ္စည်းတွေနဲ့ "ဝါးပြီးမှ သောက်မျိုရတဲ့ ယာဂုအထူး" ကို အကျအန ကိုယ်တိုင်ချက်ပြုတ်စီမံထားလိုက်တာ သူစီမံတဲ့ ယာဂုက ဘယ်လောက်တောင် အနံ့အရသာနဲ့ ပြည့်စုံသလဲဆိုရင် ပျော်ပါး ဝါကြွားလိုတဲ့ ကာလသားများအနေနဲ့ ခေါင်းလိမ်းဆီအဖြစ်တောင် သုံးလို့ရပါသတဲ့။

တကယ်တမ်း ဘုရားရှင်နဲ့ သံဃာတော်များကြွလာတဲ့အခါ သူစီမံထားတဲ့ ယာဂုဆွမ်းကို အလှူခံဖို့ လျှောက်ထားတော့ မအပ်မစပ် အလှူခံပြီး ကိုယ်တိုင် ချက်ပြုတ်ထားတဲ့ သူ့ယာဂုဆွမ်းကို အလှူမခံတဲ့အပြင် ကဲ့ရဲ့ရှုတ်ချပြီး နောက်နောင် ဒါမျိုး မအပ်မစပ်ပြုလုပ်တဲ့ ရဟန်း အာပတ်သင့်စေလို့ သိက္ခာပုဒ်ပညတ်ချက်ထုတ်လိုက်ပါတယ်။

အဲဒီကတည်းက သုဘဒ္ဒရဟန်းကြီးက ' ဘယ့်နှယ်ဗျာ. . သဗ္ဗညုဘုရားရှင်ကြီးဆိုပြီး အရာရာကို သိတယ်လဲဆိုသေး၊ ဒီလိုမအပ်မစပ်ဘူးဆိုရင် အစကတည်းက ကြိုကြိုတင်တင် တားမြစ်သင့်တာပေါ့၊ ခုတော့ ခုနှစ်ရက်လောက်စားလို့တောင် မကုန်နိုင်တဲ့ ဒီပစ္စည်းတွေ အချည်းနှီး ဖြစ်ရပြီ ' ဆိုပြီး ဘုရားရှင်အပေါ် ရန်ငြိုးထားခဲ့ပါတယ်၊ ဘုရားရှင်ကို ခေါ်ဝေါ်ပြောဆိုရာမှာတောင် ' မဟာသမဏ = ရဟန်းကြီး' ဆိုတဲ့ အမည်နဲ့ သုံးစွဲပြောဆိုတဲ့ပုဂ္ဂိုလ်ပေါ့။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူတဲ့ အချိန်မှာတော့ သူက အရှင်မဟာကဿပမထေရ်မြတ်ကြီးရဲ့ နောက်ပါရဟန်း

http://www.dhammadownload.com



ပရိသတ်ထဲမှာ ရောက်နေတယ်၊ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတဲ့ သတင်းကြားရလို့ ဒေါသ, သောက မကုန်ခမ်းကြသေးတဲ့ ပုထုဇဉ်သောတာပန် ရဟန်းအချို့ ပူဆွေးငိုကြွေးကြတဲ့အခါ သူက 'ငါ့ရှင်တို့ ဘာမှ ဝမ်းနည်းပူဆွေးနေစရာ မလိုဘူး၊ ဒီရဟန်းကြီး မရှိတော့ရင် တို့တတွေလွတ်လပ်တာပဲ၊ ဒီရဟန်းကြီးရှိနေရင် ဟိုဟာဖြင့် အပ်စပ်တယ်၊ ဒီဟာဖြင့် မအပ်စပ်ဘူးနဲ့ အလွန်ချုပ်ချယ်တယ်၊ ဒီကရှေ့တော့ တို့တတွေ ကြိုက်သလို နေနိုင် လုပ်နိုင်ပြီ' ဆိုပြီး ဝမ်းမြောက်ဝမ်းသာပြောဆိုတော့တာပါပဲ။

အရှင်မဟာကဿပမထေရ်မြတ်ကြီးက ဒီစကားကို ကြားလိုက်တဲ့အခါ နှလုံးသားကို ပုတ်ခတ်လိုက်သလို ဦးထိပ်ပေါ် မိုးကြိုးစက်ကျလိုက်သလို မှတ်ထင်ပြီး 'ကြည့်စမ်း . . ဘုရားရှင် ပရိနိဗ္ဗာန်ပြုတာ အခုမှ ခုနှစ်ရက်ပဲရှိသေးတယ်၊ ကြွင်းကျန်တဲ့ ရွှေကိုယ်တော်တောင် ထင်ရှားရှိနေတုန်းပဲ၊ ဒီအချိန်ကလေးအတွင်းမှာတောင် ဘုရားရှင် ပင်ပင်ပန်းပန်း တည်ဆောက်တော်မူထားတဲ့ သာသနာတော်မှာ ကြီးမားတဲ့ အမှိုက်ဆူးညောင့်ကြီး ဖြစ်ပေါ်လာပြီ၊ ဒီလိုသူယုတ်မာတွေ အသင်းအပင်းရပြီး အင်အားတောင့်တင်းလာရင် သာသနာတော် ဆုတ်ယုတ်သွားစေနိုင်တယ်' ဆိုတဲ့ ဓမ္မသံဝေဂ ဖြစ်ပေါ်လာပါတယ်။

အဲဒီနောက် မထေရ်မြတ်ကြီး ဆင်ခြင်မိတာကတော့ "အင်း . . တကယ်လို့သာ ခုအချိန်မှာ ဒီသူယုတ်မာကို သင်္ကန်းဆွဲခွါကာ အဝတ်စုတ်နဲ့ ပတ်ပြီး နှင်ထုတ်လိုက်မယ် ဆိုရင်လဲ အကျိုးအကြောင်းမသိတဲ့ လူတွေရဲ့ စိတ်ထဲမှာ 'ရဟန်း ဂေါတမ ပရိနိဗ္ဗာန်ပြုလို့ ဥတုဇရုပ် အလောင်းတောင် သင်္ဂြိုဟ်မပြီးသေးဘူး သူ့တပည့်

http://www.dhammadownload.com



တွေ ငြင်းခုံကွဲပြားကုန်ကြပြီ' လို့ ငါတို့အပေါ် အပြစ်တင်ကြလိမ့်မယ်၊ ခုနေတော့ သည်းခံနေမှ သင့်မယ် " လို့ စဉ်းစား ဆုံးဖြတ်လိုက်ပါတယ်။ လုပ်သင့်တဲ့ လုပ်ငန်းတစ်ခုပင် ဖြစ်သော်လည်း အချိန်အခါနဲ့ အခြေအနေကို စောင့်ဆိုင်း သည်းခံတော်မူတဲ့ မထေရ်မြတ်ကြီးရဲ့ အမြော်အမြင်ဟာလည်း သတိထား အသိပွားစရာ နမူနာကောင်းတစ်ခု ဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ ရုပ်ကလာပ်တော်ကို သင်္ဂြိုဟ်ပြီးစီးတဲ့အခါမှာတော့ အရှင်မဟာကဿပမထေရ်မြတ်ကြီးက . . . .

မြတ်စွာဘုရားရှင်ဟာ ငါရဟန်းပြုဖို့ ထွက်လာခဲ့စဉ်က သုံးဂါဝုတ်လောက်ခရီးကို ကြွလာပြီး ကြိုဆိုခဲ့တာ၊ ဩဝါဒ သုံးပါးနဲ့ ရဟန်းပြုပေးခဲ့တာ၊ ကိုယ်တော်တိုင် ပံသုကူကောက်ပြီး ချုပ်လုပ်ဝတ်ရုံတော်မူတဲ့ ဒုကုဋ်သင်္ကန်းကြီးကို လဲလှယ်သုံးဆောင်စေခဲ့တာ၊ ပရိသတ် စုံညီရှေ့မှာ လက်တော်ကို ဟင်းလင်းပြင်ထဲ ဝှေ့ယမ်းပြီး ဒီလက်တော်ဟာ ဟင်းလင်းပြင်ထဲမှာ ဘာနဲ့မှ မငြိတွယ်သလို၊ လမင်းကြီးဟာလဲ ကောင်းကင်မှာ ဘာနဲ့မှ ငြိတွယ်ခြင်း မရှိဘဲ သွားလာသလို၊ ကဿပရဟန်းတော်ဟာလည်း ဒကာ, ဒကာမများနဲ့ ငြိတွယ်ခြင်း မရှိဘဲ အရပ်လေးမျက်နှာမှာ လှည့်လည်သွားလာနိုင်ပါပေတယ်၊ ရဟန်းအားလုံးလည်း ဒီလိုပဲ ကျင့်သုံးကြပါ' ဆိုပြီး လမင်း ဥပမာဒေသနာတော်မှာ ငါ့ကို မျက်မှောက် ထင်ရှားတဲ့ သာဓက အဖြစ်ထုတ်ဆောင်ချီးကျူး ဟောတော်မူခဲ့တာ၊ သုံးကြိမ်တိုင်တိုင် သာသနာ့အမွေ အားလုံးကို ခံယူစေခဲ့တာတွေဟာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးတဲ့အခါ သာသနာတော် တည်တန့်သန့်ရှင်းအောင် ဆောင်ရွက်ရေးအတွက် ငါ့ကို တာဝန်ပေးလိုက်တဲ့ သဘော ဖြစ်တယ်။

http://www.dhammadownload.com



ဒါကြောင့် သာသနာတော်တည်တန့်ရေး သန့်ရှင်းရေးဟာ ငါ့ တာဝန်ဖြစ်တယ် ဆိုပြီး သာသနာ့ တာဝန်ကို သိလည်းသိတယ်၊ သိတဲ့အတိုင်းလည်း တာဝန်ယူလိုစိတ် အပြည့်နဲ့ သံဂါယနာတင် တာဝန်ကျေတော်မူခဲ့တဲ့အတွက် ဒီနေ့လက်ရှိ သာသနာတော်မှာ ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် အပြည့်အစုံနဲ့ ဘုရားရှင်လက်ထက်တော်က သာသနာတော်နဲ့မခြား တည်ရှိနေတာဖြစ်ပါတယ်။

သိမ်တောင်ပရိယတ္တိစာသင်တိုက်ကြီးမှာလည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်ကတော့ ကောင်းဆိုး ကိစ္စမှန်သမျှကို ဆရာတော်ဘုရားကြီး ကိုယ်တိုင်ပဲ သုံးသပ်ဆုံးဖြတ် ပြီး လိုအပ်သလို လမ်းညွှန်ရင်း တိုးတက်တဲ့ ပရိယတ္တိစာသင်တိုက် ကြီး ဖြစ်အောင်ကြိုးစား တည်ထောင်ခဲ့တာပါ။ အခု ဆရာတော် ဘုရားကြီး လွန်တော်မူသွားပြီးတဲ့အခါမှာတော့ ဆရာတော်ဘုရား ကြီး ချမှတ်ဆောင်ရွက်ခဲ့တဲ့ အစဉ်အလာကောင်းတွေ မလျှော့ မပါးစေဘဲ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်နိုင်ဖို့ အတွက် ကျောင်းတိုက်အတွင်း ကျန်ရစ်ခဲ့တဲ့ တပည့်ကြီးများက နာယက၊ တိုက်အုပ်၊ တိုက်ကြပ်စတဲ့ တာဝန်များ အသီးသီး စနစ်တကျ ခွဲဝေသတ်မှတ်ကြသလို တိုက်ဖွဲ့စည်း အုပ်ချုပ်ပုံ စည်းကမ်းများကို လည်း စနစ်တကျ ရေးဆွဲချ မှတ်ထားကြပြီဖြစ်လို့ တာဝန်သိစိတ်၊ တာဝန်ယူစိတ်များနဲ့ ပြည့်စုံပြီး တာဝန်ကျေပွန် ကြတယ်လို့ ဆိုရမှာပါ။ ဒါ့ကြောင့် သိမ်တောင်ပရိယတ္တိစာသင်တိုက် ကြီးဟာ ဆရာတော် ဘုရားကြီးရှိစဉ်ကနဲ့မခြား အစဉ်တစိုက် တိုးတက် စည်ပင်နေလိမ့်မယ်ဆိုတာကို မှန်းဆကြည်ညို သာဓုခေါ်မိပါတယ်

http://www.dhammadownload.com




ဘုရား' ဆိုပြီး အနုမောဒနာစကားကို နိဂုံးချုပ်ခဲ့လိုက်ပါတယ်။

အနစ်နာခံစိတ် , တာဝန်သိစိတ် , တာဝန်ယူစိတ် များနဲ့ လောက, သာသနာ နှစ်ဖြာအကျိုး တိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေ။ ။

* . . .

❑

http://www.dhammadownload.com



# ဒီလောက်နဲ့ ကျေနပ်ကြပြီလား

မြတ်စွာဘုရားရှင်လက်ထက်တုန်းက သာဝတ္ထိပြည်သား အိမ်ထောင်ရှင်အမျိုးသားငါးရာတို့ဟာ မိမိတို့ရဲ့ ဇနီးများ နေတတ် ထိုင်တတ် ပြောဆိုတတ်ပြီး လိမ္မာရေးခြားဖြစ်အောင် ဝိသာခါ ကျောင်းအစ်မကြီးထံ အပ်နှံထားကြတယ်၊ ယောကျ်ားများ အလုပ် ခွင်သွားချိန်မှာ အိမ်ရှင်မများက ဝိသာခါအိမ်ကိုသွားကြပြီး တောက်တိုမယ်ရ ကူညီလုပ်ကိုင်ပေးရင်း ဝိသာခါရဲ့ ဆုံးမ သွန်သင်

http://www.dhammadownload.com



တာတွေကို နာယူ မှတ်သားကြတာပေါ့။

တစ်ခါတော့ သူတို့ရဲ့ ဓလေ့ထုံးတမ်းအရ ယောကျ်ားများ သေရည်သောက်ပွဲကြီးကျင်းပပြီး နောက်နေ့မှာ ယောကျ်ားများ အလုပ်ခွင်ဆင်းကြတော့ အိမ်ရှင်မများကလည်း ယောကျ်ားများရဲ့ လက်ကျန်ကလေးတွေနဲ့ စမ်းကြည့်ချင်စိတ်ပေါက်ပြီး လက်ဆွဲ ဗူးငယ်ကလေးတွေနဲ့ ဝှက်ပြီးယူခဲ့ကြတယ်၊ ကျောင်းအစ်မကြီး အိမ် ရောက်တဲ့အခါ 'ဥယျာဉ်ထဲကို လှည့်လည်ကြည့်ရှုခွင့် တောင်းကြ တော့ ဝိသာခါကျောင်းအစ်မကြီးကိုယ်တိုင်ပဲ ဦးဆောင်ပြီး ဥယျာဉ် လှည့်လည်ဖို့သွားကြတာပေါ့။ ဟိုရောက်တော့ မယ်မင်းကြီးမများက သူတို့အကြံနဲ့ သူတို့ ဝှက်ယူလာတဲ့ သေအရက်များကို ကျောင်းအစ်မ ကြီး လစ်တုန်းမှာ ဗူးငယ်လေးတွေကိုယ်စီနဲ့ မော့ကြပြီး ဗူးခွံများကို တော့ ခြုံထဲပစ်လိုက်ကြတယ်၊ မသောက်စဖူး သောက်ကြတာ ဆိုတော့ အားလုံးဥယျာဉ်ထဲမှာ ကချေမရတွေဖြစ်ကုန်ကြရော၊ နောက်တော့မှ ကျောင်း အစ်မကြီးသိတော့ ဆုံးမပါတယ်၊ အိမ် ရောက်တော့လည်း ယောကျ်ားများသိမှာစိုးလို့ နေမကောင်းချင် ယောင်ဆောင်ပြီး အိပ်ယာထဲဝင်နေကြတဲ့ အိမ်ရှင်မများကို အခြေ အနေ အကဲခတ်မိသွားတဲ့ ယောကျ်ားများက တော်တော်လေး ဆုံးမ ကြပါသတဲ့။

နောက်တစ်နှစ်မှလည်း ဒီလိုပဲ အကြံအဖန်တွေနဲ့ လုပ် လာကြပြီး ကျောင်းအစ်မကြီးကို ဥယျာဉ်ထဲ လှည့်လည် ခွင့်ပြုဖို့ ခွင့်တောင်းကြတော့ 'ရှင်မတို့ဟာ အရင်တစ်ကြိမ်လည်း ဒီလိုပဲ သွားပြီး မတော်တရော်တွေဖြစ်ကြလို့ တိတ္ထိများကတောင် 'ဂေါတမ ဘုရားရဲ့တပည့်မ ဝိသာခါနဲ့ သူ့ နောက်လိုက်တွေ ဥယျာဉ်ထဲမှာ

http://www.dhammadownload.com



အရက်သေစာတွေ သောက်စားပြီး မူးရစ်ရမ်းကားကြတယ်'လို့ ကဲ့ရဲ့စရာအဖြစ်မျိုးနဲ့ ကြုံခဲ့ရပြီ၊ ဒီတစ်ခါတော့ သွားခွင့်မပြုတော့ဘူး' ဆိုပြီး ကျောင်းအစ်မကြီးက ငြင်းပယ်လိုက်တယ်။

အိမ်ရှင်မငါးရာတို့ဟာ သူတို့ရဲ့ အကြံအစည်ကို ဝိသာခါရဲ့ အိမ်ဝင်းအတွင်းမှာလည်း ဘယ်လိုမှ လုပ်ခွင့်မရမှာကို သဘောပေါက်ထားကြတဲ့အတွက် နောက်ထပ်ဥပါယ်တံမျဉ်နဲ့ ကျောင်းအစ်မကြီးကို ဘုရားရှင်ကျောင်းတော် ခေါ်သွားဖို့ ပူဆာကြပြန်တယ်။ (ဒါကိုချင့်ကြည့်ရင် သေရည် သေရက်ဆိုတဲ့ ဘယ် အယ်လ်ကိုဟောမဆို အနည်းငယ် စမ်းကြည့်ရုံနဲ့ သွေးထဲ ရောက်သွားရင် လူကိုယစ်စေ၊ စွဲစေတယ်ဆိုတာ သတိပြုစရာပါပဲ၊) ကျောင်းအစ်မကြီးကလည်း သဘောရိုး အထင်နဲ့ ဘုရားကျောင်း ခေါ်သွားတာပေါ့၊ အကြံသမားများဖြစ်တဲ့ အိမ်ရှင်မငါးရာတို့ကတော့ ဘုရားကျောင်းသွားတဲ့အခါ ယူဆောင်မြဲဖြစ်တဲ့ ပန်းတောင်း၊ ပန်းခြင်းများနဲ့အတူ သူတို့ရဲ့ ဆောင်တော်မူ ဗူးကလေးတွေကို အထက်ပိုင်းကိုယ်ရုံကြားမှာ ဝှက်ယူလာကြတယ်၊ ကျောင်းအစ်မကြီးလစ်တာနဲ့ တစ်ပြိုင်နက် အမြန်မော့လိုက်ကြပြီး ဗူးခွံများကို ခြုံကွယ်ရာမှာ စွန့်ပစ်ခဲ့တာပေါ့။ ပြီးတော့ ခပ်တည်တည်နဲ့ ဘုရားရှင်ရဲ့ တရားသဘင်မှာ ဝိသာခါကို ခြံရံပြီးရှေ့ဆုံးက နေရာယူပြီး ထိုင်နေကြသတဲ့။

ဝိသာခါကျောင်းအစ်မကြီးက ဘုရားရှင်ကို 'ဒီ အမျိုးသမီးများအတွက် တရားဓမ္မဟောကြားပေးတော်မူပါ ဘုရား'လို့ လျှောက်ထားချိန်မှာတော့ အမျိုးသမီးများက တဖြေးဖြေး မူးယစ်ရီဝေလာကြပြီး ဘုရားရှင်ရှေ့မှောက်မှာ ဆိုကြ၊ ကကြတော့မလိုလိုနဲ့ ပြုံးသူပြုံး၊ ရယ်သူ ရယ်နဲ့ ကြွေမရတွေ လုပ်လာကြတော့တယ်။

http://www.dhammadownload.com



မြတ်စွာဘုရားရှင်က 'ဒါ ဘယ်လိုဖြစ်တာလဲ'လို့ ဆင်ခြင်ကြည့်တဲ့အခါ အကြောင်းစုံကို သိမြင်တော်မူတဲ့အတွက် အမျိုးသမီးများကို သံဝေဂဉာဏ်နဲ့ ထိတ်လန့်သွားအောင် မျက်ခုံးတော်ကနေ ညိုမောင်းတဲ့ ရောင်ခြည်တော် တွေကို လွှတ်လိုက်တဲ့အခါ နဂိုကမှ ထွေနေကြတဲ့ အမျိုးသမီးများမှာ မှောင်ကြီးအတိကျသလို ဖြစ်သွားပြီး ထိတ်လန့် သွားလိုက်ကြတာ သောက်ထားတာ ကလေးတွေ တောင် ဘယ်ရောက်သွားကုန်မှန်းမသိဖြစ်ပြီး အားလုံးအမူးတွေလည်းပြေ၊ သံဝေဂ(ထိတ်လန့် သတိရတဲ့ အသိတရား) တွေလည်းရဖြစ်ကုန်ကြပါသတဲ့။

အဲဒီတော့ ဘုရားရှင်က 'သင်တို့တတွေ သောက်စားမူးရစ်ကြခြင်းဟာ လှည့်ဖြားတတ်တဲ့ မာန်နဲ့ သေခြင်းတရားတို့ကို အခွင့်ပေးသလိုဖြစ်နေတယ်၊ ခုအခါမှာ ရာဂ စတဲ့ အပူမီးတွေ ကင်းဝေးအောင် အားထုတ်သင့်ကြပြီ' လို့ အစချီပြီး . . .

ကော နု ဟာသော ကိ မာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။

အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။

'ကိလေသာမီး, သောကမီးတွေ၊ ညီးညီး ပြောင်ပြောင် အမြဲတောက်လောင်နေပါလျှက်

ဘာကြောင့် ပျော်ရွှင်ဝမ်းမြောက် နေကြသလဲ။

အမှောင်ထုကြီး ကာဆီးပိတ်ဖုံးထားပါလျှက် ဘာကြောင့် လင်းရာကို မရှာမှီးကြသလဲ'ဆိုပြီး သတိပေး ဆုံးမလိုက်တဲ့အခါ အရင်ကတည်းက အလိမ္မာ ခေတ်ခံရှိကြသူများပီပီ ဘုရားရှင်အဆုံးအမအတိုင်း ဆင်ခြင်စဉ်းစားလိုက်တဲ့အခါ တရား

http://www.dhammadownload.com



ကို သဘောပေါက် နားလည်သွားကြလို့ အားလုံးပဲ သောတာပန်တွေ ဖြစ်သွားကြပါသတဲ့။

အဲဒီအိမ်ရှင်မငါးရာတို့ဆိုတာ ဝိသာခါ ကျောင်းအစ်မကြီးအိမ်မှာ အလိမ္မာတွေကို လေ့လာသင်ယူဖို့သာ လာနေကြတာပါ။ ကိုယ့်အိမ်မှာ စားဝတ်နေရေး မပြည့်စုံလို့ လုပ်ခစားအဖြစ်နဲ့ လာနေကြသူတွေ မဟုတ်ပါဘူး၊ အထိုက်အလျောက် စားဝတ်နေရေး ပြည့်စုံကြသူတွေပါ၊ ကိုယ့်အိမ်မှာ အထိုက်အလျောက် ပြည့်စုံကြလို့လည်း သူတို့ခလေ့ ထုံးစံအရ အများနည်းတူ သောက်ပွဲ၊ စားပွဲတွေ ကျင်းပနိုင်ကြတာပေါ့၊ အသောက်အစားကို ပျော်စရာပါးစရာ တစ်ခုလိုသဘောထားပြီး ကျင်းပပြုလုပ်ကြတာဖြစ်ပါတယ်။

လောကီစည်းစိမ်ဥစ္စာတွေဆိုတာ ဘယ်လောက်ပဲ ပြည့်စုံနေပြီဆိုဦးတော့ တပ်မက်ထောင်လွှားမှုတွေ၊ မနာလို ဝန်တိုမှုတွေ၊ စိုးရိမ်ကြောက်ရွံ့မှုတွေနဲ့ အမြဲပူလောင်နေရတာဟာ ဓမ္မတာပါပဲ။

ဒါကြောင့် ဘုရားရှင်က . . .

သင်တို့ ဒီလောကနဲ့ ကိုယ့်ဘဝကို ကျေနပ်နေကြပြီလား၊ လူ့ရယ်လို့ဖြစ်လာရတာဟာ ဒီလိုစားလိုက်၊ သောက်လိုက်၊ ပျော်လိုက်၊ ပါးလိုက်၊ အလိုရမ္မက်ကြီးလိုက်၊ အလိုမကျဖြစ်လိုက်၊ ထောင်လွှားမာန်ယစ်လိုက်၊ စိုးရိမ် ပူပန်လိုက်နဲ့နေကြပြီး အချိန်တန်တော့ သေကြရမှာကိုပဲ အဟုတ်ကြီးထင်နေကြပြီလား၊ ဘာကြောင့် မေ့မေ့လျော့ လျော့နဲ့ ပျော်ပါးနေကြသလဲ ဆိုပြီး ပထမသတိပေးလိုက်ပါတယ်။

ပြီးတော့ ဒီလိုတပ်မက်ထောင်လွှားမှု၊ မနာလို ဝန်တိုမှု၊

http://www.dhammadownload.com



စိုးရိမ်ပူပန်မှုတွေ၊ ကြောက်ရွံ့မှုတွေဟာ မြင့်မြတ်တဲ့ ဘဝတစ်ခုနဲ့ ထိုက်တန်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို မမြင်နိုင်အောင် ဖုံးပိတ်ကာဆီးထားတဲ့ အမှောင်ထုကြီးပဲ၊ ဒီလို အမှောင်ထုကြီး ဖုံးပိတ်ထားခြင်းကို ခံနေရပါလျှက်နဲ့ ဘာကြောင့်လင်းရာ လွတ်မြောက်ရာကို မရှာမှီးကြသလဲဆိုပြီး လုပ်ဆောင်ရမယ့်တာဝန်ကို တိုက်တွန်းနိုးဆော်လိုက်တာပါ။ ဒါကို သဘောပေါက်ပြီး စဉ်းစားသုံးသပ်ရှာဖွေကြတဲ့အတွက် အားလုံးလွတ်မြောက်ရာ အလင်းခေတ်ကို ရှာဖွေ တွေ့ရှိသွားကြတာဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ ဒီအဆုံးအမဟာ အဲဒီတုန်းက အမျိုးသမီးငါးရာအတွက် သာမကပါဘူး၊ ဒီနေ့အထိလည်း ဘယ်သူမဆို ကိုယ့်ကိုကိုယ် 'ဒီလောက်နဲ့ ကျေနပ်ပြီလား' ဆိုတာ မေးမြန်းစဉ်းစားရမယ့် ပြဿနာတစ်ခုဖြစ်ပါတယ်။ ဟုတ်ပါတယ်၊ လူတော်တော်များများဟာ စားဝတ်နေရေးတို့၊ စည်းစိမ်ဥစ္စာရာထူးအာဏာတို့ ပြည့်စုံတာနဲ့ ချမ်းသာတာကို မကွဲပြားသလို၊ အဲဒါတွေချို့တဲ့တာနဲ့ ဆင်းရဲတာတို့ကိုလည်း သဲသဲကွဲကွဲ နားမလည်ကြသလို ဖြစ်နေပါတယ်။

တောင်တွင်းကြီးမြို့၊ နတ်မှီတောရ ဆရာတော် ဘုရားကြီးရှိစဉ်က မိန့်ကြားဖူးတယ်၊ တိုးတက်တဲ့ နိုင်ငံကြီး အချို့ကိုရောက်ခဲ့စဉ်က မြတ်ဗုဒ္ဓရဲ့ သစ္စာလေးပါးအကြောင်း ဟောပြတဲ့အခါ ဒုက္ခသစ္စာနဲ့ ပတ်သက်လို့ မေးမြန်း ပြောဆိုကြတော့ 'ဒီဒုက္ခသစ္စာဆိုတာ သူတို့လို တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေမှာ မရှိပါဘူး၊ ဒါက ဆင်းရဲတဲ့ နိုင်ငံသူ နိုင်ငံသားတွေမှာမှ ရှိတဲ့တရားပါ'လို့ ငြင်းပယ်ကြပါသတဲ့၊ သူတို့က 'ဒုက္ခ'ဆိုတာ စားဝတ်နေရေးနဲ့ စည်းစိမ်ဥစ္စာချို့တဲ့တာလို့ ထင်မှတ်နေကြတာကိုး။

http://www.dhammadownload.com



ဆရာတော်ကြီးက 'ဒုက္ခသစ္စာ'ဆိုတာ လူကြီးမင်းများ ထင်သလို ရုပ်ဝတ္ထုပစ္စည်းတွေချို့တဲ့မှုကို ဆိုလိုတာ မဟုတ်ပါဘူး၊ ဒီစကားရဲ့ အဓိပ္ပါယ်ကို သဘောပေါက်ဖို့အတွက် သူ့ရဲ့ ဆန့်ကျင်ဘက်သစ္စာတရားနဲ့ နှိုင်းယှဉ်ကြည့်သင့်ပါတယ်၊ ဒုက္ခသစ္စာရဲ့ ဆန့်ကျင်ဘက်က 'နိရောဓသစ္စာ'ပါ၊ ဒုက္ခချုပ်ငြိမ်းရာ အမှန်တရားပါ၊ ဒုက္ခချုပ်ငြိမ်းရာ အမှန်ကို 'ဝိမုတ္တိ'လို့လည်း ခေါ်ပါတယ်၊ အချုပ်အနှောင် အတားအဆီးနဲ့ အလိုမကျမှု၊ အလိုမပြည့်မှု၊ ရန်ငြိုး အာဃာတ မာန်မာနနဲ့ စိုးရိမ်ပူပန်မှုအားလုံးတို့က လွတ်မြောက်မှုလို့ အဓိပ္ပါယ်ရပါတယ်၊ ဒါကြောင့် ဒုက္ခသစ္စာ ဆိုတာ အချုပ်အနှောင် အတားအဆီးစတဲ့ မလိုလား မနှစ်သက်စရာအားလုံးက မလွတ်မြောက်သေးတဲ့ စိတ်ပိုင်းဆိုင်ရာချို့တဲ့မှုကို ဆိုလိုတာဖြစ်ပါတယ်။

ဒီနေ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးတွေမှာ ဘီလျံနာ သူဌေးကြီးတွေ ကိုယ့်ကိုကိုယ် suicide လုပ်သွားကြတာ၊ ဗိတို အာဏာရ အင်အားကြီးနိုင်ငံတွေရဲ့ အကြီးအကဲတွေ အိပ်ကောင်းခြင်းနဲ့ မအိပ်နိုင်၊ မစားနိုင်၊ မအိပ်ရဲ၊ မစားရဲ၊ မသွားရဲဖြစ်နေကြတာတွေ အားလုံးသိကြတဲ့အတိုင်းပါပဲ၊ ဒါကြောင့် ဒုက္ခသစ္စာဟာ တိုးတက်တဲ့ နိုင်ငံကြီးတွေမှာ ပိုပြီး ကြီးမားကြပါတယ်၊ စားဝတ်နေရေး ချို့တဲ့တယ်ဆိုတဲ့ ဒုက္ခမျိုးက စားဝတ်နေရေး ပြည့်စုံအောင် ဖြည့်ဆည်းပေးပြီး ဖြေရှင်းရင် လွယ်ကူပေမယ့် အလိုမပြည့်တဲ့ ဒုက္ခဆိုတာ ပိုပြီးတော့ ဖြည့်ဆည်းဖြေရှင်းဖို့ ခက်ပါတယ်ဆိုတဲ့ အကြောင်းရှင်းပြမှု အားလုံးက လက်ခံသွားကြပါသတဲ့။

မြတ်စွာဘုရားရှင် ဆုံးမတော်မူတာကလည်း ဒီသဘောပဲ ဖြစ်ပါတယ်၊ တစ်အောင့် တစ်ခဏစာ ကျေနပ်မှု ပေးပြီး မကျေနပ်

http://www.dhammadownload.com



စရာတွေနဲ့သာ ရှုတ်ထွေးနေရတဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို ရရှိခံစားနေရရုံလောက်နဲ့ ကိုယ့်ကိုကိုယ် ကျေနပ်နေကြပြီလား၊ ဒီလောက်နဲ့ ပျော်ရွှင်ဝမ်းမြောက်နေကြတော့မှာလား၊ ဒါဟာ တကယ် ပြီးပြည့်စုံတဲ့ ကျေနပ် ဝမ်းမြောက်ဖွယ်ရာတွေ ဟုတ်ရဲ့လား ဆိုတာ သုံးသပ် ဆင်ခြင်မိကြဖို့နဲ့၊ နောက်ဆုံးမှာ အမှောင်ထုကြီး ကသာ ဖုံးပိတ် ကာဆီးထားတာကို တွေ့ကြုံသိမြင် ခံစားနေကြပါ လျက် ဘာကြောင့်လင်းရာအစစ်ဖြစ်တဲ့ သစ္စာတရားနဲ့ လွတ်မြောက် ရာအစစ်ဖြစ်တဲ့ ဝိမုတ္တိကို မရှာဖွေကြသလဲ၊ လူ့အဖြစ်ကို ရတုန်း လွတ်မြောက်နည်းတွေ ပြည့်ကြွယ်တဲ့ သာသနာနဲ့ ကြုံတုန်းမှာ လွတ်မြောက်ရာ အစစ်ကို ရှာဖွေဖို့က ပိုပြီး အရေးကြီးပါတယ်လို့ တိုက်တွန်းလိုရင်းပဲဖြစ်ပါတယ်။

ကိုယ့်ကိုကိုယ် ဆန်းစစ်ဝေဖန်ပြီး
လွတ်မြောက်ရာအစစ်ကို ရှာမှီးနိုင်ကြပါစေသော်။

အလင်းတန်းဂျာနယ်
/ အမှတ်(၅၂၅) အောက်တိုဘာ ၁၃၊ ၂၀၀၈ /

❑

http://www.dhammadownload.com



# ရလိုသူနဲ့ပေးလိုသူ

မှော်ဘီဓမ္မဒူတတောရမှာ ပြုလုပ်တဲ့ စာရေး၊ စာချ၊ တရားဟော၊ တရားပြအကြံပြုသင်တန်းမှာ လာရောက် လေ့လာသင်ယူကြတဲ့ အရှင်မြတ်များကို မိမိအကြံပြု တင်ပြခဲ့တဲ့ နောက်ထပ် အကြောင်းအရာ တစ်ခုကတော့ "ရလိုသူနဲ့ ပေးလိုသူ " လို့ ခေါင်းစဉ်ပေးထားခဲ့တဲ့ အကြောင်းအရာပါ။

ဒီခေါင်းစဉ်အတိုင်း မိမိဟောပြောအကြံပြုခဲ့တာကတော့ စာရေးသူ၊ စာချသူ၊ တရားဟောသူ၊ တရားပြသူစတဲ့ လောကကျိုး၊ သာသနာကျိုးအတွက် ဆောင်ရွက်လိုသူများအနေနဲ့ အခက်အခဲ မရှိ အောင်မြင်မှု ရကြဖို့အတွက် မြတ်ဗုဒ္ဓရဲ့ ပဌမဆုံး သာသနာပြုခရီးဦးဖြစ်တဲ့ မိဂဒါဝုန် တရားဦးခရီးစဉ်ကို အလေးအနက် နှလုံးသွင်း အတုယူသင့်တယ်-လို့ အကြံပြုတိုက်တွန်းချင်ပါတယ်။

http://www.dhammadownload.com



အရှင်မြတ်တို့အားလုံး သိပြီးသားဖြစ်တဲ့အတိုင်းပဲ မြတ်စွာဘုရားရှင်ရဲ့ မိဂဒါဝုန် တရားဦးခရီးဆိုတာ အခုခေတ် ဓမ္မကထိက အရှင်မြတ်တွေရဲ့ တရားပွဲခရီးလို နာလိုသူတို့က လိုလိုလားလား ကြိုတင်လျှောက်ထား ပင့်ဆောင်လို့ သွားရတဲ့ခရီးမဟုတ်ပါဘူး၊ ဘုရားရှင်အပေါ်မှာ အယုံအကြည် မရှိတော့ဘူးဆိုပြီး စွန့်ခွါလမ်းခွဲ သွားကြတဲ့ပုဂ္ဂိုလ်တွေဆီ စည်းရုံးဟောပြောဖို့ သွားရတဲ့ခရီးပါ။

ဟုတ်တယ်လေ၊ ဥရုဝေလတောထဲမှာ အလောင်းတော်မြတ် ပြင်းပြင်းထန်ထန်နဲ့ ခန္ဓာကိုယ်ကို ညှင်းပန်းသလိုဖြစ်အောင် ကျင့်ကြံနေစဉ်က ပဉ္စဝဂ္ဂီငါးဦးတို့ဟာ အလောင်းတော်မြတ်အပေါ်မှာ မျှော်လင့်ချက်တွေ ယုံကြည်ချက်တွေအပြည့်နဲ့ "ဒီလောက်အထိ ပြင်းပြင်းထန်ထန် ကျင့်ကြံနိုင်တဲ့ ပုဂ္ဂိုလ်အနေနဲ့ ကေန္တ တရားထူး၊ တရားမြတ် ရမှာသေချာတယ်"ဆိုပြီး လုပ်ကျွေးပြုစုရင်း ဆည်းကပ် ခ,စားနေကြတာမို့လား။

အလောင်းတော်မြတ်ကတော့ ဒီခန္ဓာကိုယ်ကြီးကို "အစားမဖက်ဘဲ တရားအတွက် သက်သက်သာ" လို့ ဇွတ်အတင်းနှစ်ပြီး ကျင့်ကြံတာဟာ အစားလဲမဝ တရားလဲမရဘဲ ဘဝကို အချည်းနှီး ဖြုန်းတီးပစ်ရာသာ ကျတော့မယ်၊ ဒီ အပြင်းစားကျင့်စဉ်ကြီးရဲ့ အစွန်းရောက်မှုဟာ နောက်ထပ်ခြေ တစ်လှမ်း(တစ်ရက်)လောက် ရှေ့တိုးလိုက်ရုံနဲ့ မရဏ ချောက်ကြီးထဲ ကျတော့မှာသေချာတယ်လို့ နှလုံးသွင်း ဆုံးဖြတ်ပြီး ခန္ဓာဝန်ကို ထမ်းဆောင်နိုင်ဖို့အတွက် လိုအပ် တဲ့ အာဟာရကို စားသုံးလိုက်တယ်။

အဲဒီမှာတင် ပဉ္စဝဂ္ဂီငါးဦးတို့က အလောင်းတော် အရှင်မြတ်ကို "ပဓာနဝိဗ္ဘန္တော ဂေါတမော = ဂေါတမဟာ တရား

http://www.dhammadownload.com



လူထွက်ကြီးဖြစ်သွားပြီ"ဘုရားဖြစ်ဖို့ မျှော်လင့်ချက် မရှိတော့ဘူး၊ သူ့ကိုမျှော်ကိုးစောင့်စားပြီး လုပ်ကျွေးပြုစုနေလို့တော့ အချိုးနှီး အချိန်ကုန်ရုံပဲရှိမယ်ဆိုပြီး မိဂဒါဝုန်တောဆီကို ထွက်ခွာသွားကြ တာ၊ ပဉ္စဝဂ္ဂီ ငါးဦးတို့ရဲ့ အလောင်းတော် အပေါ်မှာ စွပ်စွဲချက်နဲ့ ပတ်သက်လို့ ပခုက္ကူဆရာတော်များ မြန်မာပြန်တာကတော့ "ပဓာနဝိဗ္ဘန္တော ။ တရားမဖက်၊ အစားမက်၍၊ ပေါ့ပျက်ပျက် ဖြစ်သွားပြီ၊ (ဝါ) တရားမပေါက်၊ အစားဖေါက်သဖြင့်၊ အူနောက် နောက်ဖြစ်သွားပြီ"တဲ့။

အလောင်းတော်မြတ်ဟာ အစားနဲ့တရားကို ချိန်သားကိုက် အသုံးချပြီး မဇ္ဈိမပဋိပဒါလမ်းစဉ်အတိုင်း ကျင့်ကြံ အားထုတ်တော် မူလို့ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိပြီးတော့ မိမိရှာဖွေတွေ့ရှိတဲ့ မသေရာတရားထူးကို သိနိုင်စွမ်းရှိမယ့်ပုဂ္ဂိုလ်တွေကို စဉ်းစား ကြည့်တဲ့အခါ လောကီစျာန် အဘိညာဏ်အရာမှာ ဆရာတော်ခဲ့ ဖူးတဲ့ အာဠာရနှင့်ဥဒကဆိုတဲ့ ရသေ့ကြီးနှစ်ဦးကလဲ ရက်ပိုင်း လောက်ကမှ ကွယ်လွန်သွားကြပြီဆိုတော့ ဒီပုဂ္ဂိုလ်ကြီးနှစ်ဦးဟာ သာသနာတော်နဲ့သိကာ ပွတ်ကာ လွဲချော်ရင်း အရှုံးကြီးရှုံးသွား ကြပြီ၊ အခုအခါမှာတော့ နောက်ထပ်တရားဦး နာနိုင်စွမ်းရှိမည့် ပုဂ္ဂိုလ်ဟာ ပဉ္စဝဂ္ဂီငါးဦးတို့သာဖြစ်တယ်-လို့ စဉ်းစားမိတယ်၊ သူတို့ ကလဲ အခုမြတ်စွာဘုရားပွင့်တော်မူတဲ့ အနီးအနားမှာ မရှိတော့ ဘူး၊ ဟိုး (၁၈)ယူဇနာ [အခုခေတ် အတိုင်းအတာနဲ့ ၁၅၅- ကီလိုမီတာ] ဝေးတဲ့ မိဂဒါဝုန်တောဆီကို ခွဲခွါသွားကြပြီဆိုတာကိုလဲ သိလိုက်ပါတယ်။

ပဉ္စဝဂ္ဂီငါးဦးတို့ မိမိကို ခွဲခွါသွားတာနဲ့ ပတ်သက်ပြီး ဘုရားရှင် စဉ်းစားတော်မူပုံကို မှတ်တမ်းတင်တဲ့ ပုဂ္ဂိုလ်တစ်ဦးက

http://www.dhammadownload.com



ရေးသားထားပုံကလေးကလဲ အတော်မှတ်သားစရာ ကောင်းတယ်၊ ဘုရားရှင်စဉ်းစားတော်မူပုံက - "လောကကြီးဟာ အလွန်ကိုသာ ကိုးကွယ်လိုကြတယ်၊ အမှန်ကို လက်ခံဖို့ကျတော့ အတော် သတ္တိနည်းကြတယ်၊ ငါ- ကပိလဝတ္ထုနန်းတော်ထဲမှာ စံမြန်း နေစဉ်ကလဲ လူတွေဟာ ငါ့ဆီက ဘာမျှမရနိုင်မှန်းသိလျက်နဲ့ ငါ့အနားမှာ ဒူးတုပ်ခ,စားဖို့ ဝန်မလေးကြဘူး၊ ဒါဟာ အမှန်ကတော့ ငါ့ကို ဒူးတုပ်ခ,စားနေကြတာ မဟုတ်ဘူး၊ ငါ့ရဲ့ ရာထူး, အာဏာ စည်းစိမ်ဥစ္စာလွန်ကဲမှုကို ကိုးကွယ်နေကြတာဖြစ်တယ်။

ဥရုဝေလတောထဲမှာ ခြောက်နှစ်တာ ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်နေစဉ်ကလဲ ပဉ္စဝဂ္ဂီငါးဦးတို့ဟာ ငါ့ထံက ဘာမျှ မရဘဲနဲ့ ငါ့အနားမှာ ဒူးတုပ်ခ,စား ကိုးကွယ်နေကြတယ်၊ ဒါဟာ ငါ့ရဲ့ အကျင့်လွန်ကဲမှုကို ကိုးကွယ်ကြတာပဲ၊ အခု ငါဟာ အမှန် တရားကို သိရှိထား ချိန်မှာတော့ ငါတွေ့ရှိတဲ့ အမှန်တရားကို လက်ခံရဲတဲ့သတ္တိ သူတို့မှာ မရှိကြဘူး၊ ဒါကလဲ ရောဂါပြင်းလို့ ဆေးကို ငြင်းလိုတဲ့ သဘောမျိုး ဖြစ်တယ်၊ ဝေဒနာရှင်က ဆေးကို ငြင်းဆန်နေတဲ့အတွက် ဆေးမကုဘူးဆိုရင် သမားတော်သာ ညံ့ဖျင်းရာ ကျလိမ့်မယ်၊ ငါသူတို့ရှိရာကို သွားပြီး ဆေးကုပေးရမယ်" လို့ စဉ်းစားဆုံးဖြတ်လိုက်ပါသတဲ့။

မြတ်စွာဘုရားရှင်ဟာ (၁၈)ယူဇနာဝေးတဲ့ မိဂဒါဝုန် တောဆီကို ဘယ်လိုတန်ခိုးအဘိဉာဉ်မျိုးကိုမှ မသုံးဘဲ သူလို ငါလို ခြေလျင်ခရီးနဲ့သာ ကြွတော်မူပါတယ်။ (ဒါဟာ အရှင်ဘုရားတို့ ကိုယ်တိုင် တရားဟောကြတဲ့အခါ၊ ကိုယ့်ကို လာကြိုတဲ့ကားက ညံ့ရ ကောင်းလားလို့ စိတ်ဆိုးမယ်ကြံတဲ့အခါ သတိရစရာလေးပေါ့။)

http://www.dhammadownload.com



ဘုရားဖြစ်ပြီးနောက် နှစ်လအကြာ မဟာသက္ကရာဇ် (၁၀၃)ခု ဝါဆိုလပြည့်နေ့ ညနေချမ်း အချိန်မှာ မိဂဒါဝုန်တောစပ်ဆီ ရောက်သွားတဲ့အခါ မြတ်စွာဘုရား ကြွလာတာကို အဝေးက မြင်ရတဲ့ ပဉ္စဝဂ္ဂီငါးဦးတို့ဟာ အချင်းချင်း လက်တို့ပြီး "ဟောဟိုမှာ အစားမက်တဲ့ တရားလူထွက်ကြီးရဟန်းဂေါတမ အစားများများရဖို့ လှည့်လည်လာပြီ၊ တို့တတွေ ရှိလည်းမခိုး၊ ခရီးဦးလည်းမကြို နေရာလည်း မပေးဘဲနေကြစို့"လို့ တိုင်ပင်ထားကြတယ်တဲ့။ (ဒါကလည်း " ငါ့လို နာမည်ကျော် ဓမ္မကထိကကြီး တစ်ပါးဖြစ်ပါလျက် နယ်ခံ ပရိသတ်တွေက အုတ်အော်သောင်းလဲ မကြိုဆိုရကောင်းလား" ဆိုပြီး စိတ်ကောက်မယ်ကြံရင် နှလုံးသွင်းစရာ အချက်တစ်ချက်ပါပဲ။)

တကယ်တန်း မြတ်စွာဘုရားရှင် အနီးအနား ရောက်လာလို့ ဘုရားရှင်ရဲ့မျက်နှာတော်ကို တွေ့မြင်လိုက်တဲ့အခါမှာတော့၊ စောစောက အချင်းချင်း လက်တို့ တိုင်ပင်ထားတာတွေ အကုန်လုံး မေ့သွားကြပြီး၊ သူ့ထက်ငါ သပိတ်သင်္ကန်းကို ယူသူကယူ၊ ခြေဆေးရေ ခတ်သူကခတ်၊ ခြေသုတ်အဝတ် ရှာသူကရှာနဲ့ ပြာယာကို ခတ်သွားကြတာပဲတဲ့။

ဒီနေရာမှာ တပည့်တော်တို့ စဉ်းစားကြည့်သင့် တာက ဥရုဝေလတောကနေ အယုံအကြည်မရှိဆိုပြီး မိဂဒါဝုန်ကို ထွက်လာကြသူတွေ၊ အခုလောလောဆယ်မှာပဲ ခပ်လှမ်းလှမ်းက မြင်ရစဉ်မှာ ခရီးဦးကြိုဆိုခြင်းစတဲ့ အာဂန္တုက(ဧည့်)ဝတ်တွေ တစ်စုံတစ်ရာဘာမှ မပြုကြစတမ်းလို့ တိုင်ပင်ထားကြသူတွေဟာ၊ ဘုရားရှင်ရဲ့ မျက်နှာတော်ကို တွေ့မြင်လိုက်ရချိန်မှာတော့၊ ဘယ်သူမှ မနေနိုင်

http://www.dhammadownload.com



ကြတော့ဘဲ သူ့ထက်ငါ ညှော်ဝတ်ကျေဖို့ ပြာယာခတ်လောက်အောင် အထိ ဘာဖြစ်လို့ စိတ်ဓာတ်တွေပြောင်းလဲ သွားကြသလဲဆိုတဲ့ ကိစ္စပါပဲ။

ဒီကိစ္စနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ တန်ဆောင်မုန်း လကွယ် အဖိတ်နေ့ညက တောင်တွင်းကြီးမြို့၊ နတ်မှီတောရကျောင်းတိုက် မှာ ကျေးဇူးရှင် ကျမ်းပြုအဘိဓမ္မာ ပညာရှင်ကြီးဖြစ်တဲ့ နတ်မှီ တောရဆရာတော်ကြီးရဲ့ မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲမှာ တပည့် ကြီးတွေ စုံညီတွေ့ဆုံဖြစ်ခဲ့တဲ့ စကာဝိုင်းမှာ လက်ရှိ နတ်မှီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က တင်ပြတဲ့အတွက် အလေးအနက် ဆွေးနွေးကြပါတယ်။

အရှင်မြတ်တစ်ပါးကတော့ - ဒီပဉ္စဝဂ္ဂီငါးဦးတို့ဆိုတာ ဗြာဟ္မဏနွယ်ဝင်တွေဖြစ်တယ်၊ မြတ်စွာဘုရားရှင်က ခတ္တိယ နွယ်ဝင်ဖြစ်တယ်၊ အဲဒီခေတ်ဓလေ့ထုံးတမ်းအရ ဗြာဟ္မဏနွယ်ဝင် များဟာ ခတ္တိယနွယ်ဝင်တွေကို အရိုအသေ အလေးအမြတ် ပြုကြ ရတယ်၊ ဒီဓလေ့ထုံးတမ်းစွဲနဲ့ တကယ် တန်းအနားရောက်လာတဲ့ အခါ မြတ်စွာဘုရားရှင်ကို ခရီးဦး ကြိုဆိုခြင်း အရိုအသေပေးခြင်း စတဲ့ ဝတ္တရာများကို ဆောင်ရွက်ကြရတာပဲ မြတ်စွာဘုရားရှင်က တရားဟောမယ် ဆိုတဲ့အခါမှာတော့ ငြင်းဆန်ပြီး ထော်လော် ကန့်လန့်ပြောနေကြသေးတယ်မဟုတ်လား ဒါကိုကြည့်ရင် ဓလေ့ ထုံးစံအရ ဆိုတာထက် ဘာမှပိုလှမယ်မထင်ပါဘူးလို့ ထင်မြင်ချက် ပေးပါတယ်။

နတ်မှီတောရဆရာတော် အရှင်ဆန္ဒာဓိကကတော့ - "တပည့်တော်အနေနဲ့တော့ ပဉ္စဝဂ္ဂီငါးဦးတို့က မြတ်စွာဘုရားရှင်ရဲ့

http://www.dhammadownload.com



မျက်နှာတော်ကို မြင်ကြရတဲ့အခါ အရင်က ထားရှိတဲ့စိတ်တွေ ပြောင်းလဲသွားရတာနဲ့ ပတ်သက်လို့ ဓလေ့ ထုံးတမ်းကြောင့်ဆိုတာ ထက် ပိုပြီးလေးနက်တဲ့ အကြောင်းတရားရှိကြတယ်"လို့ စဉ်းစား မိတယ်။

ပထမဆုံးစဉ်းစားမိတာက ရှာဖွေနေသူတွေနဲ့ တွေ့ရှိပြီးသူ တို့ရဲ့ ခြားနားတဲ့အခြေအနေပဲ၊ လောကမှာ တစ်စုံတစ်ခုကို ရှာဖွေနေသူတွေပေါ့၊ ဥပမာ ကျပျောက်သွားတဲ့ လက်စွပ်တို့ နားဒေါင်းတို့လို ပစ္စည်းဥစ္စာကို ရှာဖွေနေသူပဲဖြစ်ဖြစ်၊ အလုပ် အကိုင် ရှာဖွေကြသူတို့၊ စားဝတ်နေရေး ရှာဖွေသူတို့ပဲ ဖြစ်ဖြစ်ပေါ့၊ ရှာဖွေလို့ မတွေ့ရှိသေးဘူး၊ မရရှိသေးဘူးဆိုတဲ့အချိန်မှာ သူတို့ရဲ့ စိတ်ကလဲ ဘယ်နည်းနဲ့ မှ မအေးငြိမ်း မတည်ကြည်နိုင်ဘူး၊ စိတ်က မအေးငြိမ်း မတည်ကြည်တဲ့အခါ စိတ္တဇရုပ်တွေဟာလဲ မအေးငြိမ်း မတည်ကြည်တဲ့ ရုပ်တွေပဲ ဖြစ်နေမှာပဲ၊ စိတ္တဇရုပ်တွေဆို တာကလဲ မျက်နှာပြင်မှာ ပိုပြီး သိသာထင်ရှားပါတယ်၊ လူ တစ်ယောက်ရဲ့ မျက်နှာပြင်ဟာ သူ့စိတ်ရဲ့ စကား ပြန်လို့တောင် ဆိုနိုင်ပါတယ်။ အဲ . . သူရှာနေတဲ့ အရာကို တွေ့မြင်ရရှိသွားပြီဆိုတဲ့ အခါမှာတော့ သူ့စိတ်ဟာလဲ ဘယ်လောက်ငြိမ်းအေးကြည်လင်သွားသလဲ၊ စိတ် ငြိမ်းအေးကြည်လင်သလို စိတ္တဇရုပ်တွေထဲက အသိသာ အထင်ရှား ဆုံးဖြစ်တဲ့ မျက်နှာသွင်ပြင်ဟာလဲ ဘယ်လောက်အထိ ငြိမ်းအေး ကြည်လင်သွားတယ်ဆိုတာ လူတိုင်း သိသာမြင်သာပါတယ်။ အဘိဓမ္မာကျမ်းများရဲ့အလိုကတော့ စိတ်က ငြိမ်းအေးကြည်လင်တဲ့ အတွက် စိတ်ရဲ့တည်မှီရာ ဟဒယနှလုံးအိမ်လဲ ငြိမ်းအေးကြည်လင် တယ်၊ အဲဒီအခါမှာ ဟဒယနှလုံးအိမ်ကို တည်မှီ လှည့်လည်နေတဲ့

http://www.dhammadownload.com



နှလုံးသွေးများဟာလဲ ငြိမ်းအေးကြည်လင်ပြီး သွေးလည်ပတ်ရာ ခန္ဓာကိုယ်တစ်ခုလုံး ငြိမ်းအေး ကြည်လင်တယ်လို့ ဆိုပါတယ်၊ အဲဒီထဲမှာ မျက်နှာပြင်ကတော့ အသိသာ အထင်ရှားဆုံးပေါ့။

အဲဒီတော့ ပဉ္စဝဂ္ဂီငါးဦးတို့အနေနဲ့ မြတ်စွာဘုရားရှင်ကို ဥရုဝေလတောထဲမှာ တွေ့ခဲ့ရချိန်တုန်းက ဘုရားရှင်က သဗ္ဗညုတဉာဏ်ကို မတွေ့ရှိသေးဘူး၊ ရှာဖွေနေတဲ့ အလောင်းတော်ဘဝပဲ ရှိသေးတယ်၊ အခု မိဂဒါဝုန်ကို ဘုရားရှင်ရောက်လာတာက ရှာဖွေတွေ့ရှိပြီးသူဖြစ်သွားပြီ၊ ရှာဖွေသူဘဝတုန်းက အလောင်းတော်ရဲ့ မျက်နှာတော် အပါအဝင် ဣန္ဒြေတွေရဲ့အနေအထားနဲ့ ရှာဖွေတွေ့ရှိလို့ ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်တဲ့ မြတ်စွာဘုရားရှင်ရဲ့ မျက်နှာတော်နဲ့ ဣန္ဒြေတို့ရဲ့ကွာခြားချက်ကို ပဉ္စဝဂ္ဂီငါးဦးတို့လို ဝေဒကျမ်း, လက္ခဏာကျမ်းတွေကို ကျွမ်းကျင်လိမ္မာပြီးသား ပုဂ္ဂိုလ်တွေအနေနဲ့ ဘာမှ မသိနိုင်စရာမရှိဘူး၊ သူတို့တတွေ စောင့်မျှော်နေကြတာက မြတ်စွာဘုရားရှင်ရှာဖွေရရှိမယ့် မသေရာ တရားတော်မြတ်ကြီးကို တွေ့ရှိရေးပဲ ဖြစ်ကြလေတော့၊ အခု "ရှာဖွေတွေ့ရှိထားပြီ"လို့ သိသာ မြင်သာနေတဲ့ ဘုရားရှင် ရဲ့မျက်နှာတော်ကို တွေ့မြင်လိုက်ရတဲ့အခါ ဘယ်လောက်ဝမ်းသာအဲလဲ ဖြစ်သွားကြမလဲ၊ ဒါကလဲ တစ်ချက်ပေါ့။

နောက်တစ်နည်းစဉ်းစားကြည့်မယ်ဆိုရင် ဘုရားရှင်ရဲ့ ဥရုဝေလတောထဲမှာနေရစဉ်က အလောင်းတော်ဘဝ ဆိုတာ မသေရာတရားကို ရလိုမှုအတွက် တောင့်တနေရတဲ့ ဘဝ၊ အခု မိဂဒါဝုန်တောကို ရောက်လာတာက ရလိုမှု အတွက် မဟုတ်ဘူး ပေးစရာရှိနေပြီ၊ ပေးနိုင်ပြီဖြစ်တဲ့ အတွက်၊ ပေးဖို့ရည်ရွယ်ချက်နဲ့ ရောက်လာတာလေ၊ တောင့်တနေသူတို့အနေနဲ့ ပေးနိုင်သူ ပေးလို

http://www.dhammadownload.com



သူရဲ့ အနေအထားကို ဘယ်မှာ မခွဲခြားတတ်ဘဲ နေမလဲ၊ မျက်နှာနဲ့ ဣန္ဒြေ အနေအထားတို့က သိသာပါတယ်။

ဟုတ်တယ်လေ ရှာဖွေသူ တောင့်တသူက ယောက်ယက်ခတ်ပြီး ဣန္ဒြေအားလုံး မတည်မငြိမ် ဖြစ်နေသလောက် တွေ့ရှိပြီးသူ၊ ပေးနိုင်စွမ်းရှိသူ၊ ပေးလိုသူဟာ ဘယ်လောက် တည်ငြိမ်ခန့်ငြားထည်ဝါနေမလဲ ဆိုတာ အသိသာကြီးပဲ။ အဲဒီတော့ တပည့်တော်သဘောပေါက်သလောက်ပြောရရင်၊ မိဂဒါဝုန်မှာ ဘုရားရှင်အနေနဲ့ ပဉ္စဝဂ္ဂီငါးဦးတို့ကို သိပ်ပြီး ရှည်ရှည်းဝေးဝေးခက်ခက်ခဲခဲစည်းရုံးနေစရာ မလိုလှသေးဘူး၊ ပေးနိုင်စွမ်းနဲ့ ပေးလိုစိတ်ရှေ့ထားလိုက်ကတည်းက အလိုလိုကိစ္စပြီးနေပြီလို့ သဘောရပါတယ်။

ဒီနေရာမှာ တစ်ခုတော့ ပြောစရာရှိတာပေါ့၊ ပဉ္စဝဂ္ဂီငါးဦးတို့ဟာ မြတ်စွာဘုရားရှင်ကို ခရီးဦးကြိုဆို ပြုကြပေမယ့် "သဗ္ဗညုဘုရားဖြစ်ပြီး မသေရာတရားကို ဟောတော့မယ်"ဆိုတဲ့ အခါမှာတော့ မဖြစ်နိုင်ပါဘူးဆိုပြီး ငြင်းဆန်နေကြသေးတယ် မဟုတ်လားလို့၊ ဒါကတော့ **"အတ္တကို အပြင်းအထန် ညှင်းဆဲမှသာ တရားထူးရမယ်"** လို့ ထင်ထားတဲ့ ပဉ္စဝဂ္ဂီတို့ရဲ့ ဥပါဒါန်ရောဂါကပြင်းထန်လွန်းလို့သာ ဆေးကို ငြင်းဆန်နေတဲ့ သဘောပါ။ နောက်ဆုံးတော့ မြတ်စွာဘုရားရှင်က "ငါဟာ အရင်က မသေတရားကိုတွေ့ပြီလို့ ပြောဖူးသလား၊ မရခင်က ရပြီလို့ မပြောခဲ့ဖူးဘူး၊ အခုငါပြောပြီ၊ နားထောင်ကြ"လို့လဲ ပြောလိုက်ရော အားလုံးနားစိုက်သွားကြတာပဲမို့လား။ ဘာပဲဖြစ်ဖြစ် တပည့်တော် သဘောပေါက်မိတာကတော့ ပါရမီ အရင့်အမာကြီးတွေဖြစ်ကြတဲ့ ပဉ္စဝဂ္ဂီငါးဦး

http://www.dhammadownload.com



တို့ဟာ ဘုရားရှင်ရဲ့မျက်နှာတော်ကို မြင်လိုက်ရကတည်းက "တွေ့ရှိပြီးသူ၊ ပေးလိုသူ"ဆိုတာ သိသွားကြပြီး စိတ်က အလိုလို ညွတ်နှင့်ကြပြီလို့ကို ထင်ပါတယ်။ ဒီသဘောမျိုးကို အရှင်အဿဇိနဲ့ အရှင်ဥပတိဿပရိဗိုဇ်တို့ တွေ့ဆုံခန်းမှာလဲ နှိုင်းယှဉ် ကြည့်နိုင်တယ်၊ ဥပတိဿပရိဗိုဇ်ဟာ အရှင်သာရိပုတ္တရာ အလောင်းပါရမီရှင် ကြီးပီပီ အရှင်အဿဇိကို မြင်လိုက်ကတည်းက ရှာဖွေနေသူ မဟုတ်တော့ဘူး၊ တွေ့ရှိပြီးသူ ဖြစ်တယ်၊ လိုချင်တောင့်တ နေသူ မဟုတ်ဘူး ပေးနိုင်စွမ်းရှိသူ ဖြစ်တယ်ဆိုတာ တစ်ခါတည်း ဆုံးဖြတ် လိုက်တာပဲ မဟုတ်လား" ဆိုပြီး အကျယ်တဝင့် ဆွေးနွေးတင်ပြ သွားပါတယ်။

ဒီဆွေးနွေးချက်ကို အခြေခံပြီး တပည့်တော်တို့ အနေနဲ့လဲ ဆက်လက်စဉ်းစားစရာတွေ၊ အတုယူလိုက်နာစရာတွေ အများကြီး ရှိမယ် ထင်ပါတယ်။

အခုဆိုရင် အရှင်ဘုရားတို့အားလုံးဟာ စာရေး၊ စာချ၊ တရားဟော၊ တရားပြစတဲ့ သာသနာ့တာဝန်တွေ ယဉ်ကျေးလိမ္မာ သင်တန်းပြခြင်းစတဲ့ သာသနာနဲ့ ဆက်နွယ်တဲ့ တာဝန်တွေပေါ့လေ၊ အဲဒါတွေကို အလျှဉ်းသင့်သလို လုပ်ကိုင်ဆောင်ရွက်ကြတော့မယ် ဆိုတော့ ဒီကိစ္စတွေမှာ အခက်အခဲမရှိလှဘဲ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့အတွက် တပည့်တော်တို့ အရှင်ဘုရားတို့မှာ ဘာတွေ အခြေခံ လိုအပ်မလဲဆိုတာ အခုန ပြောခဲ့တဲ့ နတ်မှီတောရ ဆရာတော်ရဲ့ ရှုမြင်သုံးသပ်ခဲ့တာတွေကို အခြေခံပြီး ကောက် ချက်ချ ကြည့်ရအောင်ပါ။

သာသနာ့တာဝန် ထမ်းဆောင်တယ်၊ သာသနာပြုတယ်

http://www.dhammadownload.com



ဆိုတဲ့ ပုဂ္ဂိုလ်မျာအနေနဲ့ ပထမဆုံး အလေးအနက်ထား ရမယ့် ကိစ္စက မိမိတို့ကျင်လည်ရမယ့် ပတ်ဝန်းကျင်အပေါ်မှာ စည်းရုံး မြှင့်တင်နိုင်စွမ်းရှိရမှာ ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် မိန့်ကြား တော်မူတဲ့ "အပ္ပသန္နာနံ ဝါ ပသာဒါယ= မကြည်ညိုကြသေးသူတွေ ကြည်ညိုအောင်၊ ပသန္နာနံ ဝါ ဘိယျောဘာဝါယ=ကြည်ညိုပြီးသူတွေ သဒ္ဓါတိုးအောင်" ဆိုတဲ့စကားတော်ဟာ "သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ လောကကြီးကို စည်းရုံးမြှင့်တင်နိုင်စွမ်းရှိအောင် ဣန္ဒြေအားလုံးနဲ့ သရုပ်ဆောင်ကြရမယ်လို့" အဓိပ္ပါယ်ယူနိုင်ပါ လိမ့်မယ်။

အဲဒီတော့ စည်းရုံးမြှင့်တင်မယ့် ပုဂ္ဂိုလ်တစ်ယောက်အတွက် အောင်မြင်ရေးရဲ့ သော့ချက်ဟာ ဘာလဲဆိုတာ မြတ်စွာဘုရားရှင်ရဲ့ မိဂဒါဝုန်တရားဦးခရီးက သင်ကြားပြသနေပါတယ်။

**ပေးနိုင်အောင် ကြိုးစား**
**ပေးလိုစိတ်ကိုမွေး**
**ပေးလိုသူအဖြစ်နဲ့ ချဉ်းကပ်**

ဒီအင်္ဂါသုံးရပ်နဲ့ ပြည့်စုံရင် သာသနာပြုလုပ်ငန်းမှာ မုချအောင်မြင် မယ်လို့ ကောက်ချက်မချနိုင်လောက်ဘူးလား?။ ဒီလိုပြည့်စုံ ကြောင်းကို မြင်ရသူတိုင်းက သိသာစေဖို့ အတွက်ကတော့ ဣန္ဒြေ ခြောက်ပါးလုံးနဲ့၊ အထူးသဖြင့်တော့ စိတ်ဓာတ်ရဲ့ စကားပြန်ဖြစ်တဲ့ မျက်နှာအမူအရာနဲ့ သိသာအောင် သရုပ်ဆောင်ပြနိုင်စွမ်း ရှိရပါ လိမ့်မယ်၊ အသွင်အပြင်အားဖြင့် စည်းရုံးရေး သဘောဆောင်ပြီး၊ အနှစ်သာရ(ဟောပြောမှု) အနေနဲ့ မြှင့်တင်နိုင်စွမ်းရှိမှသာ အောင် မြင်တဲ့ သာသနာပြုပုဂ္ဂိုလ်ဖြစ်နိုင်မှာပါ၊ ဒီသဘောကို မိဂဒါဝုန်

http://www.dhammadownload.com



တရားဦး ခရီးလမ်းမှာ ဥပကတက္ကတွန်းနဲ့ တွေ့စဉ်က ဥပကရဲ့ " ဟုပေယျ= ကိုယ်လုံးကိုယ်ပေါက် ရုပ်ကို(မျက်နှာ) ထောက်သော် ဟုတ်လောက်ပေရာ၏" ဆိုတဲ့ မှတ်ချက် စကားတို့၊ အရှင်အသဇိ မထေရ်နဲ့ ဥပတိဿပရိဗိုဇ် (အရှင်သာရိပုတ္တရာလောင်း)တို့ တွေ့ဆုံရာမှာတို့၊ နိဂြောဓသာမဏေနဲ့ သီရိဓမ္မာသောက မင်းကြီးတို့ တွေ့ဆုံရာမှာတို့ အရလဲ သိသာထင်ရှားပါတယ်။

အဲ တစ်ခုတော့ရှိတာပေါ့လေ "အကောင်းဆုံး ဆိုတာ ဘာလဲ ဆိုရင်တော့-လိပ်ဥပါပဲပေါ့၊ သူ့ ချည်းလား ဆိုရင်တော့ ဆားကလေးနဲ့ပါဘုရား" ဆိုသလိုပေါ့။ ပေးနိုင် သူ ပေးလိုသူဖြစ်ရုံနဲ့ အောင်ပွဲရနိုင်မလားဆိုရင်တော့ "စိတ်ရှည်၊ သည်းခံ၊ ဇွဲအားသန်-ဆိုတာကလေးနဲ့ ပေါင်းစပ် မှပါဘုရား"လို့ ပြောရမယ် ထင်ပါတယ်၊ (၁၈)ယူဇနာခရီးကို မညည်းမညူဇွဲသန်သန်နဲ့ ကြွတော်မူခဲ့တဲ့ ဘုရားရှင်ဟာ ပဉ္စဝဂ္ဂီငါးဦးတို့က "လာဘ်ကိုင့်ကွက် အစားမက်တဲ့ တရား လူထွက်ကြီး"လို့ စွပ်စွဲတာတွေကို သည်းခံပြီး စိတ်ရှည် ရှည်နဲ့ သိမ်းသွင်းစည်းရုံးတော်မူခဲ့တဲ့ ဘုရားရှင်ရဲ့ ကရုဏာတော်ကို လဲ အတုယူနိုင်မှ တန်ရာကျပါလိမ့်မယ်။

ဘယ်လောက်ပေးမလဲ ဘယ်လိုပေးမလဲ ဆိုတာကိုလဲ ဆက်ပြီးဆွေးနွေးပါဦးမယ်။

အလင်းတန်းဂျာနယ်
အမှတ် (၅၄၈)၊ မတ် ၃၀၊ ၂၀၀၉

http://www.dhammadownload.com



# ဘယ်လိုပေးမလဲ၊ ဘယ်လောက်ပေးမလဲ

စာရေး, စာချ, တရားဟော, တရားပြစတဲ့ သာသနာပြု လုပ်ငန်းဆိုတာ တကယ်တန်း စဉ်းစားကြည့်မယ်ဆိုရင် လောကကို ကိုယ်စွမ်းနိုင်သမျှ အလုပ်အကျွေးပြုကြရတဲ့သဘောပါပဲ။ အလုပ်အကျွေး ပြုတယ်ဆိုကတည်းက ကိုယ်က သူ့ကို ပေးစွန့်ရတာပါ။ သူ့ဆီက ရယူတောင့်တတဲ့ အဖြစ်မျိုး မဖြစ်သင့်ပါဘူး၊ ဒါကြောင့်လဲ 'ပေးနိုင်အောင် ကြိုးစား၊ ပေးလိုစိတ်ကို မွေး၊ ပေးလိုသူ အဖြစ်နဲ့

http://www.dhammadownload.com



ချဉ်းကပ်ပါ' လို့ အကြံပြုခဲ့တာပါ။

သာသနာပြုပုဂ္ဂိုလ်၊ အထူးသဖြင့်တော့ တရားဟော ပုဂ္ဂိုလ်၊ ဓမ္မစာပေ ရေးသားတဲ့ ပုဂ္ဂိုလ်များပေါ့လေ၊ ဒီပုဂ္ဂိုလ်များ အနေနဲ့ ထားရှိသင့်တဲ့ စိတ်ထားနဲ့ မထားရှိသင့်တဲ့ စိတ်ထားတို့နဲ့ ပတ်သက်လို့ ရှေးဆရာမြတ်များကလဲ . . .

'အဟောဝတ မေ သုဏေယျုံ = ငါ့တရား ငါ့စာကို နာယူဖတ်ရှုကြရင် ကောင်းပေစွ။

အာဇာနေယျုံ ယထာတထံ = နာယူဖတ်ရှုပြီး နားလည်သဘောပေါက်ကြရင် ကောင်းပေစွ။

တံ ဓမ္မံ ဒါဇာနိတ္တ္ဝာန၊ စရေယျုံ အဝိရောဓနာ = နားလည်သဘောပေါက်တဲ့အတိုင်း မဆန့်မကျင် လိုက်နာ ကျင့်ကြံကြရင် ကောင်းပေစွ"လို့ ဒီလို ရည်ရွယ်ချက်မျိုးထား ရမယ်။

'အဟောဝတ မေ သုဏေယျုံ = ငါ့တရား ငါ့စာကို နာယူဖတ်ရှုကြရင် ကောင်းပေစွ။

သုတ္တ္ဝာန ပသီဒေယျုံ= နာယူဖတ်ရှုပြီး ငါ့ကို ကြည်ညို ကြရင် ကောင်းပေစွ။

ပသန္နာကာရံ ကရေယျုံ= ကြည်ညိုတဲ့ အချင်းအရာ ကို ပြတဲ့အနေနဲ့ လှူဒါန်းပူဇော်ကြရင် ကောင်းပေစွ" ဆိုတဲ့ အလိုဆိုး စိတ်ထားမျိုး မထားသင့်ဘူးတဲ့။

ဒါတင်မက မြတ်စွာဘုရားရှင်က ပထမဝါကျွတ်ပြီးလို့ ပဝါရဏာ (အချင်းချင်း အမြင်မတော်၊ အကြား မတော်တဲ့ ကိစ္စ

http://www.dhammadownload.com



များနဲ့ အထင်အမြင် လွဲမှားစရာကိစ္စများရှိရင် ပွင့်ပွင့်လင်းလင်း ရှင်းရှင်းနှီးနှီး ပြောဆို ဆုံးမပြုပြင်ပေးကြဖို့ အပြန်အလှန် ဖိတ်ကြားမှုကိစ္စ) ပြုပြီး ကြတဲ့အခါ တပည့်ဦးကြီးများဖြစ်ကြတဲ့ ရဟန္တာ ခြောက်ကျိပ်(၆၀) တို့ကို သာသနာပြုစေလွှတ် တိုက်တွန်း ရာမှာ မိန့်ကြားတော်မူခဲ့တာလေးတွေကိုလဲ အားလုံး ပြန်လည် နှလုံးသွင်း ကြဖို့ ကောင်းပါတယ်။

ဘုရားရှင်က . . . "ရဟန်းတို့ အရပ်ဒေသ အသီးသီးကို ခရီးလှည့်လည်ကြ"တဲ့။

ဘယ်လို ရည်ရွယ်ချက်နဲ့လဲ၊ ဒေသန္တရဗဟုသုတ ရအောင် လို့လား၊ အကြည်ညို အပူဇော်ခံဖို့လားဆိုတော့ . . .

"လူအများရဲ့ ကောင်းကျိုးချမ်းသာကို ဆောင်ရွက်ဖို့၊ လောက ကို အမြကြင်နာစောင့်ရှောက်ဖို့၊ နတ်လူ အပေါင်းတို့ရဲ့ ကောင်းကျိုး ချမ်းသာတွေရစေဖို့"တဲ့။

တိုးတိုးဖော် တိုင်ပင်ဖက်ရအောင် နှစ်ပါး, သုံးပါး စသည် စုပေါင်းသွားရမှာလားဆိုတော့ . . ဘယ် ဒီလိုသွားလို့ ဖြစ်မလဲ သာသနာပြုမယ့်ဦးရေက နည်းနည်းလေးရှိတာ "လူနည်းရင် ကျဲကျဲဝိုင်း" ဆိုသလိုပဲ "ခရီးတစ်ကြောင်းမှာ နှစ်ပါးတောင် ပေါင်းမသွားကြနဲ့၊ ခရီးတစ်ကြောင်း တစ်ပါးကျစီနဲ့ အရပ်ဒေသ ပျံ့နှံ့နိုင်သမျှ ပျံ့နှံ့အောင် လှည့်လည်ကြ"တဲ့။

လောကရဲ့ ကောင်းကျိုးကို ဆောင်ရမယ်၊ လောကကို အလုပ်အကျွေးပြုရမယ်ဆိုတော့ လောကသားတွေ ကျေနပ် သဘောကျအောင် ဗေဒင်ဟော၊ ဆေးကု၊ ဝေယျာဝစ္စပြု၊ လက်

http://www.dhammadownload.com



ဆောင်ပေးစတဲ့ အလုပ်မျိုးတွေကို ပြုလုပ်ကူညီပေးရမှာလား ဆိုတော့ . . .

"အဲဒီလို လောကီကိစ္စတွေ၊ ရုပ်ဝတ္ထုအားတွေနဲ့ အကျိုးဆောင် အလုပ်အကျွေးပြုရမှာ မဟုတ်ဘူး၊ တရားနဲ့ ဆောင်ရွက်ပေးရမှာ၊ ဒါကြောင့် "တရားဟောကြ" တဲ့။

ဘာကို ဘယ်လိုဟောရမလဲ။ အများကြိုက်အောင်၊ ပွဲကျအောင်၊ ပျော်ရွှင်စရာ၊ စိတ်ကူးယဉ်စရာ ရာဇဝင်တွေ၊ ပုံတိုပတ်စတွေ ပြော၊ သံရှည်,သံညှင်း ဓမ္မတေးသီချင်းတွေနဲ့ သီဆိုဖျော်ဖြေတဲ့ သဘောမျိုးဟောပြောရမှာလားဆိုတော့ . . .

အဲဒီလို မဟုတ်ပါဘူး။ "အစ၊ အလယ်၊ အဆုံး (သီလ၊ သမာဓိ၊ ပညာ) ကောင်းခြင်းသုံးဖြာ (သိက္ခာသုံးပါး) နဲ့ ပြည့်စုံပြီး အနက်သဒ္ဒါနဲ့ ပြည့်စုံတဲ့ တရားကို ဟောကြပါ"တဲ့။

"တရားဟောကြရမယ်ဆိုတော့ အများနားလည်အောင် ဟောပြရုံပဲ မဟုတ်လား၊ တခြားဘာများလိုအပ်ပါသေးသလဲ" ဆိုတော့ အဲဒီလောက် မပြည့်စုံသေးဘူး၊ လောကမှာ အပြောနဲ့ အလုပ်၊ သဘောနဲ့ သရုပ်ဆိုတာ ထပ်တူကျနေမှ လူအများက လေးစား ယုံကြည့်ကြမှာပေါ့။ ဒါကြောင့် " အကျင့်မြတ်ရဲ့ စင်ကြယ်မှုကို ထင်ရှားပြကြရမယ်"တဲ့။

ဒီနောက်ဆုံး မှာတမ်းစကားရပ်ကလေးက အတော်အလေးအနက်ထားရမယ့်ကိစ္စလို့ ထင်ပါတယ်၊ "အကျင့်မြတ်ရဲ့ စင်ကြယ်မှုကို ထင်ရှားပြကြ"ဆိုတာ မိမိဟောမယ့် အကျင့်မြတ်ဟာ သတ္တဝါဝေနေယျတို့ရဲ့ ကိလေသာရောဂါ ဝမ်းတွင်းနာတွေကို

http://www.dhammadownload.com



ကင်းစင်စေနိုင်တယ်ဆိုတာ အများကမြင်သာသိသာအောင် ဣန္ဒြေ ခြောက်ပါးလုံးနဲ့ သရုပ်ဆောင်ပြရမှာလို့ သဘောပေါက်မိပါတယ်။

ဟုတ်တယ်လေ။ သာသနာပြုတယ်ဆိုတာ သတ္တဝါဝေနေယျတို့ရဲ့ ကိလေသာရောဂါ ဝမ်းတွင်းနာကို ဆေးကုပေးရမယ့် သဘောမျိုး မဟုတ်လား၊ 'သွားတစ်ချောင်းမှ မပါတဲ့ ပုဂ္ဂိုလ်က "သွားနာ, သွား ကိုက်ပျောက်ဆေးတွေ ရမယ်"လို့ အော်ပြီး ကြော်ငြာတာမျိုးဆိုရင် ဘယ်သူက ယုံကြည် ကိုးစားကြတော့မလဲ။ ဆေးကုမယ့်သူဆိုတာ ကိုယ်တိုင်က ဒီဆေးကို သောက်သုံးမှီဝဲတဲ့ အတွက် ဘယ်လောက် ကျန်းမာ ခန့်ကျန်းတယ်ဆိုတာ ထင်ရှား ပြနိုင်မှသာ အများကလဲ ယုံကြည်လက်ခံကြတော့မပေါ့။ သာသနာပြုမယ့် ပုဂ္ဂိုလ်များဟာလဲ အနည်းဆုံးတော့ ကိုယ် ကြော်ငြာတဲ့ ဆေးကို ကိုယ်တိုင်သောက် သုံးပြီး ကိုယ်ရော စိတ်ပါ အေးငြိမ်း ကြောင်းကိုတော့ ဣန္ဒြေ ခြောက်ပါးနဲ့ သရုပ်ဆောင်ပြနိုင်မှ တန်ကာကျမှာပေါ့။

အဲဒါကြောင့် အကျင့်မြတ်နဲ့အညီ လိုက်နာ ကျင့်သုံးသူများဟာ ဘယ်လောက်အထိ ကိုယ်ရော စိတ်ပါ ငြိမ်းအေး ချမ်းသာတယ်ဆိုတာ ကိုယ်အမူအရာ၊ နှုတ်အမူအရာစတဲ့ ဣန္ဒြေ ခြောက်ပါး လုံးနဲ့ သရုပ် ဆောင်ပြရမှာပေါ့။ စောစောက ပြောခဲ့တဲ့အတိုင်း ဥပတိဿပရိဗိုဇ်ကို မြင်သာသိသာစေတဲ့ အရှင်အဿဇိရဲ့ ထင်ရှား ပြမှုတို့၊ သီရိမေဃာသောကမင်းကြီးကို မြင်လိုက်ရုံနဲ့ သာသနာ အပေါ်မှာ သက်ဝင်ကြည်ညိုသူဖြစ်အောင် စည်းရုံးနိုင်ခဲ့တဲ့ နိဂြောဓ သာမဏေရဲ့ ဣန္ဒြေ ခြောက်ပါးလုံး လုံခြုံပြည့်စုံစေနိုင်မှုတို့ဟာ

http://www.dhammadownload.com



"အကျင့်မြတ်ရဲ့ စင်ကြယ်ပုံကို ထင်ရှားပြတဲ့ သရုပ်ဆောင်မှုများ ဖြစ်တယ်" လို့ သဘောပေါက် အတုယူပြီး ထပ်တူပြုကြဖို့ လိုပါ လိမ့်မယ်။

အခုအဓိကထား ဆွေးနွေးကြမှာက "ဘယ်လို ပေးမလဲ၊ ဘယ်လောက်ပေးမလဲ" ဆိုတဲ့အကြောင်းပါ၊ ဒီနှစ်မျိုးထဲက "ဘယ်လိုပေးမလဲ"ဆိုတာနဲ့ ပတ်သက်လို့တော့ တိုတိုချုပ်ပြော ရရင် အထက်မှာ ပြောခဲ့တဲ့အတိုင်း "ပေးလိုစိတ်နဲ့ပေးပါ"လို့ပဲ ပြောရမှာပါပဲ။ ပေးလို စိတ်နဲ့ ပေးမည့်သူများရဲ့ ထားရှိသင့်တဲ့ စိတ်ဓာတ်နဲ့ စေတနာများကို အထက်မှာလဲ ပြောခဲ့ပြီးပါပြီ။

"ဘယ်လောက် ပေးမလဲ"ဆိုတာနဲ့ ပတ်သက်လို့ ကိုယ့် တွေ့ကြုံရပုံကလေးက စပြီးပြောချင်ပါတယ်။ ကြုံတွေ့ရပုံကတော့ . . ဒေးဒရဲမှာ နိကာယ် သင်တန်း တက်ခဲ့စဉ်က ဥပုသ်နေ့ ညပိုင်း တွေမှာ တစ်လှည့်စီ တရား ဟောကြရတယ်၊ မိမိဟောပြောရမည့် အလှည့်မှာ (၄၅)မိနစ် စာလောက် တတ်သမျှ မှတ်သမျှ ကြားဖူး နားဝတွေကော၊ ကိုယ်ဟာကိုယ်တော့ ဆန်းသစ် ခေတ်မီလှပြီလို့ ထင်တဲ့ အတွေးအမြင် ကလေးတွေပါ တော်တော်ကလေး ဝေဝေ ဆာဆာ ဖြစ်အောင်ဆိုပြီး အစွမ်းပြထည့်လိုက်ပါတယ်။

ဟောပြောပွဲပြီးလို့ ဆရာတော်ကြီးများ စကားဝိုင်းကိုလဲ ရောက်ကရော ကွင်းကျောင်းဆရာတော်ကြီးက "ငါ့ရှင် ဟောပြော သွားတာတွေဟာ "မကောင်းပါဘူး"လို့ ပြောစရာတော့ ဘာတစ်ခုမှ မပါပါဘူး၊ အဲ . . . ဘယ်အချက်ကတော့ဖြင့် ဘာကြောင့် ဘယ်လို ကောင်းပါတယ်ရယ်လို့လဲ ရေရေရာရာ ပြောပြစရာ ဘာမှမပါ

http://www.dhammadownload.com



ပြန်ဘူး ဖြစ်နေတယ်။ ကြားဖူးနား၀ ဗဟုသုတတွေနဲ့ ၀ေ၀ေဆာဆာရှိသလောက် ရေရေရာရာ ဘာမှမရှိသလိုဖြစ်နေတာပေါ့။ (အမှန်က ၀ေ၀ေဆာဆာ ရှိဖို့ထက် ရေရေရာရာရှိဖို့က အဓိက ဆိုတာ နောက်တော့ သဘောပေါက်လာပါတယ်။)

တရားဟောတယ်ဆိုတာ ကိုယ်ဘယ်လောက်အထိ ဗဟုသုတ ရှိတယ်ဆိုတာ ပြဖို့မဟုတ်ဘူး၊ နာယူသူတွေရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီ တန်သင့်အောင် ဘယ်လိုပြောမယ်ဆိုတာ ချင့်ချိန်ပိုင်းခြားပြီးတော့မှ "အနာနဲ့ ဆေး၊ သင့် အောင်ပေး" ဆိုသလို ဟောပြောတတ်ဖို့က အဓိကဗျ။ ဟို. . ဗြဟ္မဇာလသုတ်၊ စူဠသီလခန်းက - သမ္ဖပ္ပလာပ ၀ိရတိ သိက္ခာပုဒ် ပါဠိတော်နဲ့ အဋ္ဌကထာကို သေချာ ကြည့်ကြည့် စမ်းပါဦး" လို့ ၀ေဖန် ထောက်ပြတော်မူပါတယ်။

ဆရာတော်ညွှန်ကြားတဲ့ ပါဠိတော်နဲ့ အဋ္ဌကထာတို့မှာ ပြဆိုထားတာကတော့ . . တရားဟောပြော (ရေးသား) တဲ့ ပုဂ္ဂိုလ်များဟာ . . .

(၁) ကာလ၀ါဒီ= ပြောသင့်, ပြောထိုက်တဲ့ အချိန်ကာလနဲ့ သင့်လျော် လျောက်ပတ်ရုံပြောရမယ်' တဲ့။ ဒါနဲ့ ပတ်သက်လို့ ကြားဖူးတဲ့ ပုံပြင်ကလေးတွေ တော်တော် များများရှိပါတယ်။

တရားအလွန်ဟောချင်တဲ့ ဆရာတော်တစ်ပါးက သူ့ရဲ့ အတောမသတ်နိုင်အောင် စကားကြောရှည်လှတဲ့ တရားတွေကို ဘယ်သူမှ နာယူမည့်သူ မရှိတဲ့အတွက် မြက်ရိတ်ရောင်းသူတစ်ဦးကို "မြက်ရိတ်ခထက် တစ်ဆ ပိုပေးမယ်၊ နေပူခံပြီး မြက်ရိတ်မနေနဲ့ တရားသာ နာပါ"လို့ ကျောင်းခေါ်ပြီး တရားနာခိုင်းတဲ့အခါ

http://www.dhammadownload.com



နှစ်ရက်၊ သုံးရက် လည်းရှိရော မြက်ရိတ်သမားက"အရှင်ဘုရား တပည့်တော် မြက်ရိတ်ရောင်းရတာက ခါးသာ ပူတယ်၊ နား မပူဘူး၊ အရှင်ဘုရား တရားကိုနာရတာ ခါးလည်း ပူတယ်၊ နားလည်း ပူတယ်" ဆိုပြီး လစ်ပြေးတယ် ဆိုတာတို့။

အလှူမှာ တရားနာမိခါမှ မွန်းတည့်ကနေ နာလိုက်တာ ညနေစောင်းလို့ ထမင်းချက်ချိန်ရောက်တဲ့အထိ တရားဟော ဘုန်းကြီးက အဘိဓမ္မာ မသတ်နိုင် (ရှေးက ဓမ္မကထိက ပုဂ္ဂိုလ်များ ဟာ တရားအဆုံးမှာ "ဤသည်ကား သုတ္တန်ဒေသနာတော် ဖြစ် ချေ၏၊ ထိုမှ တစ်ပါး အလွန်တရာ ကြားရ နာရခဲလှစွာသော အဘိဓမ္မာဒေသနာတော်မြတ်သည်ကား . . . ကုသလာဓမ္မာ . . အစရှိသည်တည်း" ဆိုတဲ့ စကားနဲ့ နိဂုံးအုပ်လေ့ရှိတယ်၊ အဲဒါကို အဘိဓမ္မာသတ်တယ်လို့ ခေါ်တာ)တဲ့အတွက် ကလေးကို ဆွဲလိမ်ပြီး ကလေး အော်ငိုတော့မှ "ဟဲ့ . . တိရစ္ဆာန်လေး အော်ငိုမနေနဲ့၊ နင့်အဖေက ခုထိ အဘိဓမ္မာ မသတ်သေးဘူး" လို့ အစွပ်စွဲခံရတယ် တို့ဆိုတဲ့ ပုံပြင်လေးတွေဟာ ကာလဝါဒီမဖြစ်ပုံကိုပြတဲ့ သာဓက ကလေးတွေ ဖြစ်မယ်ထင်ပါတယ်။

တပည့်တော် တောင်ကြီးသိမ်တောင်တိုက်မှာ စာချ နေစဉ်က ဆရာတော်ဘုရားကြီးကျောင်းနဲ့ ကပ်နေတဲ့ သိမ်ကျောင်း ပေါ်က စာသင်သားတစ်ဦးဟာ နေ့ဆွမ်း ဘုန်းပေးပြီးလို့ တခြား ပုဂ္ဂိုလ်တွေ ခေတ္တအနားယူ မှေးစက်ချိန်မှာ သူက စာကို အကျယ် ကြီး အော်ကျက်လေ့ရှိပါတယ်။ သူ့ စိတ်ထဲမှာတော့ "သူများတွေ အိပ်စက်နားနေချိန်မှာတောင် သူက စာကျက်နေတယ်"လို့ ဆရာ

http://www.dhammadownload.com



တော်ကြီးက အသိအမှတ်ပြုစေလိုပုံ ရပါတယ်။

ဒါပေမယ့် အဲဒီလို အော်ပြီး စာကျက်လို့ မကြာခင်မှာပဲ ဆရာတော်ကြီးက "ဟေ့ . . ဟေ့ . . သူများတွေ အနားယူချိန်မှာ စာအော်ပြီး ကျက်နေတာ ဘယ်သူလဲ၊ ဒီလောက်တောင် စာအော် ကျက်ချင်ရင် ဟိုးက ဘုရား တန်ဆောင်းမှာ သွားကျက်"ဆိုပြီး သတိပေးဖူးပါတယ်။ ဒါတွေ အားလုံးဟာ ကာလဝါဒီ မဖြစ်ခဲ့ရင် ကောင်းမွန် မှန်ကန်တဲ့ တရား စကားပင် ဖြစ်စေဦးတော့ ယုတ်ညံ့ ပြိန်ဖျဉ်းတဲ့ သမ္ဖပ္ပလာပဝါစာ သဘောမျိုး သက်ရောက်တတ်ပုံကို ညွှန်ပြတဲ့ သာဓကများပဲ ဖြစ် ပါတယ်၊ သူများအိပ်ချိန်မှာ အသံကျယ်ကျယ်နဲ့ ဘုရားဝတ်ပြုမိလို့ အပြိုင်ခံရတာဟာလဲ ကာလဝါဒီ ချွတ်ယွင်းမှုကြောင့် သမ္ဖပ္ပလာပ သဘောမျိုး သက်ရောက်သွားခြင်းပဲ ဖြစ်ပါတယ်။

(၂) ဘူတဝါဒီ= သဘာဝအားဖြင့် ဖြစ်စေ၊ လောက ပညတ်အားဖြင့် ဖြစ်စေ ဟုတ်မှန်ထင်ရှားတဲ့ အနက်သဘောကိုသာ ပြောရမယ်'တဲ့၊ ယတြာကိန်းခန်း အလိုက် အညွန့်, အရွက်တွေ ဆောင်လို့ ကောင်းကျိုးရတယ် ဆိုတာမျိုး၊ လက်ဖွဲ့တွေ အဆောင် တွေကြောင့် အန္တရာယ်ကင်းတယ် ဆိုတာမျိုးတွေဟာ ကံနဲ့ ကံရဲ့အကျိုးကို ဆန့်ကျင်နေတဲ့အတွက် ဘူတဝါဒီ မဟုတ်ပါဘူး၊ ဒါမျိုးတွေကိုလဲ မပြောရဘူးလို့ သတိပေးလိုက်တာပါ။

(၃) အတ္ထဝါဒီ = လောလောဆယ် ရရှိမည့် အကျိုး၊ ရေရှည် ရရှိနိုင်မည့် အကျိုးတို့နဲ့ စပ်တဲ့ စကားမျိုးကိုသာ ပြော ဟောသင့်တယ်' တဲ့၊ ဒါကတော့ သိသာထင်ရှားပါတယ်။

http://www.dhammadownload.com



(၄) **ဓမ္မဝါဒီ** = လောလောဆယ်အကျိုး၊ ရေရှည်အကျိုး ရှိတဲ့ စကားဆိုပေမယ့် လောကီအကျိုးစီးပွားရေးကိုသာ မပြောပါနဲ့ လောကဝဋ်ဒုက္ခမှ လွတ်မြောက်ရေး (လောကုတ္တရာ)အကျိုး စီးပွား မျိုးကိုလဲ ပြောပါတဲ့။

(၅) **ဝိနယဝါဒီ**= လောကလွတ်မြောက်ရေး (လောကုတ္တရာ)တရားကို ရစေဖို့ဆိုတာ စောင့်ထိန်းသင့်တာ တို့ကို စောင့်ထိန်းဆောက်တည်ရေး (သံဝရဝိနည်း)နဲ့ ရှောင်ရှားသင့်တာ တို့ကို ရှောင်ရှားရေး (ပဟာနဝိနည်း) နှစ်မျိုးနဲ့ ယှဉ်တဲ့ စကားပဲ ဖြစ်ပါတယ်တဲ့။

ဒီအင်္ဂါရပ်တွေနဲ့ ညီညွတ်တဲ့ စကားတွေကို ဟောပြောရာ မှာလဲ အဓိကအရေးကြီးတာက "**နိဓာန ဝတိ** = နှလုံးအိမ် (စိတ်) ထဲမှာ ငြိထင်ကျန်ရစ်လောက်တဲ့ စကားမျိုး ဖြစ်စေရပါမယ် တဲ့၊ အခုခေတ်စကားနဲ့ ဆိုရင်တော့ ရင်ထဲ နှလုံးထဲ စွဲထင် ကျန်ရစ် စေတဲ့ စကားမျိုးလို့ ဆိုရမှာပေါ့၊ ဘန်းစကားအနေနဲ့တော့ "အသဲ စွဲလောက်တဲ့စကား"လို့ ဆိုရမယ်ထင်ပါတယ်။

ဒီလို နှလုံးသားထဲမှာ ဘယ်တော့မှ ပျောက်မသွားလောက် အောင် စွဲထင်စေတဲ့ အပြောအဟော၊ အရေးအသားမျိုးကို ဆရာ ဦးအောင်သင်းကတော့ 'ငြိလုံး' လို့ သုံးပါ တယ်၊ 'ငြိလုံး' ဆိုတာ မထိတထိ ရိသဲ့သဲ့ စကားလုံးမျိုးကို ဆိုလိုတာ လုံးဝမဟုတ်ပါဘူး။ ကြည်နူးမှု၊ ရွှင်လန်းမှု၊ ကရုဏာသက်မှု၊ ကြမ်းတမ်းတဲ့အရာမှာ ကြမ်းတမ်းမှုသရုပ်ကို ပေါ်လွင် ထင်ရှားအောင်ပြသမှု (ဥပမာ- ဆရာ မင်းသုဝဏ်ရဲ့ ပျဉ်းမငုတ်တို)၊ ရဲရင့်တက်ကြွမှု၊ ကြောက်လန့်

http://www.dhammadownload.com



သင့်တဲ့ အရာကို ကြောက်လန့်စေမှု (သံဝေဂ)၊ ငြိမ်းအေးစေမှု၊ စက်ဆုတ်စရာကို စက်ဆုတ်စေမှု (ဥပမာ . ဆရာ ကာပြန် အာလုံ့စူး) စတဲ့ စကား ရသ၊ တရားရသ၊ စာပေရသတို့နဲ့ အံဝင်ဂွင်ကျဖြစ်တဲ့ စကားလုံးတို့၊ ဥပမာတို့ကို အကြောင်းပြုပြီး မမေ့နိုင်အောင် စွဲထင်ကျန်ရစ်ခဲ့တဲ့ အပြော, အပြမျိုးကို ဆိုလိုတာပါ။

ဒီလို ပြောဟောနိုင်စွမ်းရှိသူများကို တရားဟော (စကားပြော၊ စာရေး) ကျွမ်းကျင်သူ (ဒေသနာ ကောသလ္လ ဉာဏ်ရှိသူ) လို့ ခေါ်ဆိုပါတယ်။ ဒေသနာမှန်ဖြစ်သော်လဲ ဟောပြောမှု မကျွမ်းကျင်ရင်၊ ဒါမှမဟုတ် အထက်မှာ ပြောခဲ့သလို 'ကာလဝါဒီ' စသည်နဲ့ မပြည့်စုံရင် သမ္ဖပ္ပလာပဝါစာ သဘောမျိုး သက်ရောက်ထင်ရှားစေတတ်လို့ အထူး သတိပြုသင့်ပါတယ်။

ကာလဝါဒီ စသည် မဖြစ်မှုဆိုတာ ဆန့်တွေးကြည့်ရင်တော့ အတော်နေရာကျယ်ပါတယ်၊ ဖြောင့်ဖြောင့် ဆန့်ကျင်မှု၊ ထိပ်တိုက်တွေ့ဆုံမှုမျိုးဟာလဲ တစ်ခါတစ်လေ သမ္ဖပ္ပလာပဝါစာ သဘောမျိုး သက်ရောက်သွားတတ်ပါတယ်၊ သာဓကတစ်ရပ်အနေနဲ့တော့ မိန်းကလေး တစ်ယောက်အပေါ်မှာ စွဲလန်းတပ်မက်လွန်းနေတဲ့ လူငယ်တစ်ဦးကို အရှင်သာရိပုတ္တရာက အသုဘ ကမ္မဋ္ဌာန်းပေးတဲ့ ဖြစ်ရပ်မျိုးလိုပေါ့၊ အနာနဲ့ ဆေးချက်အရ သမရိုးကျ ကြည့်မယ်ဆိုရင်တော့ ရာဂစရိုက် ရှိသူကို အသုဘကမ္မဋ္ဌာန်း ပေးတယ်ဆိုတာ နည်းမှန် လမ်းမှန်ဖြစ်ပါတယ်၊

ဒါပေမယ့် ရာဂစရိုက်ပြင်းထန် လွန်းသူအတွက်တော့ အသုဘ ကမ္မဋ္ဌာန်းက ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီး ထိပ်တိုက်

http://www.dhammadownload.com



တွေ့ဆုံမှု သဘောဆောင်တဲ့အတွက် အဲဒီ လူငယ်ဟာ တရားကို လန့်သွားပါတယ်။ နောက်တော့မှ ဘုရားရှင်က သိတော့ အလွန် လှပတဲ့ ပန်းပွင့်ကလေးတွေကို မပြတ်ကြည့်နေဖို့ တိုက်တွန်းလိုက်တယ်၊ အလှမက်သူအတွက် ပန်းပွင့်ကလေးများဟာ သူ့အကြိုက် ဖြစ်လို့ ဘုရားရှင် တိုက်တွန်းတဲ့ အတိုင်း မပြတ် ကြည့်နေရင်းက ပန်းကလေးတွေ ညှိုးနွမ်းပြီး ပွင့်ဖတ်ကလေးတွေ ကြွေကျကြတာကို သတိသံဝေဂရလာတော့မှ အသုဘသဘောကို သိမြင်ပြီး တရား ရသွားတဲ့ သာဓကေရှိပါတယ်။ ဒါဟာလဲ သတိထားရမယ့် အချက်ပါပဲ။

" ငြိလုံး" ဖြစ်စေမယ့် တရားဟောပြောပုံနဲ့ ပတ်သက်လို့ တောင်မြို့၊ ဘာသာဋီကာကျမ်းပြု ဆရာတော်ဘုရားကြီးက သီလက္ခန်ဘာသာဋီကာ(ပ-တွဲ) သမ္ပဝလာပ ဝါစာ အဖွင့်မှာ . . .

" အတ္တပရ၊ အဇ္ဈာသယနှင့်၊ အဋ္ဌုပ္ပတ်၊ ပုစ္ဆာရပ်ဟု၊ ဆက်စပ်လေးဖြာ၊ ကြောင်းရာရာကြောင့်၊ ဒေသနာဟောခွင့်၊ အကြောင်းသင့်သော်၊ နှိုင်းချင့် ပြီးသား၊ မည်သည့်တရားကို၊ ဟောကြားလိမ့်မည်၊ ထပနာတည်၍၊ ထို၍ကြောင်းစုံ၊ ဥဒါဟရုဏ်နှင့်၊ ပုံဥပမာ၊ နှိုးနှောကာတည်း၊ ဝေနေယျာဟူ၊ အများ လူတို့၊ နိဗ္ဗူရောက်ရန်၊ ပစ္စုပ္ပန်နှင့်၊ တမလွန်ကျိုး၊ စီးပွားမျိုးကို၊ တိုးစေမှသာ၊ ဒေသနာ၊ သေချာ ကျွမ်းကျင်သည်" လို့ လင်္ကာလေးနဲ့ အကျဉ်းချုပ် ပြထား ပါတယ်။

လင်္ကာရဲ့ ဆိုလိုရင်းကတော့ . . . ဟောပြော ရေးသားမှု ဆိုတာ " ကိုယ်က ပြောစရာရှိလို့၊ ပြောချင်လို့" ဆိုတဲ့ (အတ္တဇ္ဈာသယ)ရယ်၊ "သူတပါးက ဟောပြော ရေးသားဖို့ တိုက်တွန်း တောင်း

http://www.dhammadownload.com



ဆိုလာလို့ဆိုတဲ့ (ပရဇ္ဈာသယ)ရယ်၊ ဟောပြောရေးသားဖို့ အကြောင်း ဖြစ်ရပ်တစ်ခုခု ပေါ်ပေါက်လာလို့ဆိုတဲ့ (အဋ္ဌုပ္ပတ္တိက) ရယ်၊ အမေး ပုစ္ဆာရှိလို့ဆိုတဲ့ (ပုစ္ဆာဝသိက)ရယ် ဆိုပြီး ဖြစ်ပေါ်ကြောင်း (သုတ္တနိက္ခေပ) လေးမျိုးရှိတယ်။

အဲဒီလေးမျိုး တစ်မျိုးမျိုးကြောင့် ဟောပြောရေးသား ကြတော့မယ်ဆိုရင် " ဘယ်လိုအကြောင်းအရာကို ဟောပြော ရေးသားမယ်"ဆိုတဲ့ ဦးတည်သတ်မှတ်ချက်(ထပနာ)ကို ပထမဆုံး သုံးသပ်ဆုံးဖြတ်ထားရမယ်။

ပြီးတော့မှ မူလဦးတည်သတ်မှတ်ထားတဲ့ အကြောင်း အရာ ထင်ရှားပီပြင် ခိုင်မာလာစေမယ့်၊ အကြောင်း, သာဓက, ဥပမာ, ဥပမေယျတို့နဲ့ နှီးနှောပြီး ထင်ရှား ပီပြင်ပေါ်လွင်အောင် ပြသရမယ်။ ဒီလို ပြသရာမှာ မလိုအပ်ဘဲ မူလဦးတည်ချက် အပြင် ဘက်ကို ရောက်သွားစေတဲ့ စပ်မိစပ်ရာတွေ၊ အပိုဗဟုသုတတွေ၊ ကြွားဝါရှုတ်ချမှုတွေ မပါစေဘဲ သတ်မှတ်ထားတဲ့အတိုင်း အချိန် ရော အကြောင်းအရာပါ အကန့်အသတ် အပိုင်းအခြားရှိစေရမယ် တဲ့၊ အချိန်ကာလနဲ့ အကြောင်းအရာကို ကန့်သတ်ချက်မထားဘဲ အာတွေ့ရင် တွေ့သလို လျှောက်ပြောနေရင်တော့ "စကားကောင်း ပြောပေမယ့်၊ စကားပြောကောင်းသူအဖြစ် နာယူဖတ်ရှုသူတို့ ရင်ထဲ မှာ စွဲထင်မနေဘဲ လေရှည်ပြီး အလိုက်မသိသူအဖြစ် ရင်ထဲမှာ စူးထင်ကျန်နေရစ်တတ်တယ်လို့ သတိပေးလိုတဲ့ သဘောပါပဲ။

ကိုယ်ဟောပြောရေးသားမှုများဟာ လောကရေး အရ ကြည့်ရင်လဲ မျက်မှောက်အကျိုး၊ ရေရှည်အကျိုး နှစ်မျိုးတို့နဲ့

http://www.dhammadownload.com



ပြည့်စုံစေပြီး ဓမ္မရေးအရဆိုရင်လဲ နိဗ္ဗာန်လို့ ခေါ်တဲ့ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းလွတ်မြောက်မှုကို ဦးတည်ရမယ်၊ ဒါမှ ကျွမ်းကျင်လိမ္မာသူလို့ ဆိုနိုင်မယ်၊ ဒီလို မဟုတ်ရင်တော့ ဘယ်လောက်အကျိုးရှိတဲ့ စကားပဲဖြစ်ဖြစ် အကျိုးမဲ့ အချည်းနှီး (သမ္ဖပ္ပလာပ)သဘောပဲ ဖြစ်မယ်လို့ ဆိုလိုတာပါ။

သမ္ဖပ္ပလာပကို ပခုက္ကူဆရာတော်များအနက် မြန်မာပြန်တာကတော့ "စကားသံထွက်၊ စကားနက်ကင်း၊ ပြိန်ဖျဉ်းသော စကား (ဝါ) အနှစ်မဆန်၊ ယူရန်ကင်းလျှော၊ အသောအဖျင်း၊ ကောင်းကျိုးကင်းသော စကား"တဲ့။

ဒီနေရာမှာ အထူးသတိအပြုသင့်ဆုံးကတော့ "နာယူဖတ်ရှုသူတို့ရဲ့ အကျိုးစီးပွားကိုသာ အဓိက ဦးတည်ရမယ်"ဆိုတဲ့ အချက်ပါပဲ။ ဒီစကားရပ်ရဲ့ ဗျတိရိက် (အပြန်) အဓိပ္ပါယ်ကတော့ အကြွား၊ အဝါ၊ အပက်၊ အယက်တွေ လုံးဝမပါစေရဘူးလို့ ဆိုလိုတာပါ။

ဒီကိစ္စဟာ ပြောရင်တော့ လွယ်လွယ်လေးပဲလို့ ထင်ရပေမယ့် လက်တွေ့မှာတော့ စောင့်စည်းဖို့ အလွန် သတိမေ့တတ်တဲ့ ချွတ်ယွင်းချက်ကြီးတစ်ခုလို ဖြစ်နေတတ်ပါတယ်။

မိမိနဲ့ ငယ်စဉ်ကတည်းက ရင်းနှီးခဲ့တဲ့ စာရေးဆရာတစ်ယောက်က သူ့ရဲ့ ဝတ္ထုတိုလေးရဲ့ နောက်ဆုံး နိဂုံးမှာ ခေတ်ပေါ် အဆိုကျော်တစ်ယောက်ရဲ့ သီချင်းအမည်ကလေး တစ်ခုကို ဖော်ပြရာမှာ "ဘယ်အဆိုကျော်ရဲ့ ဘယ်သီချင်းလိုပဲ" ဆိုရင် ပြီးလောက်ပါလျက်နဲ့ အဲဒီကော်ပီ သီချင်းရဲ့ ဇစ်မြစ်ပါလှန်ပြီး "ဘယ်တီးဝိုင်းက

http://www.dhammadownload.com



ဘယ်အဆိုကျော်ရဲ့ ဘယ်အယ်လ်ဘန်ထဲက ဘယ်သီချင်းကို မြန်မာမှုပြု (ကော်ပီ လုပ်) ထားတဲ့" ဆိုတဲ့ စကားပိုဒ်အရှည်ကြီးကို ထည့်ပြီး ရေးထားတယ်၊ ဒီစကားရပ် အပိုပိုဒ်တွေကြောင့်ပဲ သူ့ ဝတ္ထုတိုကလေးရဲ့ နောက်ဆုံးဇာတ်သိမ်းပိုင်းကလေးဟာ စာဖတ်သူ များကို ကရုဏာရသပေးရမယ့်အစား စက်ဆုတ်ရွံမုန်းစရာ ဝိဘစ္ဆရသကို ခံစားသွားစေခဲ့ပါတယ်။

ဟုတ်တယ်လေ၊ သူ့ဝတ္ထုထဲက ဇာတ်ကောင်ဟာ ဘာ အလုပ်မှ မယ်မယ်ရရ မရှိသေးတဲ့အတွက် "လမ်းဆက်၍ လျှောက် ရဦးမယ့် အခြေအနေမျိုးသာဖြစ်နေလို့ စာဖတ်သူက ကရုဏာသက် စရာအဖြစ် ခံစားရမယ့်အစား စာရေးသူရဲ့ "သူဟာ ခေတ်ပေါ် နိုင်ငံခြားတီးဝိုင်းတွေ၊ အဆိုကျော်တွေ၊ အယ်လ်ဘန်တွေအကြောင်း ဘယ်လောက်နှံ့စပ်တယ်ဆိုတာ ကြွားဝါလိုတဲ့ စာပိုဒ်ကြီးကို ကြည့်ပြီး စက်ဆုတ်ရွံမုန်းစရာ ဝိဘစ္ဆရသကြီးနဲ့ အဆုံးသတ်သွားရပါတယ်။ မိမိကိုယ်တိုင်လဲ အဲဒီစာရေးဆရာကို လူချင်းတွေ့တဲ့အခါ ထောက် ပြ ဝေဖန်ခဲ့ပါတယ်။ နောက်တော့ အဲဒီစကားပိုဒ်တွေကို ဖြုတ်ပစ်ပုံ ရပါတယ်။ ဟောပြောရေးသားသူဆိုတာ "ကြုံတုန်း အစွမ်းပြလိုက် မယ်၊ ကြွားလိုက်မယ်"ဆိုတဲ့ စိတ်ကို အမြစ်ပြတ်ချိုးနှိမ်ထားနိုင်မှ တန်ကာကျပါလိမ့်မယ်။

နာယူဖတ်ရှုသူအတွက် အကျိုးမများဘဲ သံသယကိုသာ တိုးပွားစေတဲ့ "အပက် အကော်" အကြောင်းအရာများဟာလဲ သတိထားရှောင်ရှားသင့်တဲ့ ကိစ္စတစ်ရပ်ပါ။ အခုတလော ဘာသာရေးလောကမှာ အုတ်ဂူ တံတွေးထွေး တဲ့ ယဉ်ကျေးမှုနဲ့

http://www.dhammadownload.com



သချိုင်း မြေလှန်လှေလာရေး တွေ အတော်ခေတ်စားနေကြ သလားတော့ မပြောတတ်ဘူး၊ ကွယ်လွန်ပြီး သူတို့ရဲ့ အတင်း အဖျင်းတွေနဲ့ မရှိတော့သူတို့ကို ရှာဖွေရေးဆိုင်ရာ မေးခွန်းတွေ ခဏခဏကြားနေရတယ်။ လောလောဆယ်မှာပဲ ကျောင်းကို လူတစ်စု ရောက်လာပြီး "မေးလျှောက်စရာရှိလို့ ခွင့်ပြုပါ"တဲ့။ ဘာကိစ္စလဲဆိုတော့ "ရှင်ဥပဂုတ် ရှိ,မရှိ ပြဿနာပါ"တဲ့။

တို့ဟာ မြတ်စွာဘုရားသာသနာတော်ကို ယုံကြည် လက်ခံလိုက်နာနေကြတာပဲ၊ ဘုရားရှင်သာသနာတော် ရှိနေသမျှ တခြားဘယ်ပုဂ္ဂိုလ်တွေရှိခဲ့ မရှိခဲ့ ဘာအရေးကြီးလို့လဲ၊ တို့ ဘုရားရှင်ဟာ သတ္တဝါတွေအတွက် ပွင့်တော်မူလာတာပါ။ ကိုယ်တိုင် သက်ရှိသတ္တဝါတစ်ဦးဖြစ်နေသလို၊ ကိုယ့်ပတ်ဝန်းကျင်မှာလဲ သက်ရှိသတ္တဝါပေါင်းများစွာ ရှိနေလျက်နဲ့ သတ္တဝါတို့ရဲ့ အရေး ကိုတော့ မတွေးတော မစဉ်းစားကြဘဲ ဘာဖြစ်လို့ မသာ (ကွယ်လွန် ပြီးသူ)တွေ အရေးကို အချိန်ဖြုန်းတွေးတော ပြောဆိုနေကြတာ တုန်း၊ ဘာသာ, သာသနာဆိုတာ ပြောဆို ငြင်းခုန် အချိန်ဖြုန်းနေဖို့ လား၊ လိုက်နာကျင့်ကြံဖို့လား၊ အဲဒါ ကွဲပြားအောင် ခွဲခြားကြပါ။ သာသနာတော် ကြံ့ကျိုးနပ်ဖို့အတွက် အရေးအကြီးဆုံးက အသိ မှား အမြင်မှား(မိစ္ဆာဒိဋ္ဌိ)နဲ့ ယုံမှား သံသယ (ဝိစိကိစ္ဆာ)ကင်းစင်ရေး ဖြစ်တယ်လို့ ဘုရားရှင်က ဆုံးမ ထားတာကိုတော့ အလေးမထား ကြဘဲ ဘုရားရှင် ကင်းစင်စေလိုတဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတွေ တိုးပွားရေး ကို ဘာဖြစ်လို့ ရေးကြီးခွင်ကျယ်လုပ်နေကြတာလဲ"လို့ ပြန်ပြီး မေးခွန်း ထုတ်လိုက်တော့၊ အင်း . . အဲ . . ဆိုပြီး အဖျား ရှူးကုန်

http://www.dhammadownload.com



ကြတယ်။

ကြည့်ရတာတော့ ဒီလူတွေဟာ "အာသန်နိုင်" ဂိုဏ်းသားတွေနဲ့ တူပါတယ်၊ ဘာမဆို အာပေါင်အာရင်း သန်သန်နဲ့ စကားနိုင်လိုက်ပြောလိုကြပုံရတယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးတွေ ဘုရားရှင်လက်ထက်တော်မှာတုန်းကလဲ ရှိကြတယ်၊ အံ့ဖွယ်သရဲ အထူးအဆန်းတွေ၊ ကတ်သီးကတ်သတ်တွေ၊ ဗဟုသုတတွေနဲ့ အချိန်ဖြုန်းပြီး ကိုယ့်ကိုယ်ကို သံသယ တိုးပွားအောင် အားထုတ်နေကြသူတွေပေါ့။

ဒီလို လူမျိုးတွေကို (ကောတူဟလ) အုတ်အုတ်ကျက်ကျက် သမားတွေလို့ ခေါ်ပြီး သူတို့စုဝေးရာ ဇရပ်ကိုတော့ "ကောတူဟလ သာလာ" လို့ခေါ်တာပေါ့။ အန္တရာယ်အကြီးဆုံး သမ္ဖပ္ပလာပ ဝါစာသမားတွေပါပဲ။ ဟောပြောရေးသားကြတဲ့ ပုဂ္ဂိုလ်များအနေနဲ့ ဒီလိုဂိုဏ်းထဲ မပါဝင်ရေးဟာလဲ အလွန် အရေးတကြီး ရှောင်ရှားသင့်တဲ့ကိစ္စ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ " ဘယ်လိုပေးမလဲ၊ ဘယ်လောက် ပေးမလဲ"ဆိုရင် နာယူဖတ်ရှုသူတို့ရဲ့ အကျိုးအတွက် သက်သက်ကိုသာ ငဲ့ကွက်ပြီး အချိန်အခါ အခြေအနေနဲ့ ကိုက်ညီတဲ့ အချက်အလက်များကိုသာ အချိန်ကုန် လူပမ်းမဖြစ်အောင် ပေးသင့်ပါတယ်၊ ကိုယ်ရေးကိုယ်တာ ကြွားဝါလိုမှု၊ လာဘ်သပ်ပကာ အကျော်အစော ငဲ့ကွက်မှု၊ သူ့ကို ကော်ပက် ကိုယ့်ဘက်ယက်မှုတွေနဲ့ သံသယပွား စကားများပြီး ကျင့်သုံးလိုက်နာရေးနဲ့ကော ရှောင်ရေး၊ ဆောင်ရေး သာကေအဖြစ်နဲ့ပါ ဘယ်ဘက်ကမှ အကျိုးမများတဲ့ အကြောင်းအရာမျိုးတွေကို ဘယ်တော့မှ မပေးမိ

http://www.dhammadownload.com



အောင် ရှောင်ရှားနိုင်မှသာ လောကကို အကျိုးပြု လုပ်ကျွေးနေတဲ့ ဟောပြောရေးသားသူများ ဖြစ်နိုင်မယ်လို့ ထင်မြင်ခံယူမိပါကြောင်း အကြံပေးတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။

ဖတ်ရှုနာယူသူ အားလုံး သတိထား အသိပွားနိုင်ကြပါစေ။

အထောက်အထားခိုင်လုံစေဖို့အတွက် ပါဠိစကားလုံး ကလေးတွေ ထည့်လိုက်ရတာကို သည်းခံ ဖတ်ရှုစေလို ပါတယ်။

အလင်းတန်းဂျာနယ်

*[ အမှတ် ၅၅၀-၅၅၁၊ ဧပြီ ၆,၇၊ ၂၀၀၇ ]*

❑

http://www.dhammadownload.com



# သာဓုတော့ဖြင့် မခေါ်နိုင်ခဲ့ပါ

ဒီနေ့ အမေရိကန်နေ့စွဲအရတော့ ဇွန်လ ၄ ရက် မနက်ပိုင်းပဲ ရှိသေးတယ်၊ မြန်မာပြည်နေ့စွဲအရတော့ ညဉ့်နက်လောက်ပါပြီ၊ ရဝေနွယ်(အင်းမ)ရဲ့ ရဟန်းအမကြီးက မျက်ရည်ဝိုင်းနေတဲ့ မျက်နှာနဲ့ ‘ မြန်မာပြည်က ဂျီမေးသတင်း တစ်ခုရောက်လာလို့ ၊ သတင်းကတော့ မကောင်းဘူးဘုရား’ ဆိုပြီး မျက်စိမျက်နှာ မသာ

http://www.dhammadownload.com



မယာနဲ့လာပြီး လျှောက်ထားပါတယ်၊ အကြောင်းကို မေးကြည့်တော့ ရွှေပါရမီ အရှင်ဆန္ဒာဓိကနဲ့ ရဝေနွယ်(အင်းမ)တို့ ဗောဓိတစ်ထောင်မှာ ခတ်လှေခါး ပြုတ်ကျလို့ဆိုတဲ့ သတင်းပါ။ မကြာလိုက်ပါဘူး နာရီပိုင်းလောက်ကြာတော့ နောက်ထပ်သတင်းတစ်ပုဒ် ထပ်ရောက်ပြန်တယ်၊ သတင်းစကားကတော့ 'စကား'ဆိုတဲ့ ဗျူတ်ပတ် အတိုင်းပဲ ဖြစ်ရပ်မှန်က 'စ'ခဲ့ပြီး တစ်ဆင့်ထက် တစ်ဆင့် 'ကား'လာတတ်ကြတယ်မို့လား၊ အခုလဲ နောက်ထပ်ကြားရတဲ့ သတင်းစကားမှာ တစ်ပါးက ခြေထောက်တွေ ကြေသွားတယ်။ တစ်ပါးက သတိမရသေးဘူးတဲ့၊ နောက်ထပ်သတင်းကြောင့် ရဝေနွယ်ရဲ့ ရဟန်းအမကြီးက မျက်ရည်တွေ ကျလာတော့တယ်။

မိမိက "နေဦး . . ဒကာမကြီး ပထမသတင်းက ညီထွေးအောင်ဆီကဆိုတော့ ဦးဇင်းလေးတွေနဲ့ ရင်းနှီးသူက ပြောတဲ့သတင်းဖြစ်တယ်၊ သူ့အဆိုအရ ရဝေနွယ်(အင်းမ) က ခြေသလုံးရိုးကျိုးတယ်၊ အရှင်ဆန္ဒာဓိက ကတော့ ဒူးကို ထိခိုက်တယ်လို့ ပြောတယ်၊ အဲဒီတော့ အရင်လာတဲ့ သတင်းက ဖြစ်စဉ်ရဲ့ 'အစ'အတိုင်း အမှန်နဲ့ နီးစပ်ပါလိမ့်မယ်၊ နောက်လာတဲ့ သတင်းကတော့ 'ကား' လာတဲ့ သတင်းဖြစ်ဖို့ များပါတယ်၊ မြန်မာပြည်ကို ထပ်ပြီးဖုန်းဆက်ပါဦးမယ်၊ ဒီဖြစ်ရပ်ဟာ အထက်မြန်မာပြည်မှာဖြစ်တာဆိုတော့ ဒီလောက်ဆိုရင် မန္တလေးက ကိုချိုတူးတို့နဲ့ အမရပူရမှာရှိတဲ့ ဦးဇင်းတူ မောင်ဇော်နိုင်တို့ မုချသိနေလောက်ပြီ၊ အဲဒီကိုဖုန်းဆက်မယ် "လို့ ပြောပြီး ဖုန်းဆက်ကြည့်လိုက်တော့ ပထမသတင်းသာ ဖြစ်ရပ်မှန်နဲ့ အနီးစပ်ဆုံးဖြစ်တာ သိလိုက်ရတယ်၊ နောက်ထပ်ကြားတဲ့ သတင်းမဟုတ်မမှန်တာကို သိလိုက်ရတဲ့အတွက် စိတ်ထဲမှာတော့ နည်းနည်း အေးသွားသလိုလို ဖြေသာသလိုလို

http://www.dhammadownload.com



ဖြစ်သွားလိုက်ပါတယ်၊ ပိုပြီး တိကျအောင် မြန်မာပြည်ကို ငါးနေရာလောက် ဖုန်းဆက်ကြည့်တယ်၊ နှစ်နေရာပဲ ဆက်လို့ရတယ်၊ တူတော်မောင်နဲ့ ဆက်သွယ်လို့ရမှပဲ ဖြစ်ရပ်မှန်ကို အတိအကျ သိရတော့တယ်။

မိမိကတော့ ထုံးစံအတိုင်းပဲ **'ဘယ်လို အခြေအနေမျိုး မဆို ဒါဟာ နောက်ဆုံးအခြေအနေ မဟုတ်ဘူး၊ ဘယ်လောက် ဆိုးဆိုး ပြန်ပြီး ကောင်းလာမှာ သေချာတယ်'** ဆိုတဲ့ နှလုံးသွင်းနဲ့ ဖြေလိုက်မိပါတယ်။

ဟုတ်တယ်လေ အမေရိကန်မှာ မဇ္ဈိမဂုဏ်ရည် အရှင် ကောဝိဒရဲ့ ဖြစ်ရပ်ကို မြန်မာပြည်တုန်းက ကြားလိုက်ရတော့လဲ ဘဝမှာ လူစဉ်ပြန်မှီဖို့တောင် မလွယ်လောက်တော့ဘူးလိုလို ကြားနေရတာပဲ၊ အခု အမေရိကန်ရောက်လို့ ကိုယ်တိုင်သွားတွေ့တဲ့အခါ ညီတော်မောင်က အကောင်းပကတိလိုကို ဖြစ်နေပြီ၊ အခုဆို စနေနေ့တိုင်း သူ့ရဲ့ 'နန္ဒ သစ္စာ ဝိပဿနာစင်တာ' မှာ တစ်နေ့ ၁-နာရီလောက်တောင် မှန်မှန်တရားဟော, တရားပြလုပ်နေပြီ ဆိုတာ ကိုယ်တိုင်တွေ့ခဲ့ရတာကိုး။

ဒီသတင်းသေချာပြီးဆိုတော့ နယူးယောက်မှာရှိတဲ့ မဇ္ဈိမ ဂုဏ်ရည်ဆီကိုလည်း ဖုန်းဆက်လိုက်တယ်၊ ကိုယ်နေတဲ့ အယ်လ်အေ နဲ့ သူနေတဲ့ နယူးယောက်က အမေရိကန်ရဲ့ အရှေ့ဖျားနဲ့ အနောက် ဖျားဆိုတော့ ကိုယ့်ဆီက နေဝင်ပြီးစ (ည ၈-နာရီခွဲသာသာ)ဆိုရင် သူတို့ဆီမှာတော့ ည သန်းခေါင်လောက်တော့ ရှိတော့မယ်၊ ဒါပေမယ့် ဒီသတင်းကို သူသိစေချင်လို့ ဖုန်းဆက်လိုက်ရတာပါ။

'သူသိစေချင်လို့' ဆိုတာက အကြောင်းရှိပါတယ်၊ မိမိမှာ

http://www.dhammadownload.com



လောကစံဆိုးဆိုးဝါးဝါးနဲ့ ကြုံတိုင်း တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ဆုံးမခဲ့ဖူးတဲ့ "မကျေနပ်ရင် . . ငုံ့ကြည့်" ဆိုတဲ့ ဩဝါဒကို ချက်ချင်း သတိရလေ့ရှိတယ်၊ အခုလဲ ညီတော်မောင်တွေမှာ ခြေထောက်ပိုင်း ထိခိုက်မိတာ ဆိုတော့ ဦးခေါင်းပိုင်းမှာ အပြင်းအထန် ထိခိုက်အနာရခဲ့ရတဲ့ မဋ္ဌိမဂုဏ်ရည်နဲ့ စာလိုက်ရင် "တော်သေးရဲ့"လို့ ပြောလို့ရနိုင်တဲ့ အခြေအနေမျိုးဖြစ်နေတယ်၊ ဒီအချိန်မှာ မဋ္ဌိမဂုဏ်ရည်အနေနဲ့ ညီတော်တွေဆီ တိုက်ရိုက်အားပေးစကားပြောရရင် ပိုပြီးကောင်းလိမ့်မယ်လို့ အောက်မေ့တဲ့အတွက် မဋ္ဌိမဂုဏ်ရည်ကို အမြန်ဆုံး အသိပေးချင်တာ ဖြစ်ပါတယ်။

ထင်တဲ့အတိုင်းပါပဲ၊ မဋ္ဌိမဂုဏ်ရည်က 'တပည့်တော်ဖြစ်တာနဲ့စာရင်တော့ သူတို့အဖြစ်က ခလုတ်တိုက်မိသလောက်သာသာပဲရှိပါသေးတယ်၊ ခြေထောက်ကြေတာဟာ တပည့်တော်လိုဦးခေါင်းကြေတာမှမဟုတ်ဘဲ၊ ဦခေါင်းတစ်ခုလုံး ကြေသလို ဖြစ်သွားတဲ့ တပည့်တော်တောင် ဒီလောက်အခြေအနေအထိ ပြန်ကောင်းလာတာ နောင်ကြီးတွေ့တဲ့အတိုင်းပဲဟာ၊ သူတို့က တပည့်တော်ထက်ပိုပြီး အခြေအနေကောင်းလာမှာပေါ့' ဆိုတဲ့အကြောင်း ပြန်ပြောပါတယ်။

'ဒါဆိုရင် ငါ့ညီ ကိုယ်တိုင်ဖုန်းနဲ့ ဆက်ပြီး အားပေး စကားပြောပါ၊ ဒီအချိန်မှာတော့ ငါ့ညီဟာ ငုံ့ကြည့်ပြီး နှိုင်းယှဉ် ဖြေသိမ့်ဖို့အတွက် အကောင်းဆုံးပုဂ္ဂိုလ်ဖြစ်နေတယ်' ဆိုတော့ ' အခုပဲ ဆက်ပါ့မယ်၊ အနီးကပ်ဆုံး ဖုန်းနံပါတ်ပြောပါ' ဆိုတာနဲ့ ဦးဇင်းလေးတွေနားမှာရှိနိုင်တဲ့ ဖုန်းနံပါတ်နှစ်ခုကို ပေးလိုက်တယ်။ (နောက်နေ့မနက်မှာ ဖုန်းဆက်လို့ရတယ် ဆိုတာ သိရပါတယ်)

http://www.dhammadownload.com



မိမိကတော့ မြန်မာပြည် ပြန်ရောက်ရောက်ချင်း ညီတော်များကို သွားပြီးတွေ့မယ်လို့ စဉ်းစားရင်းက တွေ့တဲ့အခါ ဘယ်လိုအားပေးစကားတွေ ပြောရမလဲဆိုတာကိုလည်း စဉ်းစားနေမိပါတယ်။

စဉ်းစားရင်းကပဲ ကိုရင်ဘဝတုန်းက ကြားနာဖူးတဲ့ လယ်တီဆရာတော်ဦးဝိလာသရဲ့ တရားထဲက ပုံပြင်တစ်ခုကို သတိရလိုက်ပါတယ်။

အရင်က တောရွာတစ်ရွာရဲ့ အနီးမှာ တောရဆောက်တည်နေတဲ့ ဆရာတော်ကြီးတစ်ပါးရှိသတဲ့၊ ဆရာတော်ကြီးက အသက်အရွယ်ကလည်း ရလာပြီဆိုတော့ ရွာနဲ့ တစ်မိုင်ကျော်ကျော်ဝေးတဲ့ တောရကျောင်းကနေ နံနက်ခင်း ရွာကို ဆွမ်းခံ ကြွလာချိန်မှာ အတော်လေး နွမ်းနယ်လာတာပေါ့၊ ဒါကြောင့် ရွာတံခါးအဝင်မှာရှိတဲ့ ဆရာတော်ကြီးကို အလွန်ကြည်ညိုသူ ဒကာတစ်ဦးက ဆရာတော်ကြီးကြွလာချိန်မှာ အမောပြေအဆာပြေဘုဉ်းပေးဖို့ ရေနွေးကြမ်းနဲ့ ခဲဖွယ်တစ်ခုခုကို အမြဲစီစဉ်ထားပြီး သူ့အိမ်မှာ တစ်အောင့် တခဏနားနေ ဘုဉ်းပေးဖို့ အမြဲပင့်လျှောက်ထားပါသတဲ့။

နေ့စဉ်နေ့တိုင်း ထိုင်အိမ်သဘောမျိုးနဲ့ ဆရာဒကာ ရင်းရင်းနှီးနှီးဖြစ်လာချိန်မှာတော့ တရားကြောင်းကလေးတွေက စပြီး အလ္လာပ,သလ္လာပလေးတွေလဲ အထိုက်အလျှောက် ပြောဆိုဖြစ်လာကြတာပေါ့။

မိုးဦးကျချိန်တစ်နေ့မှာတော့ အဲဒီဒကာကြီးရဲ့ တောင်သူလုပ်ငန်းသုံး ခိုင်းနွားကြီးတစ်ဖက် ပိုးထိပြီး သေဆုံးသွားပါသတဲ့၊

http://www.dhammadownload.com



ထွန်ယက်စိုက်ပျိုးဖို့ အရေးကြီးဆုံး အချိန်မှာ ဒီဖြစ်ရပ်နဲ့ ကြုံရတာ ဆိုတော့ ဒကာကြီးလည်း ဝမ်းနည်းပက်လက် ယူကြုံးမရဖြစ်ပြီး နောက်နေ့မနက်ခင်း ဆရာတော်ကြီး ဆွမ်းခံကြွလာတဲ့အခါ ထုံးစံ အတိုင်း ခဲဖွယ် သောက်ဖွယ်များ ဆက်ကပ်ပြီး သူ့ရဲ့သောက ပြေရာ ပြေကြောင်းအဖြစ်နဲ့ ဆရာတော်ကြီးကို လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက ဘာမှ ထွေထွေထူးထူး ပြေရာပြေကြောင်း အားပေးစကားမပြောဘဲ " သာဓုဗျာ . . သာဓု . . သာဓု" လို့ သုံးကြိမ်ခေါ်ပြီး ထပြန်ကြွသွားပါလေရောတဲ့။

ဒကာကြီးကတော့ ဖြေသိမ့်စရာ တရားစကားလေးများ ကြားရလေမလားလို့ အောက်မေ့ပြီး ဖြစ်ကြောင်းစုံ လျှောက်ထား ကာမှ ဘာတရားမှ မဟောဘဲ သာဓုသုံးကြိမ် ခေါ်သွားတာကို အတော်ကလေး မကျေမနပ်ဖြစ်သွားပါသတဲ့၊ 'သာဓု'ဆိုတာ 'ကောင်းတယ်'လို့ ဆိုလိုတာပဲ၊ ဒီ ဘုန်းကြီးက ငါ့နွားကြီးသေတာကို 'ကောင်းတယ်' ပြောရသလား ဆိုပြီးတော့ပေါ့လေ။

ဒါပေမယ့် ထုံးစံအတိုင်း သူ့ဝတ်မပျက် ဆရာတော်ကြီးကို တော့ ဆက်ကပ်မြဲ ဆက်ကပ်နေပါသတဲ့။ ဒီလိုနဲ့ တယ်ပြီး မကြာ လိုက်ခင်မှာပဲ အဲဒီဒကာကြီးရဲ့ မြေးကလေး သစ်ပင်ပေါ်က လိမ့်ကျပြီး ပေါင်တစ်ဘက်ကျိုး သွားပြန်ပါရော။

နောက်နေ့ရောက်တော့ ဆရာတော်ကြီးကို မြေးကလေး အကြောင်း ဝမ်းနည်းပက်လက် မျက်ရည်စက်နဲ့ လျှောက်ထားပြန် တဲ့အခါ ဆရာတော်ကြီးက ထုံးစံအတိုင်း သာဓု သုံးကြိမ်ခေါ်ပြီး ထပြန်သွားတာပဲတဲ့။

ဒီတစ်ခါတော့ ဒကာကြီးက အတော်ကလေး မကျေမနပ် ဖြစ်သွားတယ် 'ဒီဘုန်းကြီး . . ငါကတော့ ကြည်ညို အားကိုးလွန်း

http://www.dhammadownload.com



လို့ နေ့စဉ်မပြတ် ခဲဖွယ်ဘောဇဉ်တွေ ဆက်ကပ်လှူဒါန်းခဲ့ရတာ၊ ငါ့မှာ သောကနဲ့ ကြုံတော့ နွားသေတာကိုလည်း သာဓုခေါ်၊ မြေးပေါင်ကျိုးတာကိုလည်း သာဓုခေါ်နဲ့ ကဲ . . ဒီလောက်တောင် ရှိလှတာ သူ့မှာ ဒီလို ကြုံရတော့ကော သာဓုခေါ်နိုင်ဦးမလား၊ ကဲ . . မနက်ဖြန်တော့ အကြောင်းသိရအောင် ဒီဘုန်းကြီး ဆွမ်းခံလာတဲ့အခါ တောစပ်ကနေ ချောင်းရိုက်မှပဲ' လို့ ဒေါသအလျှောက် စဉ်းစားပြီး နောက်နေ့ ဆရာတော်ကြီး ဆွမ်းခံလာချိန်ရောက် တော့ တောစပ်ကခြုံကွယ်မှာ ဝါးရင်းတုတ်တစ်ချောင်း ကိုင်ပြီး ပုန်းကွယ် နေသတဲ့။

ဆရာတော်ကြီးဆွမ်းခံကြွလာလို့ ဒကာကြီး ပုန်းနေတဲ့ ခြုံနားရောက်တဲ့အခါ ဒကာကြီးက နေရာပြင်လိုက်ချိန်မှာပဲ ချွတ်ချွတ်သံကြားရာကို လှည့်ကြည့်ခိုက် ကျောက်ခဲတစ်လုံးနဲ့ ခလုတ်တိုက်မိပြီး ဆရာတော်ကြီးပွေ့လာတဲ့ မြေသပိတ်ကြီးက လွတ်ကျပြီး ကွဲသွားသတဲ့၊ အဲဒီအခါကျတော့လည်း ဆရာ တော်ကြီးက သပိတ်ကွဲတွေကို ကြည့်ပြီး 'သာဓုဗျာ . . သာဓု . . သာဓု ' လို့ သုံးကြိမ် ခေါ်ပြန်တာပဲတဲ့။

အဲဒီတော့ ဒကာကြီး စိတ်ထဲမှာ 'ဒီဘုန်းကြီးက သူ့ သပိတ်ကြီး ကွဲသွားတော့လည်း သာဓုခေါ်တာပဲ၊ ဒီ သာဓုဟာ တစ်ခုခုတော့ ထူးလို့ဖြစ်မယ်၊ ငါ ပြစ်မှားလို့ မတော်သေးဘူး၊ အကြောင်းစုံသိရအောင် လျှောက်ထားကြည့်ဦးမှ' ဆိုပြီး စိတ် ပြောင်းသွားတယ်၊ ပြီးတော့မှ လက်ထဲက တုတ်ကို ချ၊ လုံခြည်ကို သေချာပြင်ဝတ်ပြီး ဆရာတော်ကြီးနားသွားပြီး 'ဆရာတော် . . . ဆရာတော်ဟာ ဘာမဆို သာဓုချည်းခေါ်နေတာပဲ၊ ဆရာတော့်

http://www.dhammadownload.com



သာခုက ဘာအဓိပ္ပါယ်လဲဆိုတာ ရှင်းပြပါဦး'လို့ လျှောက်ထား သတဲ့။

ဆရာတော်ကြီးက 'ဟဲ့ . . ဒကာရဲ့ သာခုပါဆိုမှ 'ကောင်း တယ်'လို့ ဆိုလိုတာပေါ့ကွယ့်' လို့ မိန့်ကြားလိုက်တယ်။

ဒကာကြီးက တယ်ပြီး ဘဝင်မကျလှပဲ 'အရှင်ဘုရား တပည့်တော် တောင်သူလုပ်ငန်းချိန်ကြီးမှာ နွားကြီး တစ်ကောင် သေသွားတာများ ဘာကောင်းလို့လဲ ဘုရား' ဆိုတော့ . . .

ဟဲ့ . . ဒကာရဲ့ မင်းရဲ့ အတိတ် အကုသိုလ် ကံအကျိုးပေး ချိန်ရောက်လာလို့ ဒီအချိန်မှာ မင်းအိမ်က ခြေလေးချောင်း ထွက် ကိန်းဆိုက်လာတာကွဲ့၊ အဲဒါ နွားကြီး သေလို့သာ ကိန်းကျေသွား တာပေါ့၊ နွားမသေဘဲ လူသာ သေမယ်ဆိုရင် နှစ်ယောက်တောင် ပျက်စီးကိန်းကြုံမှာကွယ့်' လို့ ရှင်းပြလိုက်တော့မှ 'ဒီလိုဆိုတော့လည်း နွားသေသွားတာက ကောင်းတောင်းတောင်းပေါ့ဘုရား' လို့ ဝန်ခံ သတဲ့။

'ဒါဖြင့် . . မြေးကလေး ခြေထောက်ကျိုးရတာကကော ဘုရား' ဆိုတော့ 'အေး . . မင်းမြေးခြေထောက် ကျိုးလို့ပေါ့ကွယ်၊ မင်းမြေး မကျိုးရင် မင်းကျိုးရမှာကွ၊ မင်း မြေးက ငယ်သေးတော့ 'ငယ်ကျိုးပိုသန်တယ်'လို့ ဆိုသလို အကောင်းပကတိ မြန်မြန်ပြန်ဖြစ် နိုင်တယ်၊ ပြီးတော့ မင်းကလည်း သူ့ကို ကောင်းကောင်းပြုစု စောင့်ရှောက်နိုင်တာပေါ့၊ မင်းမြေးမကျိုးဘဲ မင်းသာကျိုးမယ်ဆိုရင်၊ လူကြီးဆိုတော့ ပျောက်လည်း ပျောက်ခဲမယ်၊ မြေးကလေးကလည်း မင်းကို ဘယ်လိုလုပ် ပြုစု စောင့်ရှောက်နိုင်ပါ့မလဲ၊ ဒါကြောင့် ငါက သာခုခေါ်ရတာကွယ့်' ဆိုတော့ 'ဩော် . . ဒီလိုဆိုတော့လဲ

http://www.dhammadownload.com



အရှင်ဘုရားသာခုက နေရာကျပေသားပဲ၊ ခေါ်သင့်ပါ တယ်ဘုရား' တဲ့။

'ဒါဖြင့် အရှင်ဘုရား သပိတ်ကြီးကျကွဲတာကို ကြည့်ပြီး သာခုခေါ်တာကျတော့ကော ဘယ်လို အဓိပ္ပါယ်လဲ ဘုရား' ဆိုတော့ ဆရာတော်ကြီးက ဒကာကြီးကို ပြုံးပြုံးကြီး လှည့်ကြည့်ရင်း 'အေး . . ငါ့သပိတ်ကွဲပေလို့ပေါ့ကွယ်၊ ငါ့သပိတ်သာ မကွဲရင် ဒီလောက်ဆို ငါ့ ခေါင်းကွဲရောပေါ့ ကွဲ့'လို့လဲ ဖြေလိုက်ရော တစ်ခါတည်း ဒကာကြီး မြေကြီး ပေါ် ဒူးတုပ်လိုက်ပြီး ဆရာတော်ကြီး ခြေတော်ကို ဦးခေါင်းနဲ့ တိုက်ရင်း 'တပည့်တော် မလိမ္မာလို့ တစ်ခါမိုက်မိတာကို ခွင့်လွှတ်တော်မူပါဘုရား'လို့ ကန်တော့ တောင်းပန်လိုက်ပါတော့ သတဲ့။

ညီတော်များဟာလဲ အခုပစ္စုပ္ပန်ကံစာရင်းကို ပြန်လည် နှလုံးသွင်းကြည့်မယ်ဆိုရင်တော့ ကံကြွေးတင်စရာရယ်လို့ ဘာမှကို မရှိနိုင်လောက်ဘူးဆိုတာ သူတို့ကိုယ်တိုင်လည်း သိနိုင်သလို ပတ်ဝန်းကျင်ကလည်း သိသာမြင်သာပါတယ်။

အဲ . . အတိတ်ကံ စာရင်းကတော့ ကမ္ဘာဏ်တိုက်မှာ သာရှိပြီး ဘယ်သူမှ ပြန်ကြည့်နိုင်စွမ်းမရှိကြလေတော့ ပုထုဇဉ်တို့ရဲ့ သံသရာခရီးလမ်းမှာ ဘယ်လိုကံကြွေးတွေ ရှိတယ်ဆိုတာ မသိနိုင် ပါဘူး၊ ပေးဆပ်လိုက်ရတဲ့ အခါကျမှသာ 'ဒီကြွေးတွေ ရှိခဲ့သကိုး'လို့ သံဝေဂပွားပြီး နောင်သံသရာမှာ ဒီလိုကြွေးမျိုးကင်းဝေးအောင် ကြိုးစားကြရမယ့်သဘောပါ၊ တိပိဋကဓရ (ယော)ဆရာတော် စကားအတိုင်းပြောရမယ်ဆိုရင်တော့ 'ဒါတွေဟာ ပုထုဇဉ်အဖြစ်က လွတ်အောင် မရုန်းနိုင်ခဲ့ကြတဲ့ ပြစ်ချက်ကြီးကြောင့် 'လို့သာ ဆိုရပါ လိမ့်မယ်။

http://www.dhammadownload.com



'ပြုသူအသစ်၊ ဖြစ်သူ အဟောင်း' ဆိုတဲ့ ရှေးဆိုရိုး အတိုင်းပဲ "ဖြစ်သမျှ အကောင်း,အဆိုးဆိုတာ ရှေးကံဟောင်းတို့ရဲ့ အကျိုးဆက်ပဲ" ဆိုတဲ့ ကမ္မဿကတ အမြင်မှန်နဲ့ အရာရာကို အလိုက်သင့် နှလုံးသွင်းကြရမှာပါပဲ၊ ကြွေးဟောင်းကို ပေးဆပ်ရတာ ချင်း အတူတူမှာတော့ ညီတော်မဇ္ဈိမဂုဏ်ရည် ပြောသလိုပဲ ခြေထောက်နဲ့ ပေးဆပ်တာဟာ ဦးခေါင်းနဲ့ ပေးဆပ် ရတာနဲ့စာရင် သာစုတောင် ခေါ်သင့်သလိုလို ရှိသေးတာပေါ့။

ဘာပဲဖြစ်ဖြစ် သတ္တဝါအားလုံး သံသရာ ဝဋ်ကြွေး ရှိသမျှ ဒီဘဝမှာပဲ ဒီမျှနဲ့ ကျေကြပါစေလို့သာ . . . ဆုတောင်း မေတ္တာ ပို့သလိုက်ရပါတယ်။ ။

**6.6.09**


**LA . USA**

အလင်းတန်းဂျာနယ်

(အမှတ် ၅၅၉၊ ဇွန် ၂၂၊ ၂၀၀၉)

❑

http://www.dhammadownload.com



# လိုတာမရခြင်းဆင်းရဲနဲ့ မလိုတာရခြင်းဆင်းရဲ

ညီတော် အရှင်ဆန္ဒာမိကနဲ့ အရှင်ရာဇိန္ဒ(ရဝေနွယ်) တို့ရဲ့ မတော်တဆ ထိခိုက်ဒဏ်ရာရတဲ့ သတင်းကိုကြားရတဲ့ ညက သူတို့ရဲ့ဖြစ်ရပ်ကို တွေးရင်း တော်တော်နဲ့ အိပ်မပျော်ဘူး၊ သူတို့အတွက် သောကရောက်နေလို့ အိပ်မပျော်တာမဟုတ်ပါဘူး၊

http://www.dhammadownload.com



သူတို့ရဲ့ ဘဝနဲ့ ဖြစ်ရပ်ကို ဆက်စပ် စဉ်းစားရင်း အတွေးနယ်ချဲ့နေမိလို့ပါ။

မိမိသိရသလောက်ဆိုရင် သူတို့ရဲ့ လက်ရှိဘဝပေး အခြေအနေ အရပ်ရပ်ဟာ လိုအပ်ချက်မှန်သမျှ ပြည့်စုံနေတယ်လို့ပဲ ဆိုရမှာပါ၊ ဘာတွေ ဘယ်လောက်ပဲရနေနေ ဘယ်တော့မှ မတင်းတိမ် မရောင့်ရဲနိုင်ဘူးဆိုတဲ့ ရမက်ရိုင်းသမားများအဖို့တော့လဲ ပြည့်စုံပြီလို့ ဘယ်တော့မှ မရှိနိုင်ပေဘူးပေါ့လေ၊ ဒီအရှင်နှစ်ပါးက အဲဒီလိုမျိုး မဟုတ်ကြဘူးဆိုတာလဲ မိမိက တရင်းတနှီး သိထားပြီးသားဆိုတော့ သူတို့ရဲ့ ဘဝဟာ လောကီအာမိသ (သုံးစွဲစရာ ပစ္စည်းဝတ္ထု)အနေနဲ့တော့ ပြည့်စုံနေတာ အမှန်ပါပဲ။

ဒါပေမယ့် အခုလို အဖြစ်မျိုးကြုံလိုက်ရတဲ့ အခါမှာတော့ အခုနပြည့်စုံနေပြီလို့ ထင်ရတဲ့ အရာအားလုံးဟာ ဘာမှ မပြည့်စုံတော့ဘူး ဆိုတာကိုလဲ သူတို့ ကိုယ်တိုင်ရော ဘေးလူများကပါ သဘောပေါက်လာကြမှာ မလွဲပါဘူး။

ဒါတွေကို ခြုံငုံစဉ်းစားပြီး ဖြစ်ပေါ်လာတဲ့အတွေး အမျှင်တန်းများနဲ့အတူ ကောက်ချက်ချ သတိပွားရင်း အသိတရားတစ်ခုကို 'ဘွား' ခနဲ ရလိုက်ပါတယ်၊ ဖြစ်စဉ်အတိုင်း ပြောရမယ်ဆိုရင်တော့ ဒီလိုပါ . . .

ပုထုဇဉ်တိုင်းရဲ့ ထင်မြင်ယူဆ, ခံယူချက်က "လောကမှာ လိုချင်တာကို မရတာဟာ အဆင်းရဲဆုံး၊ အချို့တဲ့ဆုံး၊ မကျေနပ်စရာ အကောင်းဆုံး"လို့ ထင်ကြတယ်၊ ဟုတ်တယ်လေ . . "ယံ ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ = လိုတာကို မရခြင်းဟာလဲ ဆင်းရဲခြင်း ဒုက္ခပဲ" ဆိုတဲ့ ဘုရားရှင်ရဲ့ ဒုက္ခသစ္စာဒေသနာတော်ထဲက စာပိုဒ်ကလေး

http://www.dhammadownload.com



တစ်ပိုင်းတစ်စကလဲ ကြားဖူးနား၀ ရှိထားကြတာကိုး။ ဒါကြောင့်လည်း လူရယ်လို့ မဟုတ်ပါဘူး သတ္တ၀ါအားလုံးပါပဲ မျက်စိနှစ်လုံးပွင့်လာလိုက်တာနဲ့ တပြိုင်နက် လိုချင်တာ ရရှိရေးကိုပဲ ကံသုံးပါးလုံးနဲ့ ကြိုးစားနေကြတာ မဟုတ်လား။

အခု ဦးဇင်းလေးတွေရဲ့ ဖြစ်ရပ်ကို ကြည့်မယ်ဆိုရင် သူတို့ဟာ လိုချင်တာကို မရကြတာမဟုတ်ဘူး၊ ဘယ်သူမှ လိုချင်စရာမဟုတ်တဲ့ ထိခိုက်နာကျင်မှုကြီးနဲ့ ကြုံရတာ မဟုတ်လား၊ ဒီအတွက်ခံစားရတဲ့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခဆိုတဲ့ နာကျင်မှု စိတ်ဆင်းရဲမှုတွေဟာလဲ လိုတာကို မရခြင်းကြောင့် ခံစားရတဲ့ ဒုက္ခတွေနဲ့ဘယ်လိုမှကို နှိုင်းယှဉ်လို့မရနိုင်အောင် ကြီးမားလှပါတယ်၊ ကာယကံရှင်များ ကိုယ်တိုင်မဆိုထားနဲ့ ခင်မင်ရင်းနှီးသူတွေ လေးစားကြည်ညိုကြသူတွေမှာတောင် "ဒီအဖြစ် အခုချက်ချင်း ပျောက်ကင်း လွတ်မြောက်သွားမယ်ဆိုရင် ရှိသမျှ စည်းစိမ်တွေ ကုန်ချင်ကုန်ပါစေပုံအောပေးလိုက်ချင်ပါရဲ့"ဆိုတဲ့ စိတ်ထားမျိုးတောင် ပေါ်ပေါက်လာကြမယ် ထင်ပါတယ်။

ဒါဖြင့် လောကမှာ ကြုံရတဲ့ ဆင်းရဲတွေထဲမှာ ဘယ် ဆင်းရဲဟာ အဆိုးဆုံးလဲ၊ လိုတာကို မရခြင်း ဆင်းရဲလား၊ မလိုတာကိုရခြင်းဆင်းရဲလား၊ ဒါကို အလေးအနက် တွေးနေမိတာပါ။

ငယ်ငယ်တုန်းက ဖတ်ရဖူးတဲ့ ဆရာကြီး မင်းသုဝဏ်ရဲ့ 'ဘကြီးအောင် ညာတယ်' ထဲမှာ မောင်ချစ်ဆိုတဲ့ သူငယ်လေးဟာ သူလိုချင်တဲ့ ယမင်းရုပ်ကလေးကို မရတဲ့အတွက် တဖြည်းဖြည်းလုံးပါးပါးပြီး ဆုံးပါးသွားရတဲ့ အကြောင်းပါတယ်၊ ဒီသူငယ်လေးရဲ့ အုတ်ဂူမှာ ကိုရင်ကြီးကလား မသိဘူး 'လို၍မရသော ဆင်းရဲ'

http://www.dhammadownload.com



ဆိုတဲ့ စာတမ်းကလေးတောင် ရေးထုထားတယ်ဆိုတာကို အမှတ်တရ ရှိနေလေတော့ အဲဒီအချိန်ကစပြီး လို၍မရတဲ့ ဆင်းရဲဟာ လောကမှာ အကြီးမားဆုံးပဲလို့ ထင်ခဲ့မိတယ်။

ဇာတ်တော်တွေ ဘာတွေကို ကိုယ်တိုင်ဖတ်ကြည့်တဲ့ အချိန်ရောက်လာတဲ့အခါမှာတော့ 'မုဒုလက္ခဏဇာတ်' ထဲမှာ 'ဟရိတစ' ဆိုတဲ့ ရသေ့ကြီးက မိဖုရားကြီးကို စွဲလန်းပြီး လို၍မရတဲ့ ဆင်းရဲကြောင့် အစားမေ့ အအိပ်မေ့ ခံစားနေတယ်၊ ဒီအဖြစ်ကို စစ်ထွက်ရာက ပြန်လာတဲ့ ဘုရင်ကြီးက သိရတဲ့အခါ ဒီငယ်ဖြူရသေ့ကြီးဟာ 'ခလေ့ဘုံမှာ အရွယ်လင့်သော်လည်း၊ အတွေ့အကြုံ ဘယ်မရင့်ချေ၍၊ သည်းရင်နင့် ခံရသည်' ဆိုတဲ့ အဖြစ်မျိုးနဲ့ ကြုံနေရတာပါ။ ဒါကို သဘောပေါက်တဲ့အတွက် လိမ္မာရေချားရှိလှတဲ့ မိဖုရားကြီးကို တီးတိုးစကားမှကြားပြီး ဥပါယ်တံမျဉ်နဲ့ ပေးစားလိုက် တယ်။

ရသေ့ကြီးကတော့ သူလိုချင်တာ ရပြီဆိုပြီး ဝမ်းသာအားရနဲ့ အဝတ်တွေလဲ၊ အစားတွေစားပြီး မိဖုရားကြီးလက်ဆွဲရင်း လမ်းသလား တော့တာပေါ့လေ။ မကြာလိုက်ပါဘူး၊ 'မကြာ' ဆိုမြို့ပြင်ဘက်ရောက်ခါစလောက်မှာပါပဲ၊ မိဖုရားကြီးက . . . နေစရာအိမ်တို့၊ စားဝတ် နေရေးတို့ ဆိုတာတွေ တစ်မျိုးပြီးတစ်မျိုး ဘုရင့်ထံ အလျှုခံ ခိုင်းလိုက်တော့ တစ်ခုပြောမှာ တစ်ခုသာတောင်းတတ်တဲ့ ရသေ့လူထွက်ကြီးဟာ မြို့ပြင်နဲ့ နန်းတွင်း အခေါက်အခေါက် အခါခါ ပြေးလွှားရင်း ချွေးဒီးဒီးကျတော့တာပေါ့။ 'ငါလိုချင်တာ တခုရဲ့ နောက်မှာ ငါမလိုချင်တာတွေ အများကြီးရနေပါလား . . ဟရို့' ဆိုတဲ့ သံဝေဂကိုလည်း ရသွားတော့တယ်။

ဒါနဲ့ မိဖုရားကြီးကို လက်ကဆွဲကာ၊ ဘုရင်ကြီးထံ ပြန်

http://www.dhammadownload.com



သွားပြီး 'မောင်ရင်ရယ် .. အရင်ကတော့ လိုတာ တစ်ခုရရင် ချမ်းသာမှာပဲလို့ ထင်လိုက်တာ၊ အခုတော့ သင့်မိဖုရားကြီးကို သင်က စေတနာအကြီးစားကြီးနဲ့ ပေးလှူလိုက်လို့ ရလာလိုက်တော့မှ တကယ့်ကို ဂြိုလ်ဆိုးမွှေသလို ဖြစ်တော့တာပဲ၊ လိုချင်တာတစ်ခု ရပြီးတဲ့ နောက်မှာ လိုစရာတွေက တစ်ခုပြီးတစ်ခု ထပ်လာလိုက်တာ လူကို ဖတ်ဖတ်မောနဲ့ ချွေးဇောကိုပြန်လာပြီ၊ တော်ပါပြီ မောင်ရယ်၊ သင့်မိဖုရားကြီးကိုလည်း မလိုချင်တော့ပါဘူး၊ သင်ပဲ ပြန်ပြီး သိမ်းပိုက်ပါတော့၊ ငါတော့ဖြင့် ငါ့တရားနဲ့ ငါပဲအေးအေး နေပါတော့မယ်' ဆိုပြီး တစ်ခါတည်း တောရကျောင်းဆီ ပြန်ပြေး တော့တာပဲတဲ့။

ဒီဇာတ်ကို ဖတ်ပြီးချိန်မှာတော့ 'လိုတာမရခြင်း ဆင်းရဲ' ဆိုတာ ပုထုဇဉ် အရှုးအမိုက်တို့ရဲ့ မလိမ်မိုး မလိမ္မာ ခံစားချက် ကလေးမျှပါ ကလားဆိုတာကိုလည်း ရေးရေး သဘောပေါက်လာ တယ်။ ဟုတ်တယ်လေ .. လိုတာမရခြင်းဟာ ဆင်းရဲ ဖြစ်တယ် ဆိုရင် လိုတာကို ရရင် ချမ်းသာဆိုတာ ဖြစ်ရမှာပေါ့၊ ခုတော့ မချမ်းသာတဲ့အပြင် လိုတာတွေ တစ်ခုပြီးတစ်ခု ထပ်လာလို့ ဆင်းရဲ တွေသာ တရစပ် တိုးနေတော့တာပဲ မဟုတ်လား။

ဒီလိုဆိုရင် " ယံ ပိစ္ဆံ နလဘတိ၊ တံ ပိ ဒုက္ခံ = လိုတာကို မရခြင်းဟာ ဒုက္ခအမှန်ဖြစ်တယ်"ဆိုတဲ့စကားရဲ့ အဓိပ္ပါယ်က ဘာလဲဆိုတာကိုလဲ မေးစရာလို ဖြစ်လာပါတယ်၊ ဒီစကားရဲ့ အဓိပ္ပါယ် ကို ကောက်ယူရာမှာ မူရင်းဖြစ်တဲ့ ဒုက္ခသစ္စာမှာ ဘုရားရှင် ဟော တော်မူတဲ့ ဒုက္ခအဆင့်ဆင့်ကို အလေးအနက် စဉ်းစားကောက်ယူ နိုင်မှသာ သဘောပေါက်လာမှာပါ။

http://www.dhammadownload.com



ဒုက္ခသစ္စာမှာ ဘုရားရှင်က ပထမဆုံး မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဟာ ဒုက္ခအမှန်ဖြစ်တယ်ဆိုပြီး လေးချက်ကို ဟောလိုက်တယ်၊ ဒီလေးချက်လုံးဟာ တကယ်တော့ သတ္တဝါရယ်လို့ ဖြစ်လာသူမှန်သမျှ ပိုးရွ ခြပုံးကအစ ဘုရားရဟန္တာတို့အထိ ဘယ်သူမှ ရှောင်လွဲလို့ရတဲ့ တရားမျိုး မဟုတ်ပါဘူး၊ ဒါကိုပဲ လူအများရဲ့အထင် ဒုက္ခတရားတွေလို့ အသိအမှတ်ပြုထားပါတယ်၊ ဘာကြောင့် ဒီလို သတ်မှတ်ရတာလဲလို့ ဆက်ပြီး စဉ်းစားလိုက်ရင် လူတိုင်းက နုပျိုခြင်း၊ ကျန်းမာခြင်း၊ အသက်ရှည်ခြင်းကိုသာ နှစ်သက်တယ်၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကိုကျတော့ ဘယ်လိုနည်းနဲ့မှ မနှစ်သက်နိုင်ဘူး ဖြစ်နေကြတယ်၊ အဲဒီလိုဆိုရင် ဒုက္ခအစစ်ဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းမဟုတ်တော့ဘူး ကိုယ်မကျေနပ်တဲ့ ဖြစ်ရပ်တွေ အာရုံတွေနဲ့ တွေ့ကြုံရခြင်း၊ ကျေနပ်စရာ ဖြစ်ရပ်မျိုး အာရုံမျိုးတို့နဲ့ ကွေကွင်းရခြင်းသာဖြစ်တယ်လို့ ဆိုနိုင်လာတယ်။

ဒါကြောင့် ဒုက္ခသစ္စာရဲ့ ပထမအဆင့်မှာ ပြောခဲ့တဲ့ လေးမျိုးကို (၁)မကျေနပ်စရာများနဲ့ တွေ့ကြုံရခြင်း၊ (၂) ကျေနပ်စရာများနဲ့ ကင်းကွာ ကွေကွင်းရခြင်းဆိုတဲ့ နှစ်ချက်နဲ့ အကျဉ်းချုံးလိုက်တယ်။

တစ်ခါ ဒီနှစ်ခုကိုလဲ စဉ်းစားလိုက်ရင် တကယ့်ဖြစ်ရပ်တွေ အာရုံတွေက ဒုက္ခပေးနေတာမဟုတ်ပြန်ဘူး၊ တွေ့ရ ကြုံရတဲ့ ဖြစ်ရပ်တွေ အာရုံတွေပေါ်မှာ ကိုယ့်အကြိုက် ကိုယ့်ခံစားမှုအရ သဘောကျတယ် သဘောမကျဘူးဆိုပြီး စွဲလမ်းသတ်မှတ်ထားတယ်၊ ကိုယ် သဘောမကျစရာ မကျေနပ်စရာတွေနဲ့ကျတော့ အမြဲကင်းကွာနေချင်တယ်၊ သဘောကျစရာ ကျေနပ်စရာတွေနဲ့ကျတော့

http://www.dhammadownload.com



မခွဲပဲ အမြဲတွဲနေချင်တယ်၊ အဲဒီ ဥပါဒါန်မကင်းတဲ့ ဆန္ဒကြောင့်သာ ဒုက္ခလို့ ထင်မှတ်ခံစားနေရတယ်ဆိုတာ တွေ့ရပြန်တယ်၊ ဒီတော့မှ ဘုရားရှင်က ဒီ တောင့်တမှု နှစ်မျိုးလုံးကို တပေါင်းတည်း ပြုပြီး "ယံ ပိစ္ဆံ န လဘတိ၊ တံပိဒုက္ခံ" လို့ အကျဉ်းချုံး ဟောလိုက်တာ။

ဒီစာပိုဒ်ထဲက 'ဣစ္ဆံ' ဆိုတဲ့ ပါဠိပုဒ်ကို 'အလိုရှိအပ်သော အရာ' လို့သာ မြန်မာပြန်ကြလို့ 'လိုတာမရခြင်းဟာ ဆင်းရဲပဲ' လို့ ထင်မှတ်ကြတာ၊ ပါဠိအဘိဓာန်များမှာ ကြည့်ရင်တော့ ဒီမြန်မာပြန်ဆိုမှုဟာ လွဲတယ်လို့ မဆိုနိုင်ပါဘူး၊ ဒါပေမယ့် . . ဒီဒုက္ခသစ္စာ နေရာမှာ မလိုချင်တာမရရေးနဲ့ လိုချင်တာရရေးဆိုတဲ့ တောင့်တမှုနှစ်ခုကို တပေါင်းတည်း ပြုပြီး ဟောတော်မူတာ ဖြစ်လို့ 'ဣစ္ဆံ' ဆိုတာ 'တောင့်တမှု'လို့ ဘာသာပြန်မှသာ မြန်မာစကားအရ ပိုပြီးတော့ ဆီလျော်မယ် ထင်ပါတယ်။ မကျေနပ်စရာနဲ့ ကျတော့ မတွေ့ကြုံဖို့ တောင့်တတယ်၊ ကျေနပ်စရာနဲ့ ကျတော့ မကွေကွင်းဖို့ တောင့်တတယ်၊ အဲဒီ တောင့်တမှု နှစ်မျိုးကိုပဲ 'ဣစ္ဆံ' လို့ ခေါ်တာပါပဲ။

ဒါနဲ့ ပတ်သက်လို့ မဟာသတိပဋ္ဌာနသုတ်၊ ဒုက္ခသစ္စာ အဖွင့်မှာ ဘုရားရှင်ကိုယ်တော်တိုင်ပဲ ' မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဝမ်းနည်း၊ ပူဆွေး၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ပင်ပန်းရခြင်း သဘောရှိတဲ့ သတ္တဝါတွေဟာ 'ဒီလို မကျေနပ်စရာမျိုးတွေတို့မှာ မကြုံရရင် ကောင်းလေစွ ဆိုတဲ့ တောင့်တမှုတွေဖြစ်ကြတယ်၊ ဒီလို တောင့်တရုံနဲ့ ဒီဖြစ်ရပ်တွေက ကင်းလွတ်မသွားဘူး၊ ဒါ 'ယံ ပိစ္ဆံ န လဘ တိ၊ တံပိ ဒုက္ခံ'လို့ ဆိုတာပဲ ဆိုတဲ့အကြောင်း ရှင်းပြထားပါတယ်။ 'မဖြစ်နိုင်တာကို တောင့်တနေတဲ့အတွက် တောင့်တတိုင်း

http://www.dhammadownload.com



မပြည့်ဝခြင်း ဒုက္ခ’ လို့ အကျဉ်းချုံး သဘောပေါက်နိုင်ပါတယ်။

ဒီတောင့်တမှု နှစ်မျိုးထဲမှာ မလိုချင်တာ, မတွေ့မကြုံချင်တာတွေနဲ့ ကင်းဝေးလိုတဲ့ တောင့်တမှု မပြည့်စုံဘဲ မလိုချင်တာတွေနဲ့ တွေ့ကြုံ ခံစားရတဲ့ ဆင်းရဲဟာ လိုတာကို မရလို့ တွေ့ကြုံခံစားရတဲ့ ဆင်းရဲထက် ပိုပြီး ဆိုးတယ်ဆိုတာကတော့ ကိုယ်တွေ့ကြုံဖူးကြတာချည်းဖြစ်လို့ သတိထားမိသူတိုင်း အသိတရား ရနိုင်ပါတယ်။

ပုထုဇဉ် အများစုကြီးကတော့ ဘဝမှာ ဒီလောက် အရေးကြီးလှတဲ့ ‘ မလိုချင်တာ မရရေး’ ဆိုတဲ့ အချက်ကြီးကို သတိပြုမိသူ အတော်ရှားပါတယ်၊ ဒါကြောင့်လည်း တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ လိုချင်တာ ရရေးကိုသာ ကံသုံးပါးလုံးနဲ့ ကြိုးစားကြတော့တာပါ။ ဒီလို အခြေခံ အရေးကြီးဆုံး အချက်ကြီးကို အမှတ်တမဲ့ထားတဲ့ အတွက်ကြောင့်ပဲ လောကကြီးမှာ တရားမဲ့မှုတွေ တရားမမျှတမှုတွေ လွှမ်းမိုးနေတာပေါ့၊ တကယ်လို့သာ မလိုချင်တာ မရရေးကို အဓိကထားကြမယ်ဆိုရင် မလိုချင်တာကို ပေးတတ်တဲ့ မကောင်းမှုတွေကိုလည်း ပြုဝံ့ကြတော့မှာ မဟုတ်ကြလို့ မတရားမှုတို့ တရားမမျှတမှုတို့ ဆိုတာတွေလည်း ကင်းဝေးသွားကြမှာ မလွဲပါဘူး။

(ရှေးဆရာတော်ကြီးများကတော့ ‘မလိုချင်တာတွေနဲ့ ရရှိကြုံတွေ့ရသည်ပဲဖြစ်စေ၊ လိုချင်တာတွေနဲ့ ရရှိကြုံတွေ့ရသည်ပဲဖြစ်စေ အမှန်တကယ်လိုအပ်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ပါရမီကောင်းမှုတွေ မပျက်စီးသမျှ ဘဝမှာ ဘာမှ ပျက်စီးဆုံးရှုံးတယ်လို့ မဆိုနိုင်ဘူး’ လို့ ဆုံးမတော်မူပါတယ်)

http://www.dhammadownload.com



မြတ်စွာဘုရားရှင် အလိုတော်အရက မနှစ်သက်စရာ အနိဋ္ဌာရုံတွေနဲ့ မလိုချင်စရာ မကျေနပ်စရာဖြစ်ရပ်တွေ အာရုံတွေကို တွေ့ကြုံခံစားရတာဟာ မိမိပြုခဲ့တဲ့ ကိုယ်နှုတ် နှလုံးသုံးပါးသော အမှုအရာတို့ရဲ့ ဆိုးရွားခဲ့မှုကို အရင်းခံတယ်၊ နှစ်သက်စရာ ဣဋ္ဌာရုံများနဲ့ လိုချင်စရာဖြစ်ရပ်များ အာရုံများကို တွေ့ကြုံခံစားရတာကတော့ မိမိပြုခဲ့ပြီးတဲ့ ကိုယ်နှုတ်နှလုံး သုံးပါးသော အမှုအရာကောင်းတို့ကို အရင်းခံတယ်လို့ ဆိုပါတယ်။

လိုချင်တာကို ရရှိရေးနဲ့ မလိုချင်စရာများနဲ့ ကင်းဝေးရေးမှာလဲ မလိုချင်စရာများနဲ့ ကင်းလွတ်ရေးက ပိုပြီး ပဓာနကျတဲ့ အတွက်ကြောင့်သာ မလိုချင်စရာ ဆိုးကျိုးများကို ပေးတတ်တဲ့ 'မကောင်းမှုရှောင်ကြဉ်ရေး = သဗ္ဗပါပဿ အကရဏံ' ဆိုတဲ့ သီလသိက္ခာကို အရေးအကြီးဆုံးနဲ့ အခြေခံအကျဆုံးအဖြစ် ဟောတော်မူတာဖြစ်မှာပါ။ ပြီးတော့မှ . . .

မလိုချင်တာနဲ့ ကင်းဝေးကြရပေမယ့် လိုအပ်ချက်များ မရရှိ မပြည့်စုံပြန်ရင်လဲ ဘဝဟာ ပြည့်စုံမှာ မဟုတ်ပါဘူး၊ ဒါကြောင့် ဒုတိယအချက်အနေနဲ့ ကိုယ်လိုချင်တာများကို ပေးဆောင်တတ်တဲ့ 'ကောင်းမှုကို ဆောင်ရေး = ကုသလဿ ဥပသမ္ပဒါ' ဆိုတဲ့ သမာဓိသိက္ခာကို ဆက်လက် ဟောတော်မူတာဖြစ်လိမ့်မယ်။

မလိုချင်တာနဲ့ ကင်းဝေးရသည်ဖြစ်စေ၊ လိုချင်တာ ရရှိပြည့်စုံသည်ဖြစ်စေ တကယ့်အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးသမျှတော့ သံသရာခရီးမှာ မွေး,အို, နာ,သေဆိုတဲ့ ဖော်မြူလာဟောင်းကြီးနဲ့ မပြီးနိုင် မဆုံးနိုင် ဆက်နေကြရဦးမှာပါပဲ၊ ဒါကြောင့် တကယ်ပြီးပြည့်စုံတဲ့ ဆင်းရဲချုပ်ငြိမ်းရာကို မရသေးသမျှ

http://www.dhammadownload.com



တကယ်တန်း မအေးနိုင်ကြသေးတဲ့အတွက် ပြီးပြည့်စုံတဲ့ အေးငြိမ်းမှုကို အဟန့်အတား ဖြစ်စေတဲ့ စိတ်ရဲ့ အညစ်အကြေး 'ကိလေသာများ ကင်းဝေးဖြူစင်ရေး ။ သ စိတ္တ ပရိယော ဒပနံ' ဆိုတဲ့ ပညာသိက္ခာ ကို အထွင့်ရှိအထိပ်ပြုပြီး သာသနာကို ပြီးပြည့်စေတယ်လို့လဲ ဉာဏ်မီ သမျှ အတွေးဆန့်ပြီး ကြည်ညိုမိပါတယ်။


ကြားသိ ကြုံတွေ့ရတဲ့ အတွေ့အမြင်ကို အခြေခံပြီး အတွေးအမျှင်တန်းကို မှတ်တမ်းတင်လိုက်ရတာဖြစ်လို့ စကား အဆက်စပ်များ အကြားအလပ် တွေ့ရမယ်ဆိုရင်တော့ စာဖတ်သူ တို့ အသိဉာဏ်နဲ့သာ ဆက်စပ်ယူပြီး အတွေးအသိ ပွားများနိုင်ကြပါ စေလို့ မေတ္တာရပ်လိုက်ပါရစေ။ ။

အလင်းတန်းဂျာနယ်

အမှတ် (၅၆၁)၊ ဇူလိုင် ၆၊ ၂၀၀၉။

❑

http://www.dhammadownload.com



## ကံနဲ့ပယောဂ

ကမ္ဘသကတ သမ္မာဒိဋ္ဌိခံယူချက်ရှိသူများ ကိုယ်တိုင် တစ်ခါတစ်ခါ အမြင်မကြည်လင်စရာ ကြုံတွေ့ကြားသိရတဲ့ ပြဿနာ ရှိတယ်၊ အဲဒါကတော့ လောကမှာ မဟုတ်တာ, မမှန်တာ, မတရားတာတွေကို လုပ်နေကြပါလျှက်နဲ့ ကောင်းကျိုး ချမ်းသာတွေကို ရရှိ ကြုံတွေ့ခံစားနေကြရပြီး ဟုတ်တာ, မှန်တာ, တရားတာတွေကို လုပ်နေကြသူတွေကျတော့ ဆိုးကျိုးဒုက္ခတွေနဲ့ ကြုံတွေ့ ခံစားနေကြ

http://www.dhammadownload.com



ရတဲ့ ဖြစ်ရပ်များပါပဲ။

တခြားမကြည့်နဲ့၊ အခု မကြာမတင်ကလေးမှာတင်ပဲ အရှင်ဆန္ဒာဓိကနဲ့ အရှင်ရာဇိန္ဒ(ရဝေနွယ်၊အင်းမ)တို့ ဦးဆောင်တဲ့ ဓမ္မမာမကပုဂ္ဂိုလ်တို့ရဲ့ ဖြစ်ရပ်ကိုပဲကြည့်၊ ဦးတည်တဲ့ ခရီးစဉ်ကလဲ မဟာမြိုင်တောကို တရားဓမ္မပွားများ အားထုတ်ဖို့သွားတဲ့ ခရီး၊ အခုဖြစ်ရပ်ကြုံရတာကလဲ လမ်းခုလပ်မှာ ဗောဓိတစ်ထောင်ဘုရား ဖူးသွားရင်းဖြစ်ကြရတာ၊ ဒီလိုကောင်းတာတွေ လုပ်နေပါလျှက်နဲ့ ဘာကြောင့် ဆိုးကျိုးဒုက္ခတွေနဲ့ တွေ့ကြုံရသလဲပေါ့၊ ဒီပြဿနာက လောလော ဆယ်မှာတင်ပဲ မိမိထံ မေးလျှောက်ကြတာလေး ငါး ခြောက်ဦးလောက်ရှိပြီ။

ဒီပြဿနာနဲ့ ပတ်သက်ပြီး ကိုယ်ပြုလုပ်ခဲ့တဲ့ ကံဆိုး ကံကောင်းနှစ်မျိုးတို့ရဲ့ အကျိုးပေးခွင့်အလှည့်အရ အချိန်ကာလ ကွဲပြားခြားနားကြပုံကို ပဋ္ဌာန်းဒေသနာ ကမ္မ ပစ္စည်းမှာလာတဲ့ နာနက္ခဏိကကမ္မကို အခြေခံပြီး အဘိဓမ္မာ နည်းနဲ့ရော၊ သုတ္တန် နည်းတို့ လက်တွေ့ဖြစ်ရပ် သာဓကတို့နဲ့ပါ ရှင်းပြခဲ့ရပါတယ်။

ယခု ပစ္စုပ္ပန်မှာ ပြုလုပ်တဲ့ ကံတွေထဲမှာ အကျိုးအသစ် တွေကို ဖြစ်ပေါ်စေတတ်တဲ့ 'ဇနက'ကံရယ်၊ အတိတ်ကံတို့ အကျိုး ပေးခွင့်ပေါ်ပေါက်လာအောင် ထောက်ပံ့ကူညီပေးတဲ့ 'ဥပထမ္ဘက' ကံရယ်(ဒီကံကတော့ အနိုးခက်တဲ့ စက်ကို နိုးအောင်ကူညီပေးတဲ့ 'ချူဆီ'နဲ့ အလားတူတဲ့ ကံမျိုးပေါ့) ပြီးတော့ အတိတ် ကံတို့ရဲ့ အကျိုးပေးခွင့်ကို လျှော့ပါး ချည့်နဲ့သွားအောင် နှိပ်ကွပ်တတ်တဲ့ 'ဥပပီဠက'ကံရယ်၊ အတိတ်ကံတို့ရဲ့ အကျိုးပေး ခွင့်ကို (အထူးသဖြင့် ပဋိသန္ဓေ ကျိုးပေးခွင့်ကို) ရပ်ဆိုင်းသွားအောင် တားဆီးဖြတ်

http://www.dhammadownload.com



တောက်တတ်တဲ့ 'ဉပဃာတက'ကံရယ် ဆိုပြီး လေးမျိုးရှိပါတယ်။

နောက်ဆုံးဖြစ်တဲ့ 'ဉပဃာတက'ကံဆိုတာ ထင်ရှားအောင် သာဓကပြရမယ်ဆိုရင် ယခုပစ္စုပ္ပန်မှာ မကောင်းတဲ့ အကုသိုလ်ကံ ထဲက ပဉ္စာနန္တရိယကံကြီး တစ်ခုခုကို ကျူးလွန်မိရင်၊ အဲဒီ အကုသိုလ်ကံကြီးဟာ အတိတ်က ပြုခဲ့တဲ့ ကုသိုလ်ကံတို့ရဲ့ သုဂတိ ဘုံမှာ ပဋိသန္ဓေဖြစ်နိုင်စွမ်းသတ္တိကို လုံးဝဖြတ်တောက်ဖယ်ရှားပြီး သူရဲ့ အကျိုးဖြစ်တဲ့ အပါယ်ဒုဂ္ဂတိ ပဋိသန္ဓေကျိုးကိုသာ မုချ ပေးသွားတယ်။

ကောင်းတဲ့ ကုသိုလ်ကံအရာမှာလဲ ပစ္စုပ္ပန်မှာ မဂ် ကုသိုလ် ထဲက အနိမ့်ဆုံး သောတာပတ္တိမဂ်ကို ရလိုက်တာနဲ့ တပြိုင်နက် အဲဒီမဂ်ကုသိုလ်က အတိတ်မှာ ပြုပြီးထားတဲ့ အကုသိုလ်ကံတို့ရဲ့ အပါယ်ဒုဂ္ဂတိ ပဋိသန္ဓေဖြစ်စေနိုင်တဲ့ သတ္တိကိုတစ်ခါတည်း ဖြတ် တောက်ပစ်လိုက်ပါတယ်၊ အဲဒီလို သတ္တိမျိုးရှိအောင် အားကောင်းတဲ့ ကံကို 'ဉပဃာတက' ကံလို့ ဆိုတာပါ၊ ဒါက ပထမတန်းစား အင်အား အကြီးဆုံး ကံပေါ့။

ဉပပီဠက ကံဆိုတာကတော့ အကုသိုလ်အရာမှာလဲ ပဉ္စာ နန္တရိယကံလောက် အားမပြင်းလှသလို ကုသိုလ် အရာမှာလဲ မဂ် ကုသိုလ်လောက်တော့ အားမပြင်းလှတဲ့ ဒုတိယ အင်အား အကောင်းဆုံး ကံမျိုးပေါ့၊ အခု ဦးဆန္ဒာဓိကတို့ ဖြစ်ရပ်ဟာ ပစ္စုပ္ပန် ကံက ဉပပီဠက အဆင့်လောက်အထိ အားကောင်းတဲ့အတွက်သာ အတိတ်က အကုသိုလ်ကံရဲ့ အသက်အန္တရာယ် ပြုနိုင်လောက်တဲ့ အထိရှိတဲ့ စွမ်းအားသတ္တိကို လျှော့ပါးချည့်နဲ့အောင် တားဆီးပေး လိုက်တဲ့အတွက် ကိုယ့်အလှည့်မှာ အသက်အန္တရာယ်အထိ မဖြစ်

http://www.dhammadownload.com



တာလို့ ယူဆနိုင်ပါတယ်၊ ဟို . . ဆရာတော်ကြီး စကားအတိုင်း ပြောရမယ်ဆိုရင်တော့ ဦးခေါင်းကွဲရမယ့်အစား သပိတ်ကွဲ ရုံလောက်နဲ့ ကံကြွေးကျေသွားတယ်လို့ပဲ ဆိုရမှာပါ။

ဒါကတော့ မိမိအနေနဲ့ ကိုယ်ဉာဏ်မှီ သဘောပေါက် သလောက် ရှင်းလင်းဖြေကြားခဲ့သမျှတို့ရဲ့ အကျဉ်းချုပ်ပါ၊ ဒီကိစ္စနဲ့ ပတ်သက်လို့ အခုဦးဇင်းကလေးတွေရဲ့ ပြဿနာကြုံလာမှ မဟုတ် ပါဘူး၊ အရင်ကလဲ အလားတူ ဖြစ်ရပ်တွေ အများအပြား ကြုံတွေ့ ကြားသိထားခဲ့ ရဖူးတဲ့အတွက် ဆရာတော် သမတော်ကြီးများကို လျှောက်ထားခဲ့ဖူးပါတယ်၊ အဲဒီမှာ ဆွေးနွေးပြောဆို ဖြစ်ခဲ့သမျှ ကလေးတွေကိုလဲ မှတ်မိသမျှ ပြောပြချင်ပါတယ်။

ပထမဆုံး လျှောက်ထားခဲ့ဖူးတဲ မထေရ်မြတ်တို့ စကား ဝိုင်းကတော့ အမရပူရမြို့၊ တူမောင်းတိုက်မှာ မိမိ ရဟန်းဖြစ်စ လောက်ကပါ၊ ဒီစကားဝိုင်းမှာ ကျေးဇူးရှင် ဆရာတော်ကြီးများ ဖြစ်တဲ့ မန္တလေးမြို့က ရွှေရေးဆောင် ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝရယ်၊ ဘုရားကြီးတိုက် အမရပူရ ကျောင်းဆရာတော် ဘဒ္ဒန္တ ဉက္ကံသရယ်၊ တခြား ဆရာတော် ကြီး ၃-၄ပါးရယ်ပါ ပါတယ်။

အဲဒီမှာ ပြဿနာ ကျဉ်းထဲကျပ်ထဲ ကြုံလာရင် ရယ်စရာ မောစရာများနဲ့ ထွက်ပေါက်ရှာလေ့ရှိတဲ့ မိမိရဲ့ ကျေးဇူးရှင် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဉက္ကံသက မိန့်ကြားတာ ကတော့ . . .

ဟော့ကောင် . . တို့ဗမာလူမျိုးရဲ့ အယူအဆထဲမှာ 'အိမ်ကို ဖွတ်တက်ရင် မွဲပြာကျပြီး ဒုက္ခအမျိုးမျိုးနဲ့ ကြုံရတတ်တယ်' ဆိုတာ ကြားဖူးတယ်မို့လား၊ အဲဒါပေါ့ကွ တစ်ခါက ရွာတစ်ရွာမှာ သူကြီးက

http://www.dhammadownload.com



ရွာသူရွာသားတွေပေါ်မှာ နိုင်ထက်စီးနင်း ပြုလေ့ရှိသတဲ့၊ ကြာတော့ ရွာသားတစ်ယောက်က ဒီသူကြီး ဒဏ်ကို မခံနိုင်တော့တဲ့အတွက် တောထဲက ဖွတ်တစ်ကောင်နဲ့ မိတ်ဖွဲ့ပြီး သူကြီးအိမ်ကို အတက် ခိုင်းသတဲ့၊ ဖွတ်ကလဲ မိတ်ဆွေချင်း ကူညီပါမယ်ဆိုပြီး သဘောတူ တာပေါ့ကွာ။

အဲဒီအချိန်မှာ သူကြီးကလဲ သူ့အကြောင်းသူ သိလို့နေမှာ ပေါ့၊ အန္တရာယ်အမျိုးမျိုးကို တားဆီးကာကွယ်နိုင်လောက်အောင် သိဒ္ဓိအမျိုးမျိုးပြီးတဲ့ ခတ်လုံးကို စီရင်တတ်တယ်ဆိုတဲ့ ဘိုးတော် တစ်ဦးနဲ့ ပေါင်းမိပြီး အိမ်မှာပဲ အဲဒီ ဘိုးတော်နဲ့ အတူ အဂ္ဂိယထိုး နေသတဲ့။

ဖွတ်ကြီးက အဲဒီအိမ်ကို ညပိုင်း လူခြေတိတ်ချိန် လောက် မှာ တက်ကြည့်ပြီး မကြာခင်ပဲ ပြန်ဆင်းလာသတဲ့၊ နောက်နေ့မှာ ခိုင်းထားတဲ့ လူကလဲ ဖွတ်ကြီး သူခိုင်းတဲ့အတိုင်း သူကြီးအိမ်ကို တက် မတက်သိရအောင် သွားကြည့်တဲ့အခါ နေနေကျတောင်ပို့ထဲ မှာပဲ ဖွတ်ကြီးကို တွေ့လိုက်ရတော့ ‘ ဘယ်နှယ့်လဲ မိတ်ဆွေကြီး ကိုဖွတ်ကြား၊ ခင်ဗျား သူကြီးအိမ် မတက်ရဲလို့လား’ ဆိုပြီး မေးတဲ့ အခါ ဖွတ်ကြီးက ‘ မိတ်ဆွေ ကျုပ်တက်ကြည့်ပြီးပြီ၊ ခင်ဗျား ဘာမှ ပူမနေနဲ့၊ အဲဒီအိမ်က ကျုပ် တက်စရာ မလိုတော့ဘူး၊ ကျုပ်ထက်ဆိုး တဲ့အကောင် အိမ်ပေါ်ရောက်နေပြီဗျ၊ မကြာခင် အဲဒီအိမ်မွဲပြာ ကျပြီး မကြာခင် ဒုက္ခရောက်တော့မှာ သေချာတယ်၊ မယုံရင် ခင်ဗျား စောင့်ကြည့်ပေါ့၊ ခင်ဗျားတို့ လူတွေ ပြောပြောနေတဲ့ စကား ကြားဖူးတယ်မို့လား၊ ‘ဖွတ်တက်လို့ မွဲသွားရင် . . မယားခေါင်းခု လုပ်ဖို့ လုံ့ချည်စုတ်တော့ ကျန်သေးတယ်၊ အဂ္ဂိယဆရာ မွဲပြီဆိုရင်

http://www.dhammadownload.com



လုံဖော်မပစ်လို့ ခေါင်းခုလုပ်စရာ လုံချည်စုတ်တောင် မကျန်ဘူး' ဆိုတာလေ၊ အခု အဲဒီအိမ်မှာ အင်္ဂလိပ်ဆရာ ရောက်နေပြီဗျ၊ ကျုပ် ထက်သာတဲ့ သတ္တဝါ ရောက်နေမှတော့ ကျုပ်က ဘာတက်နေဖို့ လိုသေးသလဲ၊ ကျုပ်လဲ ကိုယ့်နေရာ ကိုယ်အေးအေးပဲ နေတော့မယ်၊ ခင်ဗျားလဲ အေးအေးသာနေပေရော့၊ မကြာခင် ခင်ဗျား မြင်ချင်တာ မြင်ရပါစေ့မယ်ဗျာ ' လို့ ပြောလိုက်သတဲ့ကွ။

အေး . . အခု . . မင်း ပြောတဲ့ ကိစ္စမှာလဲ 'မဟုတ် တာလုပ်နေတဲ့ လူတွေကို ကျတော့ အတိတ်ကံတွေထဲက ကုသိုလ်ကံ တွေကသာ လာပြီး အကျိုးပေးနေတယ်၊ အကုသိုလ်ကံတွေက ဘာဖြစ်လို့ အကျိုးလာမပေးရတာလဲ' ဆိုရင် သူရဲ့ ပစ္စုပ္ပန်မကောင်းမှု တွေက ဖွတ်တက်စရာမလိုလောက်တော့လို့ နေမှာပေါ့ကွ၊ အေး အေးသာ နေစမ်းပါကွာ၊ ဒီကိစ္စ ခေါင်းခြောက်ခံပြီး စဉ်းစား မနေစမ်းပါနဲ့' လို့ မိန့်ကြားဖူးပါတယ်။

ရွှေရေးဆောင် ဆရာတော်ကြီးကတော့ 'ကဲ. . မောင် ဝီရိယ . . မင့်ဆရာတော်ပြောတဲ့စကား ဘာမှ သံသယမရှိနဲ့ မင့်ဆရာတော်က သူကိုယ်တိုင် အင်္ဂလိပ်ထိုးနေတာ 'မယုံမရှိနဲ့ ကိုယ်တွေ့'လို့ ပြောနိုင်တယ်၊ အခု သူ့ကိုကြည့်လေ၊ သက်နီးလဲ ပြဲ၊ မျက်စိလဲ မွဲ၊ ဒီကြားထဲ ဒူလာက စွဲလိုက်သေးလို့ အဖိတ်နေ့ ရောက်တိုင်း မင်းတို့တစ်တွေ နင်းနှိပ်ပေးနေရတာ ကိုယ်တွေ့ပဲ မဟုတ်လား' လို့ မိန့်ကြားရင်း ထောက်ခံ ရယ်မောကြပါတယ်။

ဒီကိစ္စကို စာရေးဆရာ ကံထွန်းသစ်နဲ့လည်း အလေး အနက် ဆွေးနွေးခဲ့ဖူးတယ်၊ သူကတော့ 'ဟုတ်တယ်ဘုရား. . ဗုဒ္ဓဘာသာတွေ တော်တော်များများဟာ ဘာမဆို ဒုက္ခတစ်ခုခုနဲ့

http://www.dhammadownload.com



တွေ့ကြုံလိုက်ပြီဆိုတာနဲ့ 'ကံဆိုးလို့ . . ကံမကောင်း အကြောင်းမလှလို့' ဆိုပြီး ကံကိုချည်းလွှဲ ပုံချနေကြတာပဲ၊ ကံအပေါ်မှာ အလေး အနက်သဘောမပေါက်ကြပဲ အပေါ်ယံ ကြားဖူး နားဝနဲ့ အယူ အဆ မှားနေကြတာပါ။

အသေအချာ လေးလေးနက်နက် လေ့လာဖူးသူတွေကတော့ သိကြမှာပါ၊ အတိတ်ကံအဆိုး အကောင်းတွေဆိုတာ အခုပစ္စုပ္ပန် ဉာဏ်၊ လုလ္လ၊ ပယောဂ အဆိုး အကောင်းအလိုက် အကျိုးဖြစ်တတ်ကြတာမို့လား၊ ဒီနေရာမှာ တခြားပါဠိ ကျမ်းဂန်ကြီးတွေကို လက်လှမ်းမမီဘူး ပဲထားလိုက်ဦး မာန်လည်ဆရာတော်ဘုရားကြီးရဲ့ မဃဒေဝလင်္ကာသစ်ထဲက ကံနဲ့ပတ်သက်တဲ့ အပိုဒ်ကိုတော့ သတိပြုသင့်တယ်ထင်တယ် ဆရာတော်ကြီးလင်္ကာထဲမှာ . .

ကံဟု မူလ၊ သမ္ဘုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊

ဥစ္စာ ဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်, ဝီရိယ ပယောဂတည်း' တဲ့၊

ပစ္စုပ္ပန်မှာ အကောင်းအဆိုး အမှားအမှန်၊ ခံနိုင်၏ မခံနိုင်၏ဆိုတဲ့ ဖြစ်တန်ရာတွေကို စဉ်းစား နှိုင်းယှဉ်တတ်တဲ့ အသိဉာဏ်တို့၊ အချိန်မှီ ကြိုးစားတဲ့ လုလ္လဝီရိယတို့၊ အချိန်အခါ အခြေအနေ၊ အချက်အလက်များနဲ့ ကိုက်ညီအောင် ဆောင်ရွက်တတ်တဲ့ ပယောဂတို့ ဆိုတာတွေက (အခု ပစ္စုပ္ပန်အတွက်) ပိုပြီး အရေးကြီးပါတယ်၊ တချို့ ဖြစ်ရပ်ဆိုးကြီးတွေဟာ ကံမကောင်း အကြောင်းမလှလို့ထက် ဉာဏ်, ဝီရိယ, ပယောဂတွေ ချွတ်ယွင်းကြတာက ပိုများပါလိမ့်မယ်။

လူတိုင်းပြောပြောနေကြတဲ့ 'တရုတ်ကြီး လှေလှော်သလို'

http://www.dhammadownload.com



ဆိုတဲ့ ပုံပြင်လိုပေါ့၊ ကမ်းစပ်မှာကတည်းက လှေပေါက်နေတယ် ဆိုတာ ခရီးသည်တွေက ပြောကြသားပဲ၊ ဒီလှေပေါက်ကလေးက သူ့ချည်း ဒီအတိုင်းတော့ ရေဝင်တာ ဘာမှ သိပ်မများဘူးလို့ ထင်စရာပေါ့၊ ဒါပေမယ့် အပေါ်က ခရီးသည် အလေးချိန်ဖိအားများလာတဲ့အခါ ရေဝင်အားလဲ များလာမယ်ဆိုတာ သူ မချင့်ချိန်တတ်ဘူး၊ ပြီးတော့ သင့်လျော်တဲ့ ပယောဂမျိုးလဲ မလုပ်ဘူး၊ အပြီးစလွယ် 'ကိစ္စမရှိဘူး . . ဆရာကီး' ပဲ ပြောနေတာပေါ့၊ တကယ်တန်း လှော်လိုက်လို့ ရေလယ်ခေါင်လဲ ရောက်ရော ရေတွေက လှေနှုတ်ခမ်း ပြည့်ခါနီးနေပြီ၊ အဲဒီတော့မှ 'ကိစ္စရှိပြီ . . ဆရာကီး'ဆိုပြီး အလန့်တကြား ထအော်တော့သတဲ့၊ သူအော်တဲ့အချိန်မှာ လှေက ရေလည်ခေါင်ရောက်နေပြီ၊ ဘာထူးမှာလဲ ရှေ့တိုးလဲ နစ်မှာပဲ၊ နောက်ဆုတ်လဲ နစ်မှာပဲ၊ ရပ်ထားလဲ နစ်ကြရုံပဲ မဟုတ်လား၊ ဒါမျိုးကို ကံဆိုးလို့ ဖြစ်ရတယ်လို့ လှည့်ချလို့ ဘယ်ဖြစ်မလဲ၊ သူ့ဆင်ခြင်ဉာဏ်နဲ့ မသေချာ မလုံခြုံပဲ လုပ်တဲ့ သူ့ပယောဂ မှားယွင်းလို့ပဲ မဟုတ်လား၊ ဒါမျိုးကိုကျတော့ ကိုယ့်ဗုဒ္ဓဘာသာတွေက ထည့်စဉ်းစားရကောင်းမှန်း မသိကြဘူး။

တခြားမကြည့်နဲ့လေး မန္တလေးမြို့ရဲ့ အသည်းနှလုံး အကုန်လုံးကို ပြာကျသွားစေတဲ့ မီးလောင်မှုကြီးကို ကြည့်ပါလား၊ ဟိုင်းဝေးခရီးကပြန်ရောက်ခါစ ကားကြီးကို ဆီလက်ကျန်သိရအောင်ဆိုပြီး တိုင်ကီကို ဖွင့်တိုင်းတယ်၊ ပြီးတော့ တိုင်းတဲ့ အမှတ်အသားကို မြင်ရအောင်ဆိုပြီး မီးခြစ်နဲ့ ခြစ်ကြည့်လို့ ဆီတိုင်ကီထဲ မီးဝင်တောက်ရာကနေ ကူးစက်သွားခဲ့တာ မဟုတ်လား၊ ဒါဟာ ဒီလောက်ခရီးဝေး ပြေးလာတဲ့ကားကြီးမှာ ဒီလောက်အပူချိန်များ

http://www.dhammadownload.com



နေရင် ဂက်စ်တွေ အငွေ့ပျံနေမယ်၊ ဒီလို အခြေအနေမျိုးမှာ မီးနဲ့ ဝေးနိုင်သမျှ ဝေးမှ အန္တရာယ်ကင်းမယ်ဆိုတာကို မသိတဲ့ ဉာဏ်ချို့မှုရယ်၊ မလုပ်သင့်တဲ့အချိန်မှာ လုလ္လဝီရိယ စောမိတဲ့ ပယောဂချို့တဲ့မှုရယ်ကြောင့် ဖြစ်ရတဲ့ ကိစ္စပဲ၊ ဒါမျိုးတွေကို ကံမကောင်းအကြောင်းမလှလို့ ဆိုပြီး လှည့်မချသင်ဘူး၊ ဉာဏ်တို့ လုံ့လတို့ ပယောဂတို့ကိုလဲ ထည့်တွက်သင့်တယ်၊ ဒါနဲ့ ပတ်သက်ပြီး မာန်လည်ဆရာတော် ဘုရားရဲ့ မဃဒေဝ လင်္ကာမှာလဲ . .

**ကာလ ဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆ အပ်တုံ၊ ကံကို ယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊**

**ကျားရဲရာလည်း၊ ကြမ္မာ အကြောင်း၊ မရှိး ကောင်းဟု၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏' လို့ ဆိုထားပါတယ်။**

'ပိုးဖလံမျိုး မီးကိုတိုး' ဆိုတာလို မီးကို ပူတတ် လောင်တတ်မှန်း မသိလို့ တိုးမိ ဆင်းမိတာက ဉာဏ်ချို့တဲ့တာ၊ ပူတတ်မှန်း သိရက်နဲ့ အရဲကူးစိတ်ရူးပေါက်ပြီး ခုန်ဆင်းပြလို့ မီးလောင်တာတို့၊ ကျားရှေ့ အရဲကိုးပြီး သွားလို့ ကျားကိုက်ခံရတာတို့ ဆိုတာမျိုးတွေက ပယောဂချို့တဲ့မှု (ပယောဂဝိပတ္တိ)ကြောင့်ဖြစ်ရတာ ဆိုတာတွေကို တပည့်တော်တို့ ဗုဒ္ဓဘာသာတွေ ခွဲခွဲခြားခြားနားလည် သဘောပေါက်ဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း အကျယ်တဝင့် အလေးအနက် ဆွေးနွေးခဲ့ဖူးပါတယ်။

(လုပ်သင့်တာကို မလုပ်တာ၊ မလုပ်သင့်တာကို လုပ်တာတို့က လုံ့လချို့တဲ့တာ၊ လုပ်သင့်တာကို အပြည့်အဝ အတိအကျ မလုပ်ဘဲ မသေမသတ် ဖြစ်ကတတ်ဆန်း လုပ်တာတို့ အချိန်အခါ အခြေအနေကို မသုံးသပ်ဘဲ သူတစ်ပါး အိပ်စက်နားနေချိန်မှာ

http://www.dhammadownload.com




ဘုရားစာတွေအော်ဆိုတာတို့၊ ဆေးရုံအနီးမှာ အသံချဲ့စက်ဖွင့်တာ တို့လို အလုပ်မျိုးက ပယောဂ ချို့တဲ့တာလို့ ဒီနှစ်မျိုးရဲ့ အထူးကို ခွဲခြားသဘောပေါက်မိပါတယ်)

ဒီအမြင်အရ ဆိုလိုတာကတော့ အခု ညီတော် မောင်များ ကြုံတွေ့ရတဲ့ ဖြစ်ရပ်မှာလဲ အသုံးပြုတဲ့ စက်ယန္တယားတွေ တပ်ဆင် ထားမှုကစပြီး လိုအပ်တဲ့ အရည်အသွေးတို့ အရည်အချင်းတို့နဲ့ ကိုက်ညီလုံလောက်တဲ့ ဉာဏ် ဝီရိယ ပယောဂတို့နဲ့ ပြည့်စုံပါရဲ့လား ဆိုတာကိုလဲ ထည့်သွင်း စဉ်းစားရမယ်လို့ သတိပေးချင်တာပါ။

အလင်းတန်းဂျာနယ်
အမှတ်(၅၆၃) ဇူလိုင် ၂၀၊ ၂၀၀၉

❑

http://www.dhammadownload.com



# မာရ်နတ်နှောက်လိုက်နှင့်သ
# ဟမ္ဗုတ်ဘာက်တော်သား

ကောင်းတာကိုလုပ်ကာမှ မကောင်းတာတွေ အမျိုးမျိုးနဲ့ တွေ့ကြုံရတဲ့ကိစ္စနဲ့ ပတ်သက်လို့ နောက်ထပ်ဆွေးနွေး ပြောဆိုဖြစ်ခဲ့တဲ့ ဆရာတော်တစ်ပါးကတော့ . . . ကရင်ပြည်နယ်၊ ဖားအံမြို့၊ တောင်ကလေး ပရိယတ်၊ ပဋိပတ် ကျောင်းတိုက် နာယက ဆရာတော် အရှင်ပညာသာမိ ခေါ် တောမှီ ရဟန်းပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com



မိမိနဲ့ မန္တလေးမှာ စာသင်ခဲ့စဉ်က ဆရာတူ တပည့် ညီအကိုတော်များဖြစ်ခဲ့ဖူးသလို ခုချိန်အထိလဲ မကြာမကြာ တွေ့ဆုံ ဖြစ်ကြတဲ့အတွက် အလွန်ရင်းနှီးပါတယ်။

စာသင်တိုက်က ပြန်လာချိန်ကစပြီး ခုချိန်အထိ ဘဝကို ဓမ္မထဲနှစ်ရင်း မပြတ်တရားအားထုတ်နေတဲ့ အရှင် မြတ်တစ်ပါး ဖြစ်ပါတယ်။

သူ့ရဲ့ ဓမ္မခရီးမှာ ကြုံတွေ့ရတဲ့ ဓမ္မန္တရာယ်တွေ၊ ဘေးဒုက္ခ အမျိုးမျိုးတွေကို ဓမ္မစွမ်းအားနဲ့ ကျော်လွှား လွန်မြောက်ခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်များကို 'တောမှီရဟန်း' ဆိုတဲ့ ကလောင်အမည်နဲ့ 'ဗုဒ္ဓဂုဏ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ'ဆိုတဲ့ စာအုပ်မှာ ရေးသားမှတ်တမ်းတင်ခဲ့တာတွေကို ဖတ်ကြည့်ရင်း ဓမ္မခရီးလမ်းရဲ့ ကြီးမားတဲ့ ခလုတ် ဆူးငြောင့်အကြီးစားများအကြောင်းကို ကြက်သီး မွေးညင်း ထခမန်း သိခွင့်ရနိုင်သလို၊ သူဘယ်လောက် အားထုတ်ခဲ့ တယ်ဆိုတာကိုလည်း ခန့်မှန်းနိုင်ပါတယ်။ ဒီလို အတွေ့အကြုံရှိထား တဲ့ ပုဂ္ဂိုလ်ဖြစ်လို့လဲ ဓမ္မနဲ့ ဓမ္မန္တရာယ်ကြုံ တွေ့ရပုံအကြောင်းစုံကို သူနဲ့အလေးအနက် အေးအေးဆေးဆေး ဆွေးနွေးဖြစ်ခဲ့တာပါ။

သူပြောပြတာကတော့ . . . ပထမဆုံး တရားစ ထိုင်ခါစ မှာ ငိုချင်သလိုလို၊ ရယ်ချင်သလိုလို ဖြစ်တတ်တာတို့၊ ထပြေးချင်တာ တို့ ဆိုတဲ့ ကိစ္စမျိုးတွေကတော့ ခပ်ပြင်းပြင်း အားထုတ်တဲ့ သမထ လုပ်ငန်းတိုင်း လိုလိုမှာကြုံရပါတယ်တဲ့၊ သူကိုယ်တိုင် ဒီအဖြစ်မျိုးနဲ့ စပြီးကြုံတွေ့ရစဉ်က ဆိုရင် မဟာစည်ဆရာတော်တို့၊ တောင်ပုလု ဆရာတော်ကြီးတို့၊ ဝေဘူဆရာတော်ကြီးတို့ကို သွားပြီး လျှောက် ထားခဲ့ဖူးတယ်၊ အဲဒီဆရာတော်ကြီးအားလုံးက 'တို့လဲ အစပိုင်းမှာ

http://www.dhammadownload.com



တော့ ဒီလိုပဲ ကြုံတွေ့ရတာပဲ၊ တရားက အင်အားသာသွားတဲ့အခါ ဒီလိုကိစ္စမျိုးတွေကို အလိုလိုကျော်လွှားသွားမယ်၊ အားမလျှော့နဲ့' ဆိုပြီး အားပေးစကား မိန့်ကြားခဲ့ပါတယ်တဲ့။ သူက ဆက်လက် ပြောပြတာကတော့ . . .

တခါတုန်းက သုသာန်ဓုတင် ဓမ္မခရီးစဉ်တစ်ခုမှာ ညပိုင်း မေတ္တာပို့ ပရိကံပြုပြီးချိန်ကစပြီး အရုဏ်တက်ချိန်အထိ ဝစီပိတ် အဓိဋ္ဌာန်နဲ့ အားထုတ်နေတာ၊ ရွာတစ်ရွာရဲ့ သုသာန်တစ်ခုမှာ တော့ ညကြီးသန်းခေါင်မှာ လာရောက် မေးမြန်းကြတဲ့ ပုဂ္ဂိုလ်များ ကို ဘာစကားမှ ပြန်မပြောတဲ့အတွက် အထင်မှားပြီး ဒုက္ခပေးကြလို့ အကြီးအကျယ်ဒုက္ခနဲ့ ကြုံရတယ်၊ ဒီညာဘက် မျက်စိဒဏ် ဖြစ်တာ ဟာ အဲဒီတုန်းကပေါ့။ အဲဒီဓမ္မခရီးကအပြန်မှာ ရေးမြို့ သုသာန် ဆရာတော်ဘုရားကြီးထံ အရောက်သွားခဲ့တယ်။

ရေးကိုရောက်တော့ ဒကာအိမ်မှာ နေ့ဆွမ်းဘုန်းပေးပြီးတဲ့ အခါ ဆရာတော်ကြီးနေတဲ့ သုသာန်ကျောင်းကို ရောက်သွားတော့ ဆရာတော်ကြီးက ဘုရားရှေ့မှာ အသင့်ထိုင်နေတာတွေ့ရတယ်။ မြင်လိုက်လို့ ဝတ်ပြုလိုက်တာနဲ့ တစ်ပြိုင်နက် ဆရာတော်ကြီးက 'ဩော် . . ကိုယ်တော်လေး ရောက်လာပြီးကိုး၊ လာ . . လာ . . အခန်းထဲရောက်မှ စကားပြောတာပေါ့' ဆိုပြီး အမြဲသီတင်းသုံးတဲ့ အခန်းထဲ ခေါ်သွားတယ်၊ အခန်းထဲမှာ တကယ့်အသုဘအရိုးစု ကြီးကို နံရံမှာ ဆွဲထားတာလဲတွေ့ရတယ်။

သူ့အတွေ့အကြုံအရ သုသာန်ဓုတင်ဆောင်များ လိုက်နာ ဆောင်ရွက်သင့်တဲ့ကိစ္စတွေကို ရှင်းပြရင်း ပြောသင့်တာတွေ ပြောပြီးတဲ့အခါမှာတော့ တပည့်တော်က ဓမ္မခရီးမှာ တွေ့ကြုံရတဲ့

http://www.dhammadownload.com



အခက်အခဲ အနှောက်အယှက်နဲ့ ဘေးဒုက္ခ အမျိုးမျိုးတွေကို တင်ပြလျှောက်ထားပါတယ် ပြီးတော့မှ - 'ဆရာတော်ဘုရား . . တပည့်တော်တို့ဟာ တရားအလုပ် ဘာမှထွေထွေထူးထူး မလုပ်ဘဲ၊ ကိုယ်နေရာကိုယ်အေးအေးနေစဉ်က ဒီလိုဒုက္ခမျိုးတွေ မတွေ့ကြုံရဘဲ အခုလို တရားဓမ္မကို အားထုတ်တဲ့အချိန်မှာမှ ဒီလိုအနှောက်အယှက် ဘေးဒုက္ခတွေနဲ့ ကြုံရတာ ဘယ်လိုသဘောပါလဲဘုရား ' ဆိုပြီး လျှောက်ထားလိုက်တော့ ဆရာတော်ကြီးက

'ဟ . . မောင်ပဥ္စင်းရ . . ဘာသဘောဟုတ်ရမလဲဟ၊ ဓမ္မလမ်းခရီးစတဲ့သဘောပေါ့၊ မောင်ပဥ္စင်းတို့ ငါတို့မှာ ဒီလိုကြုံရတာကိုများ အဆန်းတကြယ်ပြဿနာကြီးတစ်ရပ် လုပ်ပြီး အတွေးခေါင်နေရတယ်လို့ကွယ်၊ တို့ဘုရားရှင်ရဲ့ ဘဝခရီးကို ကြည့်ရင်လဲ ဒီလိုပဲ တွေ့ရတာပဲ မဟုတ်လား၊

မောင်ပဥ္စင်း သေသေချာချာစဉ်းစားကြည့်လေ၊ တို့ဘုရားအလောင်းဟာ သိဒ္ဓတ္ထမင်းသားဘဝနဲ့ နန်းမ,သုံးဆောင်မှာ မောင်းမမိဿံအခြံအရံတွေ၊ မိဖုရားတွေနဲ့ လောကီအာရုံကာမဂုဏ်တွေကို ခံစားပြီး နေတဲ့အချိန်မှာ ဘယ်မာရ်နတ် တစ်ကောင်တစ်မြီးမှလဲ လာပြီးမနှောက်ယှက်ဘူး၊ ဒေဝဒတ်တို့၊ စိဉ္စမာနတို့လို ဘယ်သူတစ်ဦးတစ်ယောက်ကမှလဲ လုပ်ကြံတာတို့ စွပ်စွဲတာတို့ မရှိခဲ့ဖူးဘူး မဟုတ်လား၊

ဟော . . လောကနယ်ပယ်ကိုစွန့်ခွါပြီး ဓမ္မနယ်ပယ်ကို ကူးမယ်လို့လဲ စလိုက်ရော အဖျက်သမား မာရ်နတ် ဆိုတာက တစ်စခန်းထတော့တာပဲ မဟုတ်လား၊ အဲဒီကနေ တောက်လျှောက်ပဲလေ၊ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို ရောက်စဉ်ကဆိုရင် မာရ်နတ်က

http://www.dhammadownload.com



သဲကြီးမဲကြီးနဲ့ သူ့ရှိသမျှ တန်ခိုးစွမ်းအားကုန်အသုံးချပြီး အခြံအရံ အကုန်နဲ့ကို တိုက်ခိုက်နှောက်ယှက်တာပဲ မဟုတ်လား၊ ဘုရားဖြစ်ပြီး တော့ကော ဒီလိုအနှောက်အယှက်တွေ ငြိမ်းသွားလို့လား၊ 'အပြင် အောင်ခြင်း'တို့ ဘာတို့ကိုကြည့်ရင် ဒါတွေက ပြည့်လို့ပါ၊ ထွေထွေ ထူးထူး ပြောပြနေစရာတောင်မလိုပါဘူး၊ ကိုယ့်ဟာကိုယ် စဉ်းစား ကြည့်ပေါ့' ဆိုပြီး စကားကို တစ်ထောက်နားလိုက်တယ်၊ တစ်အောင့် လောက်စဉ်းစားသလိုလို လုပ်နေပြီးတော့မှ . . .

' မောင်ပဥ္စင်း ကံကြွေးဝဋ်ကြွေးဆိုတာကိုတော့ ယုံကြည် တယ်မို့လား' လို့ မေးပါတယ်၊ 'ယုံကြည်ပါတယ်ဘုရား' ဆိုတော့. . .

'အေး . . ကံကြွေးတွေ ဝဋ်ကြွေးတွေဆိုတာကလဲ တစ်ခါ တစ်လေ စဉ်းစားကြည့်ရင် အရပ်ထဲက ကြွေးရှင်တွေနဲ့ ခပ်ဆင်ဆင် လိုပါပဲလားလို့တောင် ထင်ရတယ်ကွဲ့၊ မောင်ပဥ္စင်းလဲ တွေ့ဖူး ကြားဖူးမှာပေါ့၊ အရပ်ထဲက ကြွေးရှင်တွေနဲ့ ကြွေးယူထားတဲ့သူတွေ လေ၊ သူတို့ချင်းတစ်ရပ်တစ်ရွာတည်းမှာ အတူတူနေချိန်မှာတော့ ကြွေးကိုမရမက ဇွတ်အတင်းကြီး မတောင်းဘူးပေါ့ကွယ်၊ တစ်ရွာ တည်းချင်း အမြဲတွေ့နေတာဆိုတော့၊ တစ်နေ့မဟုတ်တစ်နေ့ အဆင်ပြေတဲ့အခါတော့ ပေးလိမ့်မယ်ပေါ့ ဆိုတဲ့သဘောနဲ့ ဒီလိုပဲ ကြည့်နေတာပေါ့။

အေး . . ကြွေးယူထားတဲ့လူက တစ်ရပ်တစ်ကျေး အပြီး အပိုင်ရွှေ့တော့ ပြောင်းတော့မယ်ဆိုတာသိရင်တော့ ဘယ်နှယ်ဖြစ် သလဲ၊ ကြွေးရှင်က မရမက ဇွတ်ကော အတင်းကော တောင်းတော့ တာပဲလေ၊ တချို့ဆိုရင် ရှိစုမဲ့စုလက်ဝတ် လက်စားကလေးတွေပါ မကျန်ရောင်းချပြီးဆပ်ရတာတောင် ရှိတယ်ဆိုမဟုတ်လား။

http://www.dhammadownload.com



တို့ရှိတဲ့ ကံကြွေးဝဋ်ကြွေးတွေကလဲ အဲဒီနည်း နှင်နှင်ပဲကွဲ့၊ ကံနယ် ဝဋ်နယ်ထဲနေစဉ်မှာတော့ တယ်ပြီး အပူတပြင်းကြီး မဟုတ်လှဘူးပဲ ထင်ရတယ်၊ အဲ . . . ကံနယ် ဝဋ်နယ်ကို အလွတ်ရုန်းတော့မယ်ဆိုပြီး ဓမ္မခရီးကိုလည်း စလိုက်ကရော ကြွေးရှင်တွေက ရောက်လာတော့တာပဲဟေ့၊ မပေးဘဲ နေလို့ကို မရဘူးဟ၊ သည်ပြင်ဟာ မကြည့်နဲ့လေကွယ်၊ တို့လက်ဝဲရံ အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးကိုလဲ ကြည့်လိုက်ပါလား၊ သံသရာဝဋ်နယ်က အပြီးအပိုင်ထွက်ခွါတော့မယ်ဆိုတဲ့အခါမှာ တင်ထားတဲ့ဝဋ်ကြွေးက တောင်းမိအောင် တောင်းလိုက်သေးသမို့လား၊ မိဘနှစ်ပါးကို ခိုးသား ယောင်ဆောင်ပြီး ရိုက်ပုတ်ပြစ်မှားမိတဲ့ ကံကြွေးကြောင့် ပရိနိဗ္ဗာန်ပြုခါနီးမှာ ခိုးသားငါးရာတို့က အရိုက်အနှက်ခံလိုက်ရသေးတာလေ၊ အခု မောင်ပဉ္စင်း ကြုံရတယ် ဆိုတာဟာ အဲဒါတွေနဲ့ ယှဉ်လိုက်ရင် အသေးအမွှားလေးပါ၊ ဘာပဲဖြစ်ဖြစ် နယ်ပြောင်းရင်တော့ ကြွေးတောင်းတာ ခံရတတ်တယ်၊ သူ့ကြွေးရှိရင်တော့ ပေးရမှာပဲ၊ ပေးသာပေးလိုက်ပေါ့ကွယ်၊ စောစောပေးထားတော့လဲ စောစော ကြွေးကျေတာပေါ့' ဆိုပြီး ခေတ္တနားနေပါတယ်။

'တပည့်တော်ကတော့ တရားအလုပ်လုပ်ခါမှ ခုလို အဖြစ်မျိုးနဲ့ ကြုံရတာက တစ်ခါနှစ်တောင် မကတော့ဘူး၊ အကြိမ်ကြိမ် ကြုံရဖန်များလာလို့ ပါရမီများ နည်းလို့လား၊ ဒီလိုအလုပ်ကို မတန်မရာလုပ်မိလို့များ အခုလိုကြုံရတာလားဆိုပြီး တစ်ခါတစ်ခါ စိတ်ဓာတ်ကျချင်သလိုလို ဖြစ်ဖြစ်လာတယ်ဘုရား' ဆိုတော့မှ ဆရာတော်ကြီးက မျက်နှာတော် ပြုံးယောင်ယောင်တစ်ချက်ပြုလိုက်ပြီး . . .

'မောင်ပဉ္စင်းလေး . . . တို့မြတ်စွာဘုရားရှင် သဗ္ဗညုတ

http://www.dhammadownload.com



ရွှေဉာဏ်တော်ကြီးကို ရရှိပြီးလို့ ဝေနေယျသတ္တဝါတွေကို တရားဟောဖို့ စဉ်းစားတဲ့အခါမှာ ကြုံတွေ့ရပုံကလေးကို သတိပြုမိသလား၊ မာရ်နတ်ကလဲ 'သတ္တဝါတွေ ကို သူ့ကံအတိုင်းထားလိုက်ပါ၊ ကိုယ်ရရှိထားတဲ့ ဖလသမာပတ်တရားနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အေးအေးသာနေပါ' ဆိုပြီး တရားမဟောဖို့ လျှောက်ထားတယ်၊ သဟမ္ပတိဗြဟ္မာကြီးကတော့ 'သတ္တဝါတွေထဲမှာ ပါရမီကုသိုလ်ကြောင့် ကိလေသာမြူနည်းပါးတဲ့ သတ္တဝါဝေနေယျတွေ အများကြီး ရှိပါတယ်၊ သူတို့တွေဟာ တရားကို မနာရရင် ရသင့် ရထိုက်တဲ့ မဂ်ဖိုလ်တရားက ဆုံးရှုံးရပါလိမ့်မယ်၊ တရားကို နာခွင့်ရရင် တရားသိတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါလိမ့်မယ်၊ တရားကို ဟောတော်မူပါ' လို့ လျှောက်ထားတယ်လေ၊ နောက်ဆုံးတော့ မြတ်စွာဘုရားက သဟမ္ပတိဗြဟ္မာလျှောက်ထားတဲ့အတိုင်း တရားဟောဖို့ ဆုံးဖြတ်ပြီး ဟောကြားတော်မူခဲ့တာ မဟုတ်လား၊ ခုအထိ အရှင်ဘုရားတို့ တပည့်တော်တို့ တရားဓမ္မ နာကြားသိပွားခွင့်ရနေကြတာဟာ ဘုရားရှင်ရဲ့ ဒီကရုဏာတော်တွေကြောင့်ပေါ့။

ဒီနေရာမှာ မောင်ပဥ္စင်းသဘောပေါက်သင့်တာက .. စာထဲမှာတော့ မာရ်နတ်တို့ သဟမ္ပတိတို့ဆိုပြီး သက်ရှိ သတ္တဝါတွေအဖြစ်နဲ့ သရုပ်ပေါ်အောင် ဟောပြတာပေါ့၊ ဒါပေမယ့် ကိုယ်ကတော့ မာရ်နတ်ဆိုတာက ကောင်းတဲ့ အလုပ်ကိစ္စတွေကို အားလျှော့ချင်အောင် မပြုလုပ်ချင်အောင် တားဆီးနှောင့်ယှက်တတ်တဲ့ အဖျက်လုပ်ငန်း အားလုံးကို ကိုယ်စားပြုတာ၊ သဟမ္ပတိဆိုတာက ကောင်းတဲ့ကိစ္စတွေကို မဆုတ်မနစ်လုပ်လိုစိတ်ထက်သန်လာအောင် တိုက်တွန်းတဲ့ အပြုလုပ်ငန်း အားလုံးကို ကိုယ်စားပြုတာလို့ သဘောပေါက်ထားရမယ်။

http://www.dhammadownload.com



ဒီလိုသဘောပေါက်လိုက်ရင် ကိုယ်ခန္ဓာကိုယ်ထဲမှာလဲ မာရ်နတ်နဲ့ သဟမ္ပတိတို့ဟာ အမြဲတမ်း ထိပ်တိုက် ရင်ဆိုင် တိုက်ပွဲဝင်နေရတာပဲဆိုတာကို သဘောပေါက်လာလိမ့်မယ်။

အခု မောင်ပဥ္စင်းစိတ်ထဲမှာ ပါရမီတို့ မတန်မရာတာတို့ကို ရိုးမယ်ဖွဲ့ပြီး အားလျှော့နောက်ဆုတ်ချင်စိတ်ဖြစ်တယ်ဆိုတာ မာရ်နတ်ရဲ့ ကိုယ်စားစိတ်လို့ မဆိုနိုင်ဘူးလား။
'ဘာပဲဖြစ်ဖြစ် ကိုယ်ဆုံးဖြတ်ထားတဲ့အတိုင်းတော့ ပြီးမြောက်အောင် လုပ်မယ်' ဆိုပြီး ဆုံးဖြတ်ထားတဲ့ အဓိဋ္ဌာန်အတိုင်း ပြီးမြောက်အောင်လုပ်ဖြစ်ခဲ့တာက ကိုယ့်စိတ်ကိုယ် အစိုးရအောင် အားတင်းဆောက်တည်နိုင်လို့ပေါ့၊ အဲဒီလို အားတင်း ဆောက်တည်လိုက်တဲ့ စိတ်မျိုးဟာ သဟမ္ပတိရဲ့ ကိုယ်စားစိတ်လို့ မဆိုနိုင်ပေဘူးလား၊

ဘာမှ ထွေထွေထူးထူး ရှည်ရှည်ဝေးဝေး စဉ်းစား တွေဝေမနေနဲ့ မောင်ပဥ္စင်း၊ အခုအချိန်မှာ မောင်ပဥ္စင်းရဲ့ စိတ်ကို မာရ်နတ်နဲ့ သဟမ္ပတိတို့ လွန်ဆွဲနေကြတာပဲ၊ မာရ်နတ်ဘက်ပါသွားရင် မာရ်နတ်ကြိုက်တဲ့နယ်မြေထဲ ရောက်သွားမှာပဲ၊ သူ့နယ်မြေထဲ ရောက်သွားရင်တော့ သူ့ ခြယ်လှယ်သလိုသာ ခံပေရော့ပဲ။

အဲ သဟမ္ပတိဘက်ပါသွားရင်တော့ သဟမ္ပတိ ကြိုက်တဲ့ နယ်မြေထဲရောက်သွားမှာပဲ၊ ကိုယ့်ဟာကိုယ် ဘယ်နယ်ထဲရောက်ချင်သလဲဆိုတာသာ ဆုံးဖြတ်၊ တို့ရဲ့ မြတ်စွာဘုရားကတော့ သဟမ္ပတိဘက်လိုက်ခဲ့လို့သာ ခုအထိ ဘုရားရှင်သာသနာတော်ကြီး ဆိုတာကို တို့တတွေ ကြုံတွေ့ခွင့်ရပြီး ဘုရားရှင် တပည့်သားတွေအဖြစ် ခံယူနေကြတာလေ၊ ကဲ .. အဘဘုရားရှင်ကတော့

http://www.dhammadownload.com



သဟမ္ပတိဘက်လိုက်ခဲ့တယ်၊ ဘုရားသားတော်ဖြစ်တဲ့ တို့က ဘယ်ဘက်လိုက်မလဲ၊ အဲဒါသာ စဉ်းစားဆုံးဖြတ်ပေရော့" ဆိုပြီး ရှင်းပြလိုက်တော့မှ တပည့်တော်စိတ်ထဲမှာ ဖိစီးနေတဲ့ ဝန်ထုပ်ကြီး တစ်ခါတည်း လွင့်ပျောက် ပေါ့ပါးသွားခဲ့တော့တယ်ဆိုတဲ့ အကြောင်းရှေးဟောင်းနှောင်းဖြစ်များနဲ့အတူ ရှည်ရှည်ဝေးဝေး ရှင်းပြပါတယ်။

'အဲဒီနောက်ပိုင်းမှာကော ဘေးဒုက္ခတို့၊ အနှောက်အယှက်တို့နဲ့ မတွေ့ရတော့ဘူးလား' လို့ မိမိက မေးကြည့်တဲ့အခါ တောမှီရဟန်းက . . .

' ဘယ်မတွေ့ဘဲ ရှိမလဲဘုရား၊ တွေ့တန်သလောက်တော့တွေ့နေတာပါပဲ၊ ဒါပေမယ့် ဆရာတော်ကြီး ဩဝါဒကို နာယူပြီးချိန်ကစပြီး ဘယ်လို ဒုက္ခမျိုးနဲ့ပဲ ကြုံရကြုံရ 'ကွေးဟောင်းတစ်ခုတော့ ငါပေးဆပ်လိုက်ပြီ' ဆိုတဲ့ အသိနဲ့အတော်လေး ခံနိုင်ရည်ရှိလာပါတယ်၊ အဲ . . . ထူးထူးခြားခြား အပြောင်းအလဲတစ်ခုသိသိသာသာဖြစ်လာတာကတော့ . . တပည့်တော် လယ်တီဆရာတော် ဘုရားကြီးရဲ့ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်တဲ့ ကျမ်းတွေကို စာတွေ့လက်တွေ့တွဲပြီး လေ့လာအားထုတ်ခဲ့ရာက . . ဓာတ်ကမ္မဋ္ဌာန်းကျမ်းကြီးမှာ ညွှန်ပြတဲ့အတိုင်း စနစ်တကျအားထုတ်လာခဲ့တဲ့နောက်ပိုင်းမှာတော့ အနှောက်အယှက်တွေ၊ ဘေးဒုက္ခတွေဆိုတာမတွေ့ရတော့သလောက်ပဲ၊ သာမန် နှာစေးချောင်းဆိုး ရာသီဖျားလောက်တော့လဲ ဖြစ်တာပေါ့လေ၊ ဒါပေမယ့် ဝဋ်ကြွေးဒုက္ခကြီးတစ်ခုလို့ ဆိုရလောက်တဲ့ ဒုက္ခကြီးမျိုးတော့ မကြုံရတော့ပါဘူး။

အခု ညီတော် ဦးပဉ္ဇင်းကလေးနှစ်ပါးကိုလဲ တပည့်တော်စကားလက်ဆောင်ပါးလိုက်ပါရစေ . . အရှင်ဘုရားက တစ်ဆင့်

http://www.dhammadownload.com



ပြောပေးပါ ' လယ်တီဆရာတော်ရဲ့ ကျမ်းတွေကို အသေးစိတ် ဖတ်ရှုလေ့လာသင့်တယ်၊ တပည့်တော်ကတော့ ဆရာတော်ရဲ့ ကမ္မဋ္ဌာန်းကျမ်းတွေဆိုရင် အခန်းတစ်ခန်း ဖတ်လိုက်၊ အဲဒီထဲအတိုင်း အသားကျအောင် အားထုတ်လိုက်နဲ့ လုပ်ပြီးတော့ကို လေ့လာခဲ့တာ၊ ဖြစ်နိုင်ရင် အဲဒီလို လုပ်ကြည့်သင့်ပါတယ်၊ ပြီးတော့ ခေတ်ကမ္မဋ္ဌာန်း ကျမ်းကြီးဆိုတာ ပါဠိလိုတော့ သုံးမျက်နှာတောင် မပြည့်တတ်ပါဘူး၊ (၃၂)ကောဋ္ဌာသ ပါဠိကို ရပြီးသားပုဂ္ဂိုလ်တို့ အတွက်ဆိုရင် စကားလုံးအသစ်အဆန်းဆိုလို့ ဆယ်လုံး လောက်ပဲရှိတာ၊ အဲဒါကို နှုတ်တက်ဆောင်ပြီး ရွတ်လဲရွတ်၊ ပွားလဲပွားပါလို့ တပည့်တော်က တိုက်တွန်းလိုက်တဲ့ အကြောင်း ပြောဖြစ်အောင်ပြောပေးပါ' လို့ မှာကြားပြီး စကားဝိုင်းကို နိဂုံးချုပ်လိုက်ပါတယ်။

ဒီလောက်ဆိုရင် ကမ္မဿကတသမ္မာဒိဋ္ဌိ ခိုင်မာဖို့ အတွက် အထောက်အပံ့ရလောက်ပြီဖြစ်လို့ ဒီဆောင်းပါးကိုလည်း

**'ကောင်း, မကောင်းဖြစ်သော ကံဟောင်းကို မမျှော်လင့်ရ၊ ကောင်းသောကံအသစ်ကိုသာ ဖြစ်ပွားအောင် အားထုတ်ရမည်'** ဆိုတဲ့


ဝါးချက်မင်းကျောင်း ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒနဲ့ပဲ နိဂုံးချုပ်လိုက်ပါရစေ။ ။

သဟာမ္ပတိ ဘက်တော်သားများအဖြစ်နဲ့ အဓမ္မကို ဓမ္မဖြင့် အောင်နိုင်ကြပါစေ။

အလင်းတန်းဂျာနယ်

အမှတ် (၅၆၄)၊ ဇူလိုင် ၂၇ ၊ ၂၀၀၉။

http://www.dhammadownload.com



# ငရဲမကျ နတ်မထူရတဲ့ ကုသိုလ်ရှင်

တရားဟောတိုင်း 'ဒယ်အိုး' ဆိုတဲ့ စကားကို တွင်တွင် ပြောလေ့ ရှိတဲ့အတွက် 'ဒယ်အိုး'ဆရာတော်လို့ အများက ခေါ်ကြတဲ့ မဇ္ဈကထိက အရှင်ကလေးရဲ့ ကျောင်းမှာ မဇ္ဈကထိကဆရာတော်ကြီးများ ပူဇော်ပွဲလုပ်လို့ မိမိကိုလဲ မဇ္ဈကထိက စာရင်းထဲသွင်းပြီး ပင့်လျှောက်တဲ့အတွက် လိုက်သွားခဲ့ပါတယ်။ ဆရာတော်ကြီးများက ဩဝါဒအသီးသီး ပေးကြပြီး မိမိကိုတော့ အနုမောဒနာ တရားဟောရေစက်ချ ပေးပါဆိုတာနဲ့ ဟောပြောခဲ့ရပါတယ်။ အဲဒီအကြောင်းကလေးကို စာဖတ်ပရိသတ်များအတွက်လည်း မျှဝေပေးလိုက်ပါတယ်။

http://www.dhammadownload.com



ပူဇော်ပွဲလုပ်တဲ့ ဓမ္မကထိကအရှင်ကို အများက ဒယ်အိုး ဆရာတော်လို့ခေါ်ကြတဲ့ အကြောင်းက 'သားကျွေးမှု၊ မယားကျွေးမှု တွေနဲ့ အချိန်ကုန်နေသူတွေဟာ ဒယ်အိုးစာ ဖြစ်မယ်'လို့ ဟောလေ့ ရှိတဲ့အတွက် ဒီအမည်တွင်လာတယ်ဆိုတာ သိထားရလို့ ဒီအကြောင်းက စပြီး ပြောဖြစ်ခဲ့ပါတယ်။ အမှန်ကတော့ ဒီစကားဟာ မိုးကုတ်ဆရာ တော်ကြီး ဟောကြားခဲ့တာက စခဲ့တာပါ။ မိမိအနေနဲ့ အမရပူရ (တောင်မြို့) တူမောင်းတိုက်ကို စာသင်သား သာမဏေအဖြစ်နဲ့ ရောက်ခဲ့ချိန်မှာ မိုးကုတ် ဆရာတော်လို့ နာမည်ရနေပြီဖြစ်တဲ့ တောင်မြို့၊ မင်္ဂလာတိုက်ဆရာတော်ကြီး ကို (၂)နှစ်လောက်မှီ လိုက်ပါတယ်၊ ဆရာတော်ကြီး ဒီ စကားကို ပြောဆိုရတဲ့ အကြောင်း အတ္ထုပ္ပတ္တိကိုလဲ သိထားပါတယ်၊ ဒါကြောင့် ဒီအကြောင်းက စပြောရတာပါ။

မိုးကုတ်ဆရာတော်ဘုရားကြီးရှိစဉ်က တောင်မြို့၊ မင်္ဂလာ တိုက်မှာ ဝါတွင်းဆိုရင် ဥပုသ်နေ့တိုင်း တရားပွဲ ပုံမှန် ရှိပါတယ်၊ ပုံမှန်အားဖြင့် နံနက်ပိုင်းတရားဟောချိန်ကို ၉ နာရီလို့ သတ်မှတ် ထားတယ်၊ တရားပွဲကို မန္တလေးက ပရိသတ်တွေလဲ အများအပြား လာကြပါတယ်၊ အဲဒီအထဲမှာ စက္ကူကုန်သည် ဒကာကြီးတစ်ဦးဟာ ဆရာတော်ရဲ့ ဒကာရင်း ဖြစ်သလို တရားထောက် တပည့်ကြီး တစ်ဦးလဲ ဖြစ်ပါတယ်။ ဒါကြောင့် တရားပွဲစချိန်မှာ အဲဒီဒကာကြီး တွေ အစုံမရောက်သေးရင် အချိန် အနည်းငယ်တော့ စောင့်တန် စောင့်ပါတယ်။

တစ်နေ့တော့ အဲဒီဒကာကြီးမရောက်လာလို့ စောင့်နေ တာ နာရီဝက်လောက်အထိ ကြာပေမယ့် ရောက်မလာတဲ့ အတွက်

http://www.dhammadownload.com



ဆရာတော်ကြီးက 'ကဲ . . မလာသူကို စောင့်မနေကြနဲ့ ပရိသတ် ညောင်းညာမယ်၊ တရားပွဲစကြ' ဆိုပြီး ဥပုသ်ပေး တရားဟောပါ တယ်၊ ဒကာကြီးက တရားပွဲပြီး ခါနီးလောက်မှ ရောက်လာပါတယ်၊ တရားပွဲပြီးတဲ့အခါမှာတော့ ဆရာတော်ကြီးကို ဝတ်ပြုကန်တော့ပြီး 'ဒီနေ့ ဥပုသ်နေ့ကြီးဖြစ်ပေမယ့် ရပ်ဝေးဖောက်သည်တွေရောက် နေတဲ့အတွက် အားနာပြီး ဂိုဒေါင်ဖွင့် ရောင်းချပေးနေရလို့ နောက် ကျသွားရတဲ့အကြောင်း လျှောက်ထား တောင်းပန်ပါတယ်၊ ဆရာ တော်ကြီးက ကိုယ့်ကြောင့် ပရိသတ်အများ စောင့်ဆိုင်း နေရတာမျိုး မဖြစ်အောင် ဆုံးမသတိပေးပြီးတော့မှ 'အေး. . မင်းတို့တတွေ သံသရာတစ်လျှောက်လုံးလဲ သားကျွေးမှု, မယားကျွေးမှုတွေနဲ့ပဲ အပါယ်ငရဲကျခဲ့ရတဲ့ အကြိမ်တွေ မနည်းတော့ဘူး၊ ခုလဲ ဥပုသ်နေ့ ကြီးမှာတောင် သားကျွေးမှု, မယားကျွေးမှုတွေနဲ့ပဲ အချိန်ကုန်ကြ တုန်းဆိုရင် အပါယ် ငရဲစာတွေပဲ ဖြစ်ကြဦးမှာပဲ' ဆိုပြီး ဆုံးမ ပါတယ်။ နေ့ခင်း တရားပွဲမှာလဲ ဒီအကြောင်းကို ဟောပြော ဆုံးမ ပါတယ်။ အဲဒီကစပြီး သားကျွေးမှု၊ မယားကျွေးမှုတွေနဲ့ပဲ အချိန်ကုန်နေရင် အပါယ်ငရဲစာတွေ ဖြစ်ကုန်မယ်' ဆိုတဲ့ စကား ကလဲ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာခဲ့တာ၊ အခုအခါမှာတော့ တချို့ ဓမ္မကထိကများ အနေနဲ့ လက်သုံးစကား တစ်ခုလိုဖြစ်လာပါတယ်။

ဒီအကြောင်းဖြစ်ရပ်ကို ပြောပြပြီး မိမိအနေနဲ့ ဆက်ပြော ဖြစ်တာကတော့ မြတ်စွာဘုရားရှင် ဟောတဲ့ တရား တော်တွေထဲမှာ ရော ရှေးရှေးဆရာတော်ကြီးများရဲ့ ဟောကြား ဆုံးမချက်တွေမှာပါ ပြောဟောခဲ့တဲ့ စကားတွေဟာ . .

မုချပုံသေစကားရယ်၊ 'သန္ဓာယ ဘာသိတ' လို့ ခေါ်တဲ့

http://www.dhammadownload.com



သီးသန့် ရည်ရွယ်ချက်တစ်ခုအနေနဲ့ ပြောဟောတဲ့ စကားရယ်ဆိုပြီး နှစ်မျိုးရှိတယ်၊ မိုးကုတ်ဆရာတော်ကြီးရဲ့ ဒီစကားဟာ တပည့်ရင်း ဒကာတစ်ဦးကို တရားဘက်မှာ အလေးအနက်ထားလာစေဖို့ အတွက် ရည်ရွယ်ချက်နဲ့ ပြောတဲ့ 'သန္ဓာယ ဘာသိတ' စကားမျိုးပါ။ ဒါကို မုချ စကားလို့ သဘောထားပြီး 'သားကျွေးမှု၊ မယားကျွေးမှု ရှာဖွေနေတာဟာ အပါယ်ငရဲရောက်ကြောင်းတွေပဲ'လို့ ပုံသေကား ကျ မမှတ်ယူမိပါစေနဲ့၊ ပိဋကတ်တော်မှာ သား မယားကို တရား သဖြင့် ရှာဖွေကျွေးမွေးနေသူတွေကို သိကြားမင်းက တစ်နေ့ သုံးကြိမ် ရှိခိုးတယ်ဆိုတဲ့ အကြောင်းတွေ အထင်အရှား ရှိသလို မင်္ဂလာတရားတော်မှာလဲ ' ပုတ္တဒါရဿ သင်္ဂဟော ဧတံ မင်္ဂလ မုတ္တမံ = ကျွေးသစ်ချကာ သားနှင့်မယားကို မြှောက်စားချီးမြှင့် ဝတ်ကုန်စေ' လို့ ဘုရားရှင် ကိုယ်တော်တိုင် တိုက်တွန်းထားတာ ရှိပါတယ်။ ဒါဟာ မင်္ဂလာတစ်ပါးပါ။ 'ကောင်းကျိုးချမ်းသာ ကျက်သရေ မင်္ဂလာ'ဆိုတာ အကြောင်းအကျိုးဆက် ဖြစ်စဉ်ပါပဲ၊ မင်္ဂလာရှိရင် ကြက်သရေရှိတယ်၊ ကောင်းကျိုးချမ်းသာလဲ ရပါ တယ်။ ဒါဟာ သိကြားလည်း ရှိခိုး၊ ဘုရားလည်း ချီးကျူးတဲ့ အလုပ် ဖြစ်ပါတယ်။

ဒါနဲ့ ဆက်စပ်ပြီး ဒီကနေ့ အထူးပြောလိုတာကတော့ 'အဆင့်မြင့် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ဖို့ဆိုရင် ငရဲနဲ့ နတ်ပြည်ကို ကျော်လွှန်နိုင်ဖို့လိုတယ်' ဆိုတဲ့ အကြောင်းပါပဲ။ ဒီစကားကို "လွှတ်" ခနဲ ကြားလိုက်ရင်တော့ 'ဒီဘုန်းကြီးက ငရဲနဲ့ နတ်ပြည်ကို ပယ် တယ်' လို့ အထင်ရောက်သွားနိုင်ပါတယ်။ ပယ်လည်း မပယ်ပါဘူး။ ပယ်ဖို့ပြောတာလည်း မဟုတ်ပါဘူး။ ကျော်လွှန်ရမယ်လို့ပြော

http://www.dhammadownload.com



တာပါ။ နဲနဲရှင်းပြပါဦးမယ်။

ဘယ်သူမဆို ငယ်စဉ်တောင်ကျေးကလေးဘဝမှာ ဘိုးဘွား မိဘတွေက ' မလုပ်သင့် မပြောသင့်တာတွေဆိုရင် ' ဟဲ့ . . ဒီလို မလုပ်နဲ့၊ ဒီလိုမပြောနဲ့၊ မလုပ်ကောင်းဘူး၊ မပြောကောင်းဘူး၊ ငရဲကြီးတတ်တယ်' လို့ ဆုံးမလေ့ ရှိပါတယ်။ လုပ်သင့်လုပ်ထိုက်၊ ပြောသင့်ပြောထိုက်တာတွေကျတော့ 'အဲဒါ ကုသိုလ်ရတယ်၊ ဘုန်းကြီးဦးမယ်၊ သက်ရှည်ဦးမယ်၊ နတ်သား နတ်သမီးတွေ ဖြစ်မယ်' လို့ပြောပြီး အားပေးတိုက်တွန်းဆုံးမပါတယ်၊ မိမိတို့ အပါအဝင် ဗုဒ္ဓဘာသာ ဝင်တိုင်း လိုလိုဟာ ဒီအဆုံးအမတွေကို အခြေခံပြီးတော့ပဲ ' မကောင်းမှု ရှောင်ရေး၊ ကောင်းမှုဆောင်ရေး' အပေါ်မှာ ခံယူချက် ခိုင်မာလာခဲ့ကြတာပါ။ ဒါဆိုရင် ဘာဖြစ်လို့ ဒီငရဲနဲ့ နတ်ပြည်ဆိုတဲ့အဆင့်ကို ကျော်လွန်မှ အဆင့်မြင့် ဗုဒ္ဓ ဘာသာဝင် တစ်ဦးဖြစ်မယ်လို့ ပြောရသလဲ ဆိုတာကို နဲနဲစဉ်းစား ကြည့်ရအောင်။

ကလေးငယ်တစ်ယောက်ကို ပညာသင်ဖို့ ကျောင်းကို စပို့ချိန်မှာ ' ကျောင်းမပြေးနဲ့နော်၊ ကျောင်းပြေးရင် တုတ်နဲ့ အရိုက်ခံရမယ်၊ ကျောင်းမှန်မှန်တက်၊ စာတွေ ကြိုးစားရင် မုန့်ဖိုးမှန်မှန် ပေးမယ်၊ လိုချင်တာ ဘာညာတွေ ဝယ်ပေးမယ်' စသည်ဖြင့်ပေါ့ ဒီလိုပဲ ကလေးကို ကျောင်းမှန်မှန်တက်အောင် ဆုံးမကြတာပါပဲ၊ ဒါပေမယ့် ဒီကလေးဟာ အတန်းကလေး နည်းနည်းမြင့်လာတာနဲ့ အမျှ ကျောင်းမှန်မှန်တက်မှ ပညာရည်မြင့်တက်မယ်၊ ပညာမြင့်မှ ဘဝလဲ မြင့်မယ်၊ ကျောင်းပြေးရင် ပညာပျက်မယ်၊ ပညာပျက်ရင် ဘဝလဲပျက်မယ်' ဆိုတဲ့ အသိမျိုးတွေ မြင့်လာရပါတယ်။ အဲဒီ

http://www.dhammadownload.com



အချိန်မှာ ဒီကလေးအတွက် 'တုတ်' တို့ ' မုန့်'တို့ဆိုတာ တွေ မလို အပ်တော့ပါဘူး၊ တုတ်နဲ့ မုန့်ဆိုတဲ့ အဆင့်ကို ကျော်လွန်သွားပါပြီ။

ဒီနေရာမှာ အနာထပိဏ်သူဌေးကြီးရဲ့သား 'ကာလ' ဆိုတဲ့ လူငယ်တစ်ယောက်အကြောင်းကလဲ စိတ်ဝင်စားစရာပါ၊ ဖခင် သူဌေးကြီးက သူ့သားကို လိမ္မာစေချင်တဲ့အတွက် ဘုရားကျောင်း တော်ကို တစ်ခေါက်သွားရင် မုန့်ဖိုးတစ်ရာဆိုပြီး သတ်မှတ်တယ်၊ သားက အိမ်ဖော်တစ်ယောက်ကို အသိသက်သေအဖြစ်ခေါ်ပြီး ဘုရားကျောင်းကို ရောက်တယ်ဆိုရုံသွားတယ်၊ ပြီးတော့ ဆုငွေ တောင်းယူတယ်။

သူဌေးကြီးက နောက်တစ်ဆင့်တက်ပြီး ' ဘုရား ဟောတဲ့ တရားထဲက တစ်ပုဒ်ကို အရဆိုပြနိုင်ရင် ဆုငွေ တစ်ထောင်ပေး မယ်' ဆိုပြီး လုပ်တော့ 'ကာလ' လဲ ဘုရား ကျောင်းသွားပြီ ဘုရား ဟောတဲ့တရားကို အလွတ်ဆိုနိုင်အောင် ဂရုစိုက်ပြီး နားထောင်တာ ပေါ့၊ ဘုရားရှင်လည်း ဒီအကြောင်း သိထားတော့ 'ကာလ' ရဲ့ စရိုက်ဓာတ်ခံနဲ့ကိုက်အောင် တရားကို ဟောလိုက်တာ တစ်ခါတည်း ကာလသူဌေးသား သောတာပန်အထိဖြစ်သွားတာပဲ၊ သားပြန်လာ တာကို မြင်လိုက်ကတည်းက ဖခင်သူဌေးကြီးက ရိပ်မိပြီ၊ ဒါပေမယ့် သားအကြောင်းသိရအောင်ဆိုပြီး ' ငါ့သား တရားတစ်ပုဒ် ဆိုပြပြီး အသပြာတစ်ထောင်လာယူလေကွယ်' ဆိုတော့ သားက ' အသပြာ တစ်ထောင်ဆိုတာ ဘာအသုံးကျလို့လဲ' ဆိုပြီး မယူပဲငြင်းဆန်တော့ သတဲ့။ 'ကာလ' ဆိုတဲ့ လူငယ်ဟာ အသပြာတစ်ထောင်ထက် သာ လွန်တဲ့ တရားအသိကို ရသွားပြီလေ၊ အသပြာအဆင့်ကို ကျော်လွန် သွားပြီးပေါ့။

http://www.dhammadownload.com



အဲ . . စောစောကပြောတဲ့ တုတ်နဲ့ မုန့်ကို အကြောင်းပြုပြီး ကျောင်းမှန်မှန်တက်ခဲ့တယ်ဆိုတဲ့ **ချစ်လို့ ကျောင်းမှန်မှန်တက်တာ**' ဆိုတဲ့ ခံယူချက်မျိုးပဲ ရှိနေသေးတယ်ဆိုရင်တော့၊ အသက်သာကြီးမယ် (တကယ်တော့ ဒီလိုလူမျိုးအတန်းလဲ အမှန်အကန် ကြီးလာနိုင်စရာတော့ မရှိလှပါဘူး) အသိကတော့ မူကြိုတန်းအဆင့်ကို မလွန်မြောက်သေးဘူးလို့သာ ဆိုရမယ်မဟုတ်လား။

ဗုဒ္ဓဘာသာဝင်များအနေနဲ့လဲ ဒီဥပမာအတိုင်းပါပဲ၊ ငယ်ငယ်ကတော့ ငရဲကြီးမှာ ကြောက်လို့ အကုသိုလ် မလုပ်ဘူး၊ ကောင်းကျိုးချမ်းသာရချင်လို့၊ နတ်သားဖြစ်ချင်လို့ ကုသိုလ်ပြုတဲ့ မူကြိုတန်း ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘာမှ အပြစ်ပြောစရာ မရှိပါဘူး၊ ဒါပေမယ့် အသက်အရွယ် ရလာချိန်အထိလဲ '**ငရဲကြောက်လို့ မကောင်းမှု ရှောင်တယ်၊ နတ်ပြည်ရောက်ချင်၊ ကောင်းကျိုးရချင်လို့ ကောင်းမှုလုပ်တယ်**' ဆိုတဲ့ အသိကို မကျော်လွန်သေးဘူးဆိုရင်တော့ စဉ်းစားသာကြည့်ကြပါ၊ ဗုဒ္ဓဘာသာ မူကြိုတန်း အဆင့်ကို ကျော်လွန်ပါ့မလား။ ဒါကြောင့် အဆင့်မြင့် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ဖို့ဆိုရင်တော့ ငရဲနဲ့ နတ်ပြည်ကို ကျော်လွန်ဖို့ လိုတယ်လို့ ပြောခဲ့တာပါ။ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်'ရာမှာ ငရဲကြောက်လို့လဲ မဟုတ်ဘူး၊ ကောင်းကျိုးချမ်းသာတွေ၊ နတ်ရွာသုဂတိတွေ ရချင် ရောက်ချင်လို့လဲ မဟုတ်ဘူး၊ **သူတစ်ပါးရှိပြီးသားကို မဖျက်မဆီး စောင့်ရှောက်ပေးလို့မှု၊ သူတစ်ပါး လိုအပ်ချက်ကို ဖြည့်စွက်ကူညီလို့မှု** ဆိုတဲ့ စေတနာထားပြီး ရှောင်ကြ၊ ဆောင်ကြမယ်ဆိုရင် ငရဲမကျ နတ်မထူတဲ့ ဖြူဖြူစင်စင် ကုသိုလ်ရှင် ကလေးတွေ ဖြစ်မှာ မလွဲပါဘူး၊ 'ဖြူအောင်

http://www.dhammadownload.com



အကမ်း ရှည်ကြပါတယ်။ ဒါပေမယ့် အဲဒီစွမ်းအားတွေကို အလှမ်း အကမ်းပြုပြီး သူတစ်ပါးကို မကူညီဘဲ ကိုယ်ကျိုးအတွက်သာ ကိုယ်ကြည့်နေကြသူတွေဟာ ငရဲကျနေသူတွေနဲ့ အတူတူပဲ၊ အစွမ်းရှိသလောက် အလှမ်းအကမ်းပြုပြီး ရိုင်းပင်းကူညီနေကြသူတွေက နတ်ပြည်ရောက်နေသူတွေနဲ့ အတူတူပါပဲလို့ ဆိုလိုတာပါ။

ဒီနေရာမှာ မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို မိန့်ကြားတဲ့ ' တာဝတိံသာနတ်ပရိသတ်ကို မြင်ဖူးချင်ရင် လိစ္ဆဝီပရိသတ်တွေကို ကြည့်ထားကြ' ဆိုတဲ့ မဟာပရိနိဗ္ဗာနသုတ်ထဲက စကားလေးကိုလည်း သတိရစရာ ကောင်းပါတယ်''ဆိုတဲ့ အကြောင်းများနဲ့ အကျယ်တဝင့်လေး ဟောပြောရင်း ဘာသာတရားအဆုံးအမတွေကို အကြောက် အမျှော်တွေနဲ့ လိုက်နာနေကြတဲ့ အဆင့်ကို ကျော်လွန်ကြဖို့ အသိတရားဦးဆောင်ပြီး သန့်စင်တဲ့ စေတနာနဲ့ အတ္တနယ် ကနေ ပရနယ်(ပရဟိတ) ကို ဖြတ်သန်းပြီး အနတ္တနယ် ရောက်အောင် ဦးတည်လိုက်နာကျင့်ကြံကြဖို့ အကျယ်တဝင့် ပြောပြခဲ့ပါတယ်။

**သတိထား ဒာသိပ္ပွားနိုင်ကြပါစေ။**

အလင်းတန်းဂျာနယ်

အမှတ် (၅၆၅)၊ ဩဂုတ် ၃၊ ၂၀၀၉

http://www.dhammadownload.com



အဲ .. စောစောကပြောတဲ့ တုတ်နဲ့ မုန့်ကို အကြောင်းပြုပြီး ကျောင်းမှန်မှန်တက်ခဲ့တယ်ဆိုတဲ့ ချစ်လို့ ကျောင်းမှန်မှန်တက်တာ' ဆိုတဲ့ ခံယူချက်မျိုးပဲ ရှိနေသေးတယ်ဆိုရင်တော့၊ အသက်သာကြီးမယ် (တကယ်တော့ ဒီလိုလူမျိုးအတန်းလဲ အမှန်အကန် ကြီးလာနိုင်စရာတော့ မရှိလှပါဘူး) အသိကတော့ မူကြိုတန်းအဆင့်ကို မလွန်မြောက်သေးဘူးလို့သာ ဆိုရမယ်မဟုတ်လား။

ဗုဒ္ဓဘာသာဝင်များအနေနဲ့လဲ ဒီဥပမာအတိုင်းပါပဲ၊ ငယ်ငယ်ကတော့ ငရဲကြီးမှာ ကြောက်လို့ အကုသိုလ် မလုပ်ဘူး၊ ကောင်းကျိုးချမ်းသာရချင်လို့ နတ်သားဖြစ်ချင်လို့ ကုသိုလ်ပြုတဲ့ မူကြိုတန်း ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘာမှ အပြစ်ပြောစရာ မရှိပါဘူး၊ ဒါပေမယ့် အသက်အရွယ် ရလာချိန်အထိလဲ ' ငရဲကြောက်လို့ မကောင်းမှု ရှောင်တယ်၊ နတ်ပြည်ရောက်ချင်၊ ကောင်းကျိုးရချင်လို့ ကောင်းမှုလုပ်တယ်' ဆိုတဲ့ အသိကို မကျော်လွန်သေးဘူးဆိုရင်တော့ စဉ်းစားသာကြည့်ကြပါ၊ ဗုဒ္ဓဘာသာ မူကြိုတန်း အဆင့်ကို ကျော်လွန်ပါ့မလား။ ဒါကြောင့် အဆင့်မြင့် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ဖို့ဆိုရင်တော့ ငရဲနဲ့ နတ်ပြည်ကို ကျော်လွန်ဖို့ လိုတယ်လို့ ပြောခဲ့တာပါ။ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်'ရာမှာ ငရဲကြောက်လို့လဲ မဟုတ်ဘူး၊ ကောင်းကျိုးချမ်းသာတွေ၊ နတ်ရွာသုဂတိတွေ ရချင် ရောက်ချင်လို့လဲ မဟုတ်ဘူး၊ သူတစ်ပါးရှိပြီးသားကို မဖျက်မဆီး စောင့်ရှောက်ပေးလိုမှု၊ သူတစ်ပါး လိုအပ်ချက်ကို ဖြည့်စွက်ကူညီလိုမှု ဆိုတဲ့ စေတနာထားပြီး ရှောင်ကြ, ဆောင်ကြမယ်ဆိုရင် ငရဲမကျ နတ်မထူတဲ့ ဖြူဖြူစင်စင် ကုသိုလ်ရှင် ကလေးတွေ ဖြစ်မှာ မလွဲပါဘူး၊ 'ဖြူအောင်

http://www.dhammadownload.com



စိတ်ကိုထား' ဆိုတာလဲ ဒီသဘောကို ရည်ညွှန်းပါတယ်။ ငရဲနဲ့ နတ်ပြည်ကို ဘယ်သူကမှ ပယ်ပေးစရာမလိုဘူး၊ ကိုယ့်ဟာကိုယ် ကျော်လွှန်နိုင်ရမယ်လို့ ဆိုလိုတာပါ။

အရွယ်တော်တော်ရောက်နေတဲ့ လူတချို့ကတောင် မိမိထံမှာ ' ငရဲဆိုတာရှိသလား၊ မရှိဘူးလား၊ ရှိရင် ဘယ်မှာ ဘယ်လိုတည်ရှိနေသလဲ' ဆိုတဲ့ မေးခွန်းမျိုးတွေ ခဏခဏ လာမေးဖူးတယ်။ မိမိက ' ဘာလဲ မော်တော်ပီကယ် လစ်ရင် မီးနီဖြတ်မောင်းတဲ့ ဒရိုင်ဘာမျိုးလို ငရဲဆိုမရှိဘူးဆိုရင် ဘုရားရှင်တပ်ဆင်ထားတဲ့ မီးနီကို ဖြတ်မောင်းချင်လို့လား' ဆိုပြီး ပြန်မေးတော့ 'အဟင်း. . အဟဲ . . ဒီလိုလဲမဟုတ်ပါဘူး ဘုရား' ဆိုပြီး အူကြောင် ယောင်ဝါး လုပ်သွားကြတယ်။ ဒီထက်တိုးပြီး ' ဘာပဲဖြစ်ဖြစ် တပည့်တော်တို့က ငရဲရှိ, မရှိဆိုတာ အသေအချာကို သိရမှ ဒီဘာသာကို လက်ခံနိုင်မယ်' ဆိုတာမျိုး လုပ်လာရင်တော့ ' ဘာမှ မပူနဲ့၊ အေးအေး သာနေ၊ အချိန်တန်ရင် 'မယုံမရှိနဲ့ ကိုယ်တွေ့' ဆိုတာမျိုး ကြုံကို ကြုံရပါစေ့မယ်' လို့ပဲ ပြောလိုက်ရပါတယ်။

'ငရဲ နတ်ပြည်' အကြောင်းပြောတဲ့အခါ ဂျပန်ပုံပြင် တစ်ခုကိုလဲ သတိရမိတယ်၊ တပည့်ဖြစ်သူက ဆရာကြီးကို 'ငရဲနဲ့ နတ်ပြည်ဆိုတာရှိသလား' လို့မေးတော့ ဆရာကြီးက 'ရှိတယ်' လို့ဖြေတယ်၊ ဒါဆိုဘယ်မှာရှိတယ်ဆိုတာ ဆရာကြီး ပြနိုင်သလားဆိုတော့ 'ပြနိုင်တယ်၊ ကဲ ကြည့်ချင်ရင် လိုက်ခဲ့' ဆိုပြီး ခေါ်သွားတယ်၊ ပထမဆုံး တွေ့တာကတော့ အရပ်ဒေသတစ်ခုမှာ လူတွေအများကြီး သူတို့ပုံစံကလည်း ငတ်ပြတ်ပိန်ချုံးပြီး စုတ်ချာနေတာပဲတဲ့၊ သူတို့လက်ထဲမှာ အရိုးရှည်ရှည်ရေမှုတ်ကြီးတွေကိုလဲ ကိုင်ထားကြတယ်၊ သူတို့ရှေ့မှာ

http://www.dhammadownload.com



တော့ ရေမှုတ်ရိုးနဲ့ အလှမ်းမှီလောက်တဲ့ နေရာမှာပဲ ရေတွေက အပြည့်ပဲ၊ သူတို့က ဘာလုပ်နေကြလဲဆိုတော့ အဲဒီရေတွေကို ခပ်ပြီး ကိုယ့်ဟာကိုယ်သောက်ဖို့ ကြိုးစားနေကြတာ၊ ရေမှုတ်ရိုးက သိပ်ရှည် နေပြီး နေရာလဲ ပြောင်းကိုင်လို့ မရဘူးဆိုတော့ သောက်သမျှ ရေတွေဟာ ပါးစပ်ထဲ ရောက်မလာဘဲ ဘေးချည်းဖိတ်ကျ ကုန် တာပေါ့။ အဲဒီလူတွေကို ညွှန်ပြပြီး ဆရာကြီးက 'ငရဲဆိုတာ အဲဒါပဲကွ' လို့ ပြောသတဲ့။

'ဒါဖြင့် နတ်ပြည်ဆိုတာကကော' ဆိုတော့ 'လာ လိုက်ခဲ့' ဆိုပြီး ခေါ်သွားတယ်၊ တစ်နေရာရောက်တော့ အဲဒီမှာလဲ လူတွေ အများကြီးပဲ သူတို့လက်ထဲမှာလည်း စောစောကလိုပဲ နေရာပြောင်း ကိုင်လို့ မရတဲ့ အရိုးရှည် ရေမှုတ်ကြီးတွေကို ကိုင်လို့ပဲတဲ့၊ ဒါပေမယ့် အဲဒီလူတွေကတော့ ဝဝလင်လင်၊ ပြောင်ပြောင်ရောင်ရောင်နဲ့ အချင်းချင်းလည်း ပြောဆိုရယ်မော တသောသောနဲ့ ပျော်နေကြတဲ့ ပုံပဲ၊ သူတို့က ဘယ်လိုလုပ်နေကြသလဲဆိုတော့၊ အဲဒီ ကွေးလို့မရတဲ့ အရိုးရှည် ရေမှုတ်ကြီး တွေနဲ့ပဲ တစ်ယောက်က မိမိကိုင်တဲ့ ရေ မှုတ်နဲ့ ရေကိုခပ်ပြီး အလှမ်းမှီရာ တခြားသူတွေကို ခပ်တိုက်နေကြ တာတဲ့။ ဆရာကြီးက အဲဒီလူတွေကို ညွှန်ပြပြီး 'တွေ့လား ငါ့တပည့်၊ အဲဒါ နတ်ပြည်ပဲကွဲ့' လို့ ပြောလိုက်ပါသတဲ့။

ပုံပြင်ဆိုတာကတော့ ဆိုလိုတဲ့ အဓိပ္ပါယ်ကို နိမိတ်ပုံပေါ် အောင် ဖော်ဆောင်ပြတာပါ။ ဒီပုံပြင်ကိုကြည့်ပြီး 'ရေမှုတ်ရိုးတွေ နေရာရွှေ့ကိုင်ရင်ကော မရနိုင်ဘူးလား' လို့ ဘာတို့ ဆင်ခြင်ပေးနေ စရာမလိုပါဘူး၊ ဒီပုံပြင်ရဲ့ ဆိုလိုရင်းကတော့ လူတွေရဲ့ စွမ်းအား ဟာ တစ်ပါးသူတွေကို ကူညီနိုင်လောက်အောင်အထိ အလှမ်း

http://www.dhammadownload.com




အကမ်း ရှည်ကြပါတယ်။ ဒါပေမယ့် အဲဒီစွမ်းအားတွေကို အလှမ်း အကမ်းပြုပြီး သူတစ်ပါးကို မကူညီဘဲ ကိုယ်ကျိုးအတွက်သာ ကိုယ်ကြည့်နေကြသူတွေဟာ ငရဲကျနေသူတွေနဲ့ အတူတူပဲ၊ အစွမ်းရှိသလောက် အလှမ်းအကမ်းပြုပြီး ရိုင်းပင်းကူညီနေကြသူတွေက နတ်ပြည်ရောက်နေသူတွေနဲ့ အတူတူပါပဲလို့ ဆိုလိုတာပါ။

ဒီနေရာမှာ မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို မိန့်ကြားတဲ့ ' တာဝတိံသာနတ်ပရိသတ်ကို မြင်ဖူးချင်ရင် လိစ္ဆဝီပရိသတ်တွေကို ကြည့်ထားကြ' ဆိုတဲ့ မဟာပရိနိဗ္ဗာနသုတ်ထဲက စကားလေးကိုလည်း သတိရစရာ ကောင်းပါတယ်"ဆိုတဲ့ အကြောင်းများနဲ့ အကျယ်တဝင့်လေး ဟောပြောရင်း ဘာသာတရားအဆုံးအမတွေကို အကြောက် အမျှော်တွေနဲ့ လိုက်နာနေကြတဲ့ အဆင့်ကို ကျော်လွန်ကြဖို့၊ အသိတရားဦးဆောင်ပြီး သန့်စင်တဲ့ စေတနာနဲ့ အတ္တနယ် ကနေ ပရနယ်(ပရဟိတ) ကို ဖြတ်သန်းပြီး အနတ္တနယ် ရောက်အောင် ဦးတည်လိုက်နာကျင့်ကြံကြဖို့ အကျယ်တဝင့် ပြောပြခဲ့ပါတယ်။

သတိထား အသိပွားနိုင်ကြပါစေ။

အလင်းတန်းဂျာနယ်
အမှတ် (၅၆၅)၊ ဩဂုတ် ၃ ၊ ၂၀၀၉

http://www.dhammadownload.com



## အလှူနဲ့ရေစက်

ဒီအကြောင်း အမေးအမြန်းကလေးတွေ ကြုံရတာကတော့ အကြိမ်လဲများလှပြီ၊ အချိန်လဲ ကြာခဲ့လှပြီ၊ ခုထိလဲ ရံဖန်ရံခါတော့ ကြုံရဆဲပါပဲ။ ဒီအကြောင်းဆိုတာ အလှူနဲ့ ရေစက်အကြောင်းပါ၊ 'ရေစက်မချရင် အလှူမဖြစ်ဘူးလား၊ ရေကို ဘယ်လိုချရမလဲ၊ တစ်စက် တစ်စက်ချရမလား၊ အကုန်လုံး လောင်းချလိုက်ရင်ကော မဖြစ်ဘူးလား၊ ခွက်ထဲကို လောင်းချရမှာလား၊ အလှူခံပုဂ္ဂိုလ် လက်ပေါ်ကို လောင်းချရမှာလား' စသဖြင့်ပေါ့။

မိမိကတော့ ဒီကိစ္စဟာ 'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ' ဆိုတဲ့စကားကို ကြားဖူးသူ၊ နားလည်သဘောပေါက်သူတိုင်းအတွက် ဘာမျှအရေးကြီးခွင်ကျယ်လုပ်ပြီး မေးနေစရာလိုတဲ့ကိစ္စ မဟုတ်ဘူး။ 'စေတနာကိုသာ ကံလို့ ဘုရားရှင်က ဟောပါတယ်' ဆိုနေ

http://www.dhammadownload.com



မှတော့ ကံတစ်ခုပြည့်စုံမြောက်ဖို့ဆိုတဲ့ ကိစ္စမှာ စေတနာကသာ ပဓာန ကျတယ်၊ ရေစက်တို့ သက်သေတို့က ပဓာနမကျဘူး ဆိုတာ ကိုလဲ သဘောပေါက်ရမှာပေါ့' လို့ပဲ ပြောခဲ့ဖြစ်တယ်၊ စာတစ်စောင် ပေတစ်ဖွဲ့အနေနဲ့တော့ ရေးဖို့ လိုအပ်တယ်လို့ မထင်ခဲ့မိဘူး။

အခုတော့ မရေးဘဲ မနေနိုင်လောက်အောင် အကြောင်းက တိုက်ဆိုင်လာလို့ ရေးလိုက်ပါတယ်။ အကြောင်း တိုက်ဆိုင်လာပုံက ဒီလိုပါ -

မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ကြီးကို လက်ဦး တည် ထောင်ခဲ့ကြတဲ့ ဆရာတော်ကြီးများထဲမှာ အပါအဝင်ဖြစ်တဲ့ ဘဒ္ဒန္တ သောမာဘိသိရီဆရာတော် ရေးသားပြုစုခဲ့တဲ့ စစ်ကိုင်းမြို့၊ ဝါးချက် မင်းကျောင်းဆရာတော်ထေရုပ္ပတ္တိနဲ့ ကျင့်စဉ် (ထေရဝံသ စာရက္ကမ ပဒီပိကာ) စာအုပ်ကို မန္တလေး၊ မစိုးရိမ်နာယကဆရာတော်များရဲ့ ခွင့်ပြုတိုက်တွန်းချက်အရ ဓမ္မဒူတ အရှင်ဆေကိန္ဒက ဓမ္မဒါနကုသိုလ်ရှင် အဖြစ် ခံယူလိုက်တဲ့အတွက် မိမိက စီစဉ်ဆောင်ရွက်ရမည့် တာဝန် ကြုံလာပါတယ်။

ဝါးချက်မင်းကျောင်းဆရာတော်ဆိုတာ မြန်မာပြည် သာသနာဝင်မှာ ပရိယတ်,ပဋိပတ် စွယ်စုံထူးချွန်တဲ့ ဆရာတော် တစ်ပါးဖြစ်ခဲ့ရုံမကဘူး၊ ပြဿနာတစ်ရပ်ကို ဆုံးဖြတ်ရာမှာ လောက ယုတ္တိ၊ ဓမ္မယုတ္တိ၊ သဘာဝယုတ္တိ၊ သာဓကေ ယုတ္တိတို့နဲ့ ပြည့်စုံခိုင်မာ လှတဲ့အတွက် ဂိုဏ်းဂဏမရွေး ပုဂ္ဂိုလ်, လူမျိုးမရွေး အားလုံးက လေးစားလက်ခံရတယ်ဆိုတာကို ဆရာစဉ်ဆက် ပြောစမှတ်များ အရ ဖြတ်ထုံးသာဓကေ အချို့ကိုပါ ကြားဖူးနားဝရှိထားခဲ့ပေမယ့် အခုလို ထေရုပ္ပတ္တိ ကျင့်စဉ် စာအုပ်တစ်အုပ်ရှိတယ်ဆိုတာ အရင်က

http://www.dhammadownload.com



မကြားဖူးခဲ့ဘူး၊ မကြားဖူးဆို စာအုပ်ရိုက်ခဲ့တာကလဲ မြန်မာ သက္ကရာဇ် ၁၂၈၉ ခုနှစ်ကဆိုတော့ မိမိတို့မိဘများ ကျောင်းနေစ အရွယ် ကတည်းကကိုး။

ရှေးဟောင်းစာအုပ်ကို ကော်ပီကူးပြီးတဲ့အခါ ကွန်ပြူတာနဲ့ စာစီလို့ပြီးအောင် မစောင့်နိုင်ဘူး၊ ကြားဖူးနားဝနဲ့ ကြည်ညိုရင်း စွဲရှိခဲ့တဲ့ ဆရာတော်အကြောင်းကို သိချင်လွန်းလှတဲ့အတွက် ကော်ပီ မူများကိုပဲ ယူပြီးဖတ်လိုက်တာ သန်းခေါင်ကျော်မှ ပြီးတော့တယ်။

ဖတ်ကြည့်လိုက်တဲ့အခါမှာလဲ ကြားဖူးထားတဲ့ အတိုင်းပါပဲ ကျင့်စဉ်အရပဲကြည့်ကြည့်၊ ဟောပြောဆုံးမမှု၊ ပြဿနာဆုံးဖြတ်မှု အရပဲကြည့်ကြည့် လေးစားအားကျ အတုယူစရာများနဲ့ ပြည့်နေ ပါတယ်၊ အဲဒီအချက်တွေထဲကမှ အလှူနဲ့ ရေစက်ချခြင်းကိစ္စနဲ့ ပတ်သက်ပြီး ဆရာတော်ရဲ့ ဟောညွှန်ဆုံးမချက်ကို ဖတ်ရှုရတဲ့ အတွက် ဒီစာကို ရေးဖြစ်သွားခဲ့တာပါ။ စာအုပ်မှာပါတာက တော့. . .

သက္ကရာဇ် ၁၂၇၃ -ခုနှစ်လောက်က မန္တလေးမြို့၊ မစိုးရိမ် ကျောင်းတိုက် ဒါယကာကြီး ဦးသက်ရှည်က မစိုးရိမ်ကျောင်းတိုက် မှာ ဆောက်လုပ်ပြီးစီးသွားတဲ့ ကျောင်းတစ်ကျောင်းကို ရေစက်ချ လှူဒါန်းပွဲလုပ်တော့ ကျေးဇူးတော်ရှင် လေ့သင်းမင်းကျောင်း (ဝါးချက်မင်းကျောင်း) ဆရာတော်ကြီးကိုလဲ ပင့်တဲ့အတွက် အကြို နေ့ ညရောက်ကြွလာပါတယ်။

ညအခါ ကျောင်းဒကာ ဦးသက်ရှည်ကို တရားဓမ္မ ဟောပြ ဆုံးမတဲ့အခါ . . . ဆရာတော်ကြီးက 'ဒကာရဲ့ ဆောက်လုပ်ပြီးစီး သွားပြီဖြစ်တဲ့ ကျောင်းကို ဘယ်လိုဖြစ်စေချင်လို့ ရေစက်ချမှာလဲ'

http://www.dhammadownload.com



လို့ မေးပါတယ်။ 'ဒါန ကုသိုလ်ကံ မြောက်ဖို့ပါဘုရား' ဆိုတော့ 'နွားသတ်သူများဟာ နွားသတ်ပြီး ရေစက်ချမှ ပါဏာတိပါတ အကုသိုလ်ကံမြောက်သလား' လို့ မိန့်ကြားတော်မူပြီး . . .

"ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ၊ ဝိနည်း အလိုမှာ - အင်္ဂါစုံညီက ကံမြောက်၏ဟု ဆိုရသည်။

ဝေါဟာရ ဒေသနာဖြစ်တဲ့ သုတ္တန်အလိုမှာ- ဝတ္ထု ကိုယ် သမ္ဘာရပြည့်စုံက ကံမြောက်၏ဟု ဆိုရသည်။

အမှန်စင်စစ်ကို ဟောရာ ပရမတ္ထဒေသနာဖြစ်တဲ့ အဘိဓမ္မာအလိုမှာ - စေတနာစတဲ့ တရားကိုယ် ထင်ရှားဖြစ် ပေါ်မှ ကံမြောက်၏ဟု ဆိုရသည်။

ဒါကြောင့် ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ရေစက်ချမှ ကံမြောက်တယ်လို့ အပရိကမ္မဖြစ်တဲ့ ဟန်ပန်အမှုအရာကို အခိုင် အမာကြီး စွဲလန်းမထားနဲ့၊ ဒါန, သီလ, ဘာဝနာအမှု တစ်ခုခုကို ပြုလုပ်ရာမှာ ယောနိသောမနသိကာရ အစွမ်းကြောင့် ကုသိုလ် စေတနာအစရှိတဲ့ တရားများ ဖြစ်ပွားလျှင် ကုသိုလ်ကမ္မပထ မြောက်တယ်လို့ မှတ်"လို့ ဟောကြားဆုံးမတော်မူပါတယ်။

*[ထေရဝံသ စာရက္ကမ ပဒီပိကာ- အခန်း ၂၇]*

ဆရာတော်ကြီး မိန့်ကြားတဲ့အထဲမှာ ဝိနည်းအလိုနဲ့ သုတ္တန်အလိုအရ ကျောင်းဆိုလျှင် ကျောင်းအဆောက်အဦ ပြီးပြည့် စုံလျှင် ကျောင်းကုသိုလ်မြောက်ပြီ၊ အဘိဓမ္မာအလိုအရဆိုရင် ကျောင်း အဆောက်အဦ(သို့မဟုတ်) လှူဖွယ်ဝတ္ထုကို လှူမယ်လို့ အခိုင်အမာ ဆုံးဖြတ်တဲ့ စေတနာဖြစ်ပြီးချိန်ကစပြီး ကုသိုလ် ကမ္မပထမြောက်ပြီလို့ ဆိုတာပါ။

http://www.dhammadownload.com



ဒါကြောင့်လဲ ရဟန်းတော်တို့ရဲ့ ဝိနည်းစည်းကမ်းများ ထဲမှာ "ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ သံဃာကိုဖြစ်စေ စိတ်ညွတ် ပြဋ္ဌာန်း (ဆုံးဖြတ်)ပြီးသား လှူဖွယ်ဝတ္ထုကို တခြား ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ဂိုဏ်းဂဏ အဖွဲ့အစည်းတစ်ခုခုကို ဖြစ်စေ ပြောင်းလဲ လှူဒါန်းစေ ခြင်း မပြုရ။ စေတီပုထိုး တစ်ခုခုအတွက် ညွတ်ပြီးသား လှူဖွယ် ဝတ္ထုကို တခြား စေတီကို ဖြစ်စေ၊ ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာကိုဖြစ်စေ ပြောင်းလဲ လှူဒါန်းမှု မျိုး မပြုလုပ်စေရ" လို့ ပညတ်တော်မူတာပါ။

ကျောင်းအလှူလို ရေရှည်တည်တန့်မည့် ပစ္စည်း ဝတ္ထုမျိုး ကို လှူဒါန်းရာမှာတော့ အသုံးပြုမည့် ပုဂ္ဂိုလ်များ အနေနဲ့ လှူဒါန်း တဲ့ ဒါယကာရဲ့ နှုတ်မြွက်စကား အတိုင်းသာ လိုက်နာကျင့်သုံးရတာ ဖြစ်လို့ ပြုပြင်ခြင်း၊ မွမ်းမံခြင်း၊ ထစ်ခွါကပ်ရိုက်ခြင်း စသည် လိုအပ် သလို ပြုလုပ်သုံးဆောင်ခွင့်ရအောင် ကျွမ်းကျင်လိမ္မာတဲ့ ဆရာ သမားများက ရှေ့ကြောင်းပေးပြီး လှူဒါန်းသူက နှုတ်မြွက်လိုက်ဆို စေရပါတယ်။

'ဒက္ခိဏောဒက= အလှူရေ' ဆိုတာနဲ့ ပတ်သက်လို့ ပခုက္ကူ မဟာဝိသုတာရာမ ဂဏဝါစက စာချအဖွဲ့ ဆရာတော်များရဲ့ 'တိပိဋက - ပါဠိမြန်မာ အဘိဓာန်၊ အတွဲ -၁၀'မှာ ရှာဖွေ စုဆောင်း တင်ပြထားတာကတော့ -

'ဒက္ခိဏောဒက'ဆိုတာ အလှူဝတ္ထုကို မပေးလှူမီ ရှေး ကာလမှာ တင်ကြိုပေးလှူရတဲ့ (နံ့သာရေစတဲ့) ရေစင် ရေသန့်ဖြစ် တယ်။ လှူဖွယ်ဝတ္ထုကို ရေနှင့်တွဲပြီး လှူဒါန်းခြင်းဟာ ကမ္ဘာ စဉ်ဆက် အလှူရှင်တို့ရဲ့ လောကရိုးရာ ဓလေ့ထုံးတမ်း ကျင့်စဉ် ဖြစ်တယ်။

http://www.dhammadownload.com



ရိုးရာဓလေ့ထုံးတမ်းဖြစ်သော်လဲ ဒေသတစ်ခုနဲ့ တစ်ခု အဓိပ္ပါယ်သတ်မှတ်ပုံချင်းတော့ ကွဲပြားပါတယ်။ ဇမ္ဗူဒိပ်ခေါ်တဲ့ မဇ္ဈိမဒေသမှာတော့ အလှူရေကို ခံယူလျှင် အလှူဝတ္ထုကို ခံယူပြီးလို့ သတ်မှတ်ပါတယ်။ အလှူရေ ဆိုတာ အလှူဝတ္ထုကို ကိုယ်စား ပမာဏပြုတဲ့ သဘောပါ။ ဒါကြောင့်လဲ ဆရာဇီဝကရဲ့ ဆွမ်းလှူပွဲ မှာ အရှင် စူဠပန္ထကထေရ် မပါသေးတဲ့ အတွက် သံဃာမစုံမီမှာ ယာဂု ဆွမ်းကို မခံယူလိုသေးတာကြောင့် သပိတ်တော်ထဲ အလှူရေ လောင်းလှူတဲ့အခါ ဘုရားရှင်က လက်တော်နဲ့ သပိတ်တော်ကို ပိတ်ကာထားလိုက်ပါတယ်။

သီဟိုဠ်ကျွန်းမှာတော့ အလှူရေကို ပမာဏမပြုဘဲ အလှူ ဝတ္ထုကို ခံယူမှသာ အလှူခံမြောက်တယ်လို့ သတ်မှတ်ပါတယ်။ ဒီမှာ ပြဆိုတဲ့ အလှူရေလောင်းလှူတယ်ဆိုတာ အခုခေတ် ရေစက် ချသလိုမျိုး မဟုတ်ပါဘူး၊ အလှူကို ကိုယ်စားပြုထားတဲ့ရေကို အလှူခံပုဂ္ဂိုလ်ရဲ့ သပိတ်စသည်ထဲကို လောင်းထည့်လှူဒါန်းတာပါ။

ရေကို သပိတ်ထဲလောင်းထည့် လှူဒါန်းရာမှာ သောက်ရေ သုံးရေနဲ့ (အလှူကိုယ်စားပြု) အလှူရေတို့ကို ခံယူပုံချင်း မတူပါဘူး၊ သောက်ရေသုံးရေကို ခံယူရာမှာ သပိတ်ကို လက်နဲ့ပိုက်ပြီး အလှူခံ ရမယ်။ ဒက္ခိဏောဒက ဆိုတဲ့ အလှူရေကိုတော့ သပိတ်ခြေမှာ တင်ထားတဲ့ သပိတ်နဲ့ ခံယူရမယ်လို့ ဝိ-ဋ္ဌ-၄၊ ၁၂၀ နှင့် ဝိနယ သင်္ဂဟ- ၂၃၄ တို့ မှာ ဖွင့်ဆိုပါတယ်။

အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းတော်ကို လှူဒါန်းရာမှာ 'ရွှေကရားကို ယူပြီး ဘုရားရှင်လက်တော်၌ ရေကို ကျစေ၍ လှူတယ်' လို့ ဆိုပါတယ်။ ကုရုမင်း၊ ဝေဿန္တရာမင်းတို့ရဲ့

http://www.dhammadownload.com



ဆင်ဖြူတော် အလှူမှာလဲ 'အလှူခံ ပုဂ္ဂိုလ်လက်၌ အလှူရေကို လောင်းထည့် လှူဒါန်းတယ်' လို့ လာပါတယ်။ မဇ္ဈိမနိကာယ် အဋ္ဌကထာ ၄-၂၂၅ မှာတော့ ရေခံခွက်တစ်ခုခုမှာ ရေကို လောင်းထည့်လှူဒါန်းတယ် လို့ လာပါတယ်။

အလှူရေကို လှူရာမှာ ယနေ့ခေတ်လိုလှူပြီးမှ သွန်းလောင်းခြင်းမဟုတ်ဘဲ အလှူဝတ္ထုမလှူရသေးမီ ရှေးကာလ၌ လှူဒါန်းခြင်း အစီအရင်ကို ကျမ်းဂန်များမှာ တွေ့ရပါတယ်' တဲ့။ (တိပိဋက-ပါဠိ မြန်မာ အဘိဓာန်၊ အတွဲ-၁၀၊ စာ-၄၃ မှ ၄၅)

အာစရိယဝါဒအဖြစ် မှတ်ယူခဲ့ရတာကတော့ အလှူရေဆိုတာ လှူဖွယ်ဝတ္ထုကို ကိုယ်စားပြုထားတဲ့ သင်္ကေတ ဖြစ်တယ်။ အလှူရေကို အလှူခံပုဂ္ဂိုလ်ရဲ့ လက်မှာဖြစ်စေ၊ သပိတ်မှာဖြစ်စေ လောင်းထည့်လိုက်လျှင် အလှူဝတ္ထုအားလုံးကို ပေးလှူပြီးဖြစ်တယ် လို့ အဓိပ္ပါယ် သက်ရောက်စေပါတယ်။

ဒါကြောင့် အလှူရေကို တစ်စက်ချင်းပဲ သွန်ချချ၊ တစ်ကြိမ်တည်းနဲ့ပဲ လောင်းသွန်ချချ အတူတူပါပဲ။ ခွက် စသည်မှာ ထည့်ထားတဲ့ရေကို သွန်းလောင်း လိုက်တဲ့အခါ ခွက်က ရေကို ဆွဲယူထားခြင်း မရှိဘဲ လွတ်လွတ်ကြီး သွန်ချလိုက်သလို အလှူဝတ္ထုပေါ်မှာဖြစ်စေ၊ အလှူဒါန ကုသိုလ်ကို အကြောင်းပြုပြီး ပစ္စည်းဥစ္စာ၊ ချမ်းသာသုခ၊ ဘုံဘဝတို့ကို ဖြစ်စေ တပ်မက်တွယ်တာခြင်း၊ တောင့်တခြင်း မဖြစ်ကြဘဲ လွတ်လွတ်စွန့်လှူကြဖို့သာ လိုရင်းဖြစ်တယ်' လို့ မှတ်သားရဖူးပါတယ်။

သေချာတာကတော့ အခုကာလ လူတချို့ထင်ထားသလို ဝသုန္ဒြေနတ်သမီးရဲ့ ဆံပင်မှာ ရေတွေစုပုံသိုလှောင်ထားပြီး အရေး

http://www.dhammadownload.com



ကြုံရင် ဆံပင်ညှစ်ရေနဲ့ သက်သေခံခိုင်းဖို့ မဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ။ ဒီလို ဆံပင်ညှစ်ပြီး သက်သေခံတယ်ဆိုတာမျိုးလဲ ပိဋကတ်တော် ပါဠိ အဋ္ဌကထာ ဋီကာ စတဲ့ ကျမ်းကြီး ကျမ်းခိုင်များမှာ လုံးဝမရှိဘူး ဆိုတာကိုတော့ သံသယမရှိ မှတ်ယူကြစေလိုပါတယ်။

တိုတိုချုပ်ကတော့ ဝါးချက်မင်းကျောင်းဆရာတော်ကြီးရဲ့ သြဝါဒအတိုင်းပဲ 'လှူပါ၏' ဆိုတဲ့ စေတနာ ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီး ဘာကိုမှ မတောင့်မတာဘဲ လှူဒါန်းလိုက်ခြင်းဟာ အရိုးရှင်းဆုံး ကုသိုလ် ဖြစ်ပါလိမ့်မယ်။

ရိုးရှင်းစင်ကြယ်တဲ့ ကုသိုလ်ရှင်များ ဖြစ်ကြပါစေ။


အလင်းတန်းဂျာနယ်

/ အမှတ်(၅၆၇)၊ ဩဂုတ် ၁၇၊ ၂၀၀၉/

❑

http://www.dhammadownload.com

# ဟာမ္ဘာပြုလတ်



လှူငယ်ကလေးတွေ ပါဝင်တဲ့ ယောမင်းကြီးလမ်းက ဝါဆို သင်္ကန်းကပ်လှူပွဲမှာ ပြောခဲ့တဲ့ အနုမောဒနာ စကားများကို စာဖတ်သူများလည်း သိစေချင်လို့ အကျဉ်းချုပ် ပြန်ရေးလိုက်ပါတယ်။

မြန်မာစကားပုံထဲမှာ 'နတ်တို့ဖန်၊ ရေကန်အသင့် ကြာအသင့်'ဆိုတဲ့ စကားပုံတစ်ခုရှိတယ်၊ ကိုယ်လိုချင်တဲ့အရာတွေ အခက်အခဲမရှိဘဲ လွယ်လွယ်ကူကူနဲ့ရတဲ့ အခါမျိုးမှာ ဝမ်းသာအဲလဲပြောတဲ့ ဆိုရိုးစကား တစ်ခုဖြစ်မယ် ထင်ပါတယ်။

ဒီစကားနဲ့ ဆက်စပ်ပြီး လှူငယ်များ စဉ်းစားစရာကလေး

http://www.dhammadownload.com



တွေကို နည်းနည်းပြောချင်ပါတယ်။ မင်္ဂလာတရားတော်မှာ ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားများအဖြစ် 'ပတိရူပဒေသ ဝါသော စ၊ ပုဗ္ဗေ စ ကတ ပုညတာ၊ အတ္တသမ္မာပဏိဓိ စ' ဆိုပြီး သုံးပါး ဖော်ပြပါတယ်။

- ကုသိုလ် ပညာ ဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ။
- ရှေးကတင်ကြို ပြုခဲ့ဖူးသည့် ကောင်းမှုအထူး ရှိပါစေ။
- မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့

ဆောက်တည်လေ. . လို့ ဆရာကြီး ဒဂုန်ဦးထွန်းမြင့် ဖွဲ့ဆိုခဲ့တဲ့ အချက်သုံးချက်ပေါ့။ ဒီမင်္ဂလာ သုံးပါးကို 'ချမ်းသာကိုပေး နေထိုင်ရေး၊ မျှော်တွေးသုံးချက်ပေ' လို့ ဆိုထားပါတယ်။ ဘဝမှာ ချမ်းချမ်းသာသာနဲ့ တင့်တင့်တယ်တယ် နေနိုင်ကြောင်း မင်္ဂလာများဖြစ်တယ်လို့ ဆိုတာပေါ့။

ဒီသုံးပါးထဲကို 'သပ္ပုရိသူပနိဿယ= ဆရာသမား ကောင်း၊ သူတော်ကောင်း၊ မိတ်ဆွေကောင်းတို့ကို မှီခိုရခြင်း' ဆိုတာ ထည့်လိုက်ရင် အောင်မြင်ပြည့်စုံခြင်းရဲ့ အကြောင်းတရား သမ္ပတ္တိစက်လေးပါး ဖြစ်သွားပါတယ်။ 'သမ္ပတ္တိစက်' ဆိုတဲ့ အမည်နဲ့ လိုက်အောင်ပဲ လောကီလောကုတ္တရာ စီးပွားချမ်းသာအားလုံး ပြီးပြည့်စုံစေနိုင်တဲ့ အကြောင်းတရား လေးပါးပါပဲ။

အစဉ်အတိုင်းပြောမယ်ဆိုရင်တော့ (၁) သင့်လျော်တဲ့ အရပ်မှာနေရခြင်း၊ (၂) ရှေးကောင်းမှုရှိခြင်း၊ (၃) သူတော်ကောင်း (ဆရာသမား၊ မိတ်ဆွေကောင်း)ကို အမှီရခြင်း၊ (၄) မိမိကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်း လို့ ဖြစ်ပါတယ်။ ဒီတရားလေးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ဒီဘဝမှာလဲ ပြည့်စုံ၊ နောက်နောက်ဘဝတွေ

http://www.dhammadownload.com



မှာလဲ ပြည့်စုံပြီး ပြည့်စုံမှု အဆက်မပြတ်လည်သွားတဲ့အတွက် 'စက္က-စက်' လို့ ဆိုရတာပါ။ စောစောကပြောခဲ့တဲ့ 'ရေကန်အသင့် ကြာအသင့်'ဆိုတဲ့ စကားက ဒီစက်လေးပါးထဲက ပတိရူပဒေသ ဝါသစက်ကို ရည်ညွှန်းတဲ့ စကားပါပဲ။

ဒီစက်လေးပါးထဲမှာ 'ပုဗ္ဗေ ကတပုညတာ' ဆိုတဲ့ စက်ဟာ ပဓာနမလိုရင်းဖြစ်တယ်၊ အသိဉာဏ်ဦးဆောင်တဲ့ ဉာဏသမ္ပယုတ် စိတ်နဲ့ ကုသိုလ်ပြုထားသူကို အဲဒီ ဉာဏ သမ္ပယုတ်ကုသိုလ်စိတ်က ပတိရူပဒေသ ရောက်အောင်လဲ ပို့ပေးတယ်။ သူတော်ကောင်းအမှီ ရအောင်လဲ စီမံပေးတယ်၊ မိမိကိုယ်စိတ်ကို ကောင်းစွာထားတတ် အောင်လဲ ပြုလုပ်ပေးတယ်လို့ အင်္ဂုတ္တရနိကာယ် (စတုက္က) နဲ့ ဒီဃ နိကာယ် သီဇီတိသုတ် အဋ္ဌကထာတို့မှာ ဆိုပါတယ်။

ဒီလိုဖွင့်ချက်နဲ့ ပတ်သက်လို့ သပြေကန် ပရိတ်ကြီး နိဿယ ကျမ်းပြုဆရာတော်က 'အဋ္ဌကထာဆရာတော်ရဲ့ ဖွင့်ဆိုချက်များ ဟာ ပစ္ဆိမဘဝိကသားလို့ခေါ်တဲ့ ဒီဘဝမှာ မုချရဟန္တာဖြစ်လောက် အောင် ပါရမီပြည့်စုံတဲ့ လက်ဝဲရံ လက်ျာရံ အလောင်းတော်များတို့၊ အင်္ဂုလိမာလတို့လို ပုဂ္ဂိုလ်မျိုးတို့အတွက်တော့ လုံလောက်တန်ရာ ပါတယ်။ သာမန်ပါရမီရှင် ကုသိုလ်ရှင်များဖြစ်တဲ့ ကုဋ္ဌေရှစ်ဆယ် သူဌေးသားတို့၊ အဇာတသတ်တို့၊ ရှင်ဒေဝဒတ်တို့လို ပုဂ္ဂိုလ်မျိုး အတွက်တော့ စိတ်မချရသေးပါဘူး။ ရှင် ဒေဝဒတ်ဟာ ပတိရူပ ဒေသမှာလည်း ဖြစ်ရ၊ တကယ့် သပ္ပုရိသ ဘုရားရှင်ကိုလည်း မှီရ၊ ရှင်ဘုရင်သားလည်း ဖြစ်တယ် ဆိုကတည်းက ရှေးကောင်းမှုဆိုတာ လည်း ရှိခဲ့ပြီးသားပဲ။ ဒါပေမယ့် အတ္တသမ္မာပဏိဓိဆိုတဲ့ မိမိရဲ့ ကိုယ်စိတ်တို့ကို ကောင်းအောင် ဆောက်တည်နိုင်မှု ပျက်တဲ့အတွက်

http://www.dhammadownload.com



အားလုံး အချည်းနှီး ဆုံးရှုံးခဲ့ရှာရတယ်' လို့ သုံးသပ်ပြခဲ့တယ်။

ဒီနေ့ တိုးတက်ကြီးပွားလိုတယ်ဆိုတဲ့ လူငယ်များ အနေနဲ့ ဒီအချက်အလက်နဲ့ အဆိုအမိန့်များကို ခြုံငုံပြီး စဉ်းစား စေချင်တာကတော့ 'ပတိရူပဒေသ' ဆိုတဲ့ နေရာစွမ်း ရယ်၊ 'အတ္တသမ္မာပဏိဓိ' ဆိုတဲ့ လူစွမ်းလူစရယ် ဘယ်ဟာက ပိုပြီး အဓိကကျသလဲဆိုတဲ့ အချက်ပါပဲ။

'ရေကန်အသင့် ကြာအသင့်'ဆိုတဲ့ ပတိရူပဒေသကို အဓိကထားပြီး ရှာဖွေစောင့်ဆိုင်း နေမယ်ဆိုရင်တော့ နေရာက ရှေ့ဆောင်၊ လူက နောက်လိုက်ဖြစ်မှာပါ။ ' ဘယ်လိုနေရာမျိုးပဲ ဖြစ်ဖြစ် မိမိရောက်ရှိ နေထိုင်ခွင့်ရတဲ့ နေရာမှာ ရေကန်တူးပြီး ကြာပေါက်လာအောင် လုပ်မယ်' ဆိုတဲ့ လူ သာပဓာန ခံယူချက်မျိုး ထားမယ်ဆိုရင်တော့ လူက ရှေ့ဆောင်၊ နေရာက နောက်လိုက် ဖြစ်လာပါလိမ့်မယ်။ အဲဒီ လူမျိုးအတွက်ဆိုရင် ပင်ကိုယ်သဘာဝ အရ ရေကန်အသင့် ကြာအသင့်ဆိုတဲ့ နေရာမျိုးကို မျှော်ကိုးရှာဖွေဖို့ မလိုပါဘူး၊ မိမိရောက်တဲ့နေရာမှာ ရေကန်တည်ဆောက်ပြီး ကြာပေါက်အောင် လုပ်နိုင်ပါတယ်။

မိမိတို့ရဲ့ အိမ်နီးနားချင်းဖြစ်တဲ့ စင်္ကာပူနိုင်ငံဆိုတာ ပင်ကိုယ်သဘာဝအနေနဲ့ 'ရေမရှိ ကြာမရှိ' လို့ ဆိုရလောက်အောင် သဘာဝသယံဇာတ ရှားပါးတဲ့ နိုင်ငံတစ်ခုဖြစ်တယ် လို့ ဆိုပါတယ်။ ဒါပေမယ့် ဒီနေ့ဆိုရင် ရေကန်လည်းသာ ကြာလည်းဖြာပြီး သာယာနေပျော်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ဝန်းကျင်နိုင်ငံတွေကသာမက ကမ္ဘာကပါ လေးစားအသိအမှတ်ပြုခြင်း ခံနေရပြီဆိုတာ အားလုံး ကြားဖူး သိဖူးကြမယ် ထင်ပါတယ်။

http://www.dhammadownload.com



ကံကပေးလို့ ရရှိထားတဲ့ ပစ္စည်းဥစ္စာရတနာတွေပဲ ဖြစ်စေ၊ နေရာကပေးတဲ့ သဘာဝသယံဇာတရင်းမြစ်တွေပဲဖြစ်စေ လူစွမ်းမပါခဲ့ရင် အားလုံးဟာ အိုးကွဲနဲ့ ထည့်ထားတဲ့ ရေတွေလိုပဲ အချိန်တိုတိုအတွင်း အချည်းနှီး ပျက်စီး သွားရတယ်ဆိုတာ လူတိုင်း လိုလို ကြားဖူးထားတဲ့ ကုဋေ ရှစ်ဆယ်သူဌေးသားရဲ့ သာဓကဟာ အလွန်ထင်ရှားပါတယ်။ လူမစွမ်းရင် ရွှေနိုင်ငံက သဲနိုင်ငံဖြစ်သွား စေသလို လူစွမ်းရင် သဲနိုင်ငံက ရွှေနိုင်ငံဖြစ်သွားစေတယ်ဆိုတာ ဟာလဲ အစ္စရေးတို့၊ စင်္ကာပူတို့လို နိုင်ငံတွေက အထင်အရှား သာဓကပြနေပါတယ်။

ဒီလိုဆိုရင် 'လူစွမ်းလူစဟာ ပဓာနပဲ' ဆိုတာကို လူငယ် အားလုံး သဘောပေါက်ကြမယ်ထင်ပါတယ်။ လူစွမ်း လူစ (အတ္တ သမ္မာပဏိဓိ)က ပဓာနပဲလို့ ဆိုလိုက်တဲ့အတွက် ကျန်တဲ့ သမ္ပတ္တိ စက် သုံးမျိုးတို့ဟာ ဘာမှ အရေးမပါဘူး လို့တော့ မထင်လိုက်ပါနဲ့၊ လူစွမ်းလူစဆိုတာ ကျန်တဲ့ သမ္ပတ္တိစက် သုံးမျိုးတို့ရဲ့ အကူအညီနဲ့ မှသာ တည်ဆောက် လို့ရတာပါ။ အခြေခံအကျဆုံးဖြစ်တဲ့ အသိ ပညာရှာဖွေရေးကိုပဲ ကြည့်လေ။ ဆရာသမားကို မှီခိုရခြင်းဆိုတဲ့ သပ္ပုရိ သူပနိဿယ မပါဘဲ မရနိုင်ဘူး မဟုတ်လား။

သံယုတ္တနိကာယ်၊ ကလျာဏမိတ္တသုတ်မှာ ဘုရားရှင်က အရှင်အာနန္ဒာကို မိန့်ကြားတဲ့ စကားတစ်ခုရှိတယ်။ 'သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ဆိုတဲ့ ကလျာဏမိတ္တ(သပ္ပုရိသ)ကို အမှီမရခဲ့ရင် ကံ၊ ပါရမီတွေ ဘယ်လောက်ပဲ ပြည့်စုံနေနေ ဘယ်သူမှ ဘာမှမဖြစ်နိုင် ဘူး၊ ငါဘုရားဆိုတဲ့ ကလျာဏမိတ္တ (သပ္ပုရိသ)ကို အမှီရနေကြ လို့သာ မိမိတို့ ကံပါရမီ အလျောက် အိုနာသေရေး ဒုက္ခဘေးတို့က

http://www.dhammadownload.com



ကင်းလွတ်ရာ နိဗ္ဗာန်ကို ရရှိနိုင်ကြတာ၊ ဒါကြောင့် ကလျာဏမိတ္တ ဆိုတဲ့ သပ္ပုရိသူပနိဿယဟာ အောင်မြင်ရေးအားလုံးအတွက် ရာနှုန်းပြည့် အရေးပါတယ်'တဲ့။

သပ္ပုရိသူပနိဿယကို ရပြီးရင်လည်း ပုဗ္ဗေ ကတ ပုညတာ က မရှိမဖြစ်လိုအပ်ပါတယ်။ အရေးကြီးတာက 'ပုဗ္ဗေ ကတ ပုညတာ' ဆိုတာကို ရှေးရှေးဘဝတွေက ပြုလုပ်ထားတဲ့ ကုသိုလ်ကံလို့ အဓိပ္ပါယ် ကောက်ယူနေကြတဲ့ အချက်ပါပဲ။ ဗုဒ္ဓဘာသာဝင်တော်တော် များများဟာ ဒီလိုပဲ မှတ်ထင်နေကြပါတယ်။

အမှန်ကတော့ 'ပုဗ္ဗေ'ဆိုတာ 'ရှေးက'လို့ အဓိပ္ပါယ် ရပါတယ်၊ ဘယ်ရဲ့ ရှေးကလဲဆိုရင်တော့ အလုပ် မလုပ်မီရဲ့ ရှေးကပါ။ အလုပ် မလုပ်မီ ရှေးကတည်းက ကြိုတင်ပြီး တတ်မြောက်ကျွမ်းကျင် လိမ္မာအောင် ကောင်းကောင်း ကြိုးစားလေ့လာထားတာကို 'ပုဗ္ဗေ ကတပုညတာ'လို့ ဆိုတာပါ။

ဒါနဲ့ ပတ်သက်လို့ မိမိတို့ အမရပူရကို ပညာ သင်ရောက်စ လောက်က ဆရာကြီး ဦးလှသိန်း ဟောကြားခဲ့တဲ့ (၃၈)ဖြာ မင်္ဂလာ တရားတော်ကို ခုအထိ စွဲနေအောင် အလွန်သဘောကျခဲ့ပါတယ်။ ဆရာကြီး ဟောပြတာကတော့ . . .

ပုဗ္ဗေ - ကိုယ်လုပ်ရမယ့် အလုပ်တွေကို မလုပ်မီ ကတည်းက ကြိုကြိုတင်တင်၊ ကတပုညတာ - လုပ်သင့်လုပ်ထိုက်၊ တတ်သင့် တတ်ထိုက်တာတွေကို အကောင်းဆုံးဖြစ်အောင် လုပ်ကိုင် သင်ကြားထားခြင်းဟာ မင်္ဂလာပါ။

ကျောင်းသူ ကျောင်းသား ကျောင်းမှန်မှန်တက်ပါ။ စာမှန်မှန်ကျက်ပါ။ အဲဒါ စာမေးပွဲအတွက် ပုဗ္ဗေ စ ကတ ပုညတာ

http://www.dhammadownload.com



မင်္ဂလာပါ။ တောင်သူလယ်သမား ထယ်ဒူး ထယ်သွား၊ ပေါက်တူး ပေါက်ပြားမကျန် လိုအပ်တာမှန်သမျှ ကြိုတင် ပြင်ဆင် စုဆောင်းပါ၊ အဲဒါ စိုက်ပျိုးရေးအတွက် ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာပါ။ အင်ဂျင်နီယာဖြစ်ချင်ရင် စက်မှုအတတ်ပညာကို သင်ကြားပါ၊ ကားသမား ဆီ, ရေ, လေကို ကြိုတင် စစ်ဆေးပါ၊ အဲဒါ စက်မှုလုပ်ငန်းရဲ့ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာပါ။

ရောင်းဝယ်ဖောက်ကား ပွဲစားတို့မှာ ကိုယ့်ဆိုင်ရာလုပ်ငန်းကို ကျွမ်းကျင်အောင် လေ့လာသင်ပါ။ အချိန်အခါ အခြေအနေကို လေ့လာပါ၊ နေရာဒေသကို သိထားပါ၊ အရင်းအနှီးကို စုဆောင်းပါ၊ အဲဒါ ကုန်သည်ပွဲစားတို့အတွက် ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ' ဆိုပြီး လုပ်ငန်းစုံ အလွှာစုံအတွက် ထောင့်စုံအောင် ဟောပြောသွားတာပါ၊ ထမင်းချက်ချိန် ရောက်မှ ဆန်ရှာ၊ ထင်းရှာ၊ ဟင်းရွက်ရှာ လုပ်တာ။ ဗိုက်နာမှ အိမ်သာရှာတာတို့ ဆိုတာတွေဟာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ ပျက်တယ်ဆိုတဲ့ အကြောင်းကိုလည်း ထည့်ပြောသွားပါသေးတယ်။ ဒီလို 'ပုဗ္ဗေစ ကတပုညတာ' မပါခဲ့ရင် ကိုယ့်စိတ်ကို တည်ဆောက်မှု 'အတ္တသမ္မာပဏိဓိ'ဟာ မပြည့်စုံနိုင်ပါဘူး။

ဒီအချက်အလက်တွေနဲ့ ပြည့်စုံပေမယ့်လည်း ကိုယ်ကျွမ်းကျင်တဲ့ ပညာနဲ့ လုပ်ကိုင်မယ့်နေရာ ကိုက်ညီအောင် ပတိရူပဒေသကို ကြိုတင်ရှာဖွေ၊ ဖန်တီးတန် ဖန်တီးဆိုတာ လုပ်ကိုင်ရပါတယ်။

အထက်မှာ ပြောခဲ့သလိုပဲ ကိုယ်စွမ်းကိုယ်စ နည်းတဲ့ ခပ်ညံ့ညံ့သမားများကတော့ သဘာဝကပေးတဲ့ 'ရေကန်အသင့် ကြာအသင့်' ဆိုတဲ့ အရပ်ဒေသနေရာမျိုးကို ရှာဖွေကြမှာပေါ့။ ဒါပေမယ့် ဒီလိုနေရာမျိုးဆိုတာ ကိုယ်တွေ့တဲ့အချိန်မှာ သူများက

http://www.dhammadownload.com



အရင်ဦးနှင့်ပြီးသားချည်း ဖြစ်နေတတ်ပါတယ်။ လူတိုင်းက ခပ်ညံ့ညံ့၊ ခပ်ဖျင်းဖျင်းတွေ၊ ချောင်ချောင်နဲ့ လွယ်လွယ်ရချင်ကြသူတွေပဲ များကြတော့ ဒီလို အလွယ်နေရာကိုပဲ သူ့ထက်ငါ ဦးအောင်တိုးလုနေကြတာကိုး။

ကိုယ်စွမ်းကိုယ်စ (အတ္တသမ္မာပဏိဓိ) အားကောင်း သူများကတော့ စောစောက ပြောခဲ့တဲ့ စင်္ကာပူ နိုင်ငံတို့၊ အစ္စရေးနိုင်ငံတို့လိုပဲ ကိုယ်ရောက်ရာ အရပ်မှာ ရေကန်တူးပြီး ကြာပွင့်အောင် ကြိုးစားလုပ်ကိုင်ကြပါတယ်။ ဒီလိုလူမျိုးအတွက်တော့ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ နောက်ကျလို့ အခွင့်အရေးမရတော့ဘူး ဆိုတာ ဘယ်တော့မှ ရှိနိုင်မယ် မဟုတ်ဘူး။

အဲဒါတွေကို လူငယ်လူရွယ်တွေ အလေးအနက် သဘောပေါက်စေချင်ပါတယ်။ 'ငါဟာ နေရာကို အားကိုးပြီး ရေကန်အသင့် ကြာအသင့်ကို ရှာရမှာလား၊ ကိုယ့်အားကိုယ် ကိုးပြီး ရေကန်ဖြစ်အောင် ကြာပွင့်အောင် လုပ်မှာလား' ဆိုတာ ကိုယ့်ကိုကိုယ်ပြန်ပြီး မေးမြန်းစိစစ်စေချင်ပါတယ်။

ကိုယ့်အားကိုယ်ကိုးသူများ ဖြစ်ပြီဆိုရင်တော့ ရေကန်ဖြစ်ရုံ၊ ကြာပွင့် ရုံမျှမက ကမ္ဘာသစ် လောကသစ်ကြီး တစ်ခု ဖြစ်အောင်တောင် ဖန်တီးနိုင်ကြပါလိမ့်မယ်။

ကမ္ဘာပြု လက်ပိုင်ရှင်များ ဖြစ်ကြပါစေ။

အလင်းတန်းဂျာနယ်၊
အမှတ်(၅၆၈) ဩဂုတ် ၁၇၊ ၂၀၀၉

http://www.dhammadownload.com



# ဟင်းလင်းပြင်မှာဆုံးမငြိုကြဖို့

၃၀. ၅. ၂၀၀၉ နေ့က USA - LA မှာရှိတဲ့ ဒေါက်တာမောင်မောင် + ဒေါ်မေယု မိသားစုတို့ရဲ့ ဓမ္မစကြာ ဓမ္မာရုံမှာ ဒုလ္လဘသီလရှင်များကို ဟောပြောခဲ့တဲ့ အကြောင်းအရာများကို အကျဉ်းချုပ်ပြန်ရေးလိုက်ပါတယ်။

'ဒုလ္လဘ' ဆိုတာ 'ရနိုင်ခဲတဲ့အရာ' လို့ အဓိပ္ပါယ် ရပါတယ်။ ရနိုင်ခဲတဲ့အရာကို ရဖို့ဆိုတာ စွန့်နိုင်ခဲတဲ့ အရာကို စွန့်ကြရတာချည်းပါပဲ။ အခု သီလရှင် ဝတ်ကြတဲ့ ဆရာကလေးတွေ ဆိုရင်ပဲ ခုလို ပဗ္ဗဇ္ဇိတ ဒုလ္လဘထဲမှာ အကျုံးဝင်တဲ့ သာသနာ့နွယ်ဝင် ဖြစ်ဖို့အတွက် ဆံပင် တစ်ထုံးကို အဆုံးခံ စွန့်လွှတ်ခဲ့ရတယ် မဟုတ်လား၊ ပြီးရင် နေ့လွဲ ညစာစားတာတို့၊ ပန်းနံ့သာလိမ်းကျံတာတို့ စသည်ကိုလဲ စွန့်ကြရဦးမှာပဲ။

ဒီလိုပါပဲ ဘယ်ဒုလ္လဘမဆို စွန့်ရတာချည်းပါပဲ။ မြန်မာ

http://www.dhammadownload.com



စကားလုံးတွဲများထဲက 'စွန့်စွန့်စားစား' ဆိုသလိုပေါ့။ စွန့်နိုင်မှ စားခွင့်ရတယ်၊ မစွန့်နိုင်ရင် စားခွင့်မရဘူးဆိုတဲ့ အခွင့်အရေးမျိုးကိုပဲ ဒုလ္လဘလို့ ဆိုရတာပါ။

(၁) ပထမဆုံးဖြစ်တဲ့ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘဆိုတာ ဘုရားရှင်တို့ရဲ့ စွမ်းဆောင်မှုကြောင့်ရရှိတဲ့ ဒုလ္လဘ တရားပါ။ ဒီဒုလ္လဘကို ရရှိဖို့အတွက် ပါရမီဖြည့်စဉ်ကာလ တစ်လျှောက်လုံးမှာ ဘုရားလောင်းတော်ဟာ အလွန်တရာ စွန့်နိုင်ခဲ့လှတဲ့

(၁) ခြေ,လက်,မျက်စေ့ စတဲ့ အင်္ဂါကြီးငယ်တွေကို စွန့်လွှတ်ခြင်း (အင်္ဂပရိစ္စာဂ)

(၂) အသက်ခန္ဓာကို စွန့်လွှတ်ခြင်း (ဇီဝိတပရိစ္စာဂ)

(၃) ပစ္စည်းဉစ္စာတို့ကို စွန့်လွှတ်ခြင်း (ဓန ပရိစ္စာဂ)

(၄) ပဒေသရာဇ်, ဧကရာဇ်မင်းတို့ရဲ့ ထီးနန်းစည်းစိမ်ကို စွန့်ခြင်း (ရဇ္ဇပရိစ္စာဂ)

(၅) သား မယားကို စွန့်ခြင်း (ပုတ္တဒါရ ပရိစ္စာဂ)

ဆိုတဲ့ စွန့်ခြင်းကြီးငါးမျိုးကို စွန့်လွှတ်ပြီး ပါရမီတော်တွေကို ဖြည့်ခဲ့ရပါတယ်။

ဒီလိုစွန့်နိုင်ခဲ့တဲ့ အရာတွေကို စွန့်နိုင်စွမ်းရှိလို့လဲ ဘုရားလောင်းတော်ကို အာဇာနည်လို့ သတ်မှတ်ခေါ်ဆိုရတာပါ။

(၂) 'မနုဿတ္တ ဒုလ္လဘ' လို့ခေါ်တဲ့ လူ့ဘုံ လူ့ဘဝမှာ ဖြစ်ခွင့်ရဖို့ဆိုတာလဲ သုဂတိ လူ့ဘုံနဲ့ တန်အောင် စွန့်လွှတ် လှူဒါန်းခြင်း စတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုခဲ့ရတာပါပဲ။ ဒီနေရာမှာ နည်းနည်း ပြောစရာရှိတာကတော့ တခြား သုဂတိ ဘုံတွေဖြစ်တဲ့ နတ်ပြည် နတ်ဘဝတို့၊ ဗြဟ္မာဘဝ တို့ကိုတော့ 'ဒုလ္လဘ' လို့ မသတ်မှတ်ဘဲ၊

http://www.dhammadownload.com



ဘာဖြစ်လို့ လူ့ဘုံ လူ့ဘဝကိုသာ ဒုလ္လဘလို့ သတ်မှတ်ရသလဲဆိုတဲ့ အချက်ပါပဲ။

ဒါနဲ့ပတ်သက်လို့ သံတုံးကနေ ဓားဖြစ်လာပုံကို သာဓကပြတော်မူကြပါတယ်။ သံတုံးကို ဓားဖြစ်လာအောင် ပြုလုပ်တဲ့အခါ မီးနဲ့ချည်း ဆက်တိုက်ဖုတ်ထားရင်လဲ ချော်ခဲသာ ဖြစ်သွားမယ် ဓားမဖြစ်နိုင်ပါဘူး။ ရေနဲ့ချည်း စိမ်ထားမယ်ဆိုရင်လဲ သံချေးစားပြီး ကုန်ချင်ကုန်သွားမယ် ဓားမဖြစ်နိုင်ဘူး။ မီးနဲ့ ဖုတ်သင့်သလောက် ဖုတ်လိုက်၊ တူနဲ့ ပြုပြင်ပေးလိုက်၊ ရေနဲ့ စိမ်တန်စိမ်လိုက်လုပ်ပေးမှ အသွားထက်မြက်တဲ့ ဓားကောင်းတစ်လက်ဖြစ်သွားတာပါ။

အဲဒီလိုပါပဲတဲ့၊ ဘဝကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်ဖို့ရာမှာလဲ အပါယ်ဘုံသားများဟာ မီးနဲ့ချည်း အဖုတ်ခံထားရတဲ့ သံတုံးနဲ့ တူလို့ မြင့်မြတ် ထက်မြက်ခွင့် မရနိုင်သလို၊ နတ်ပြည်တို့ ဗြဟ္မာပြည်တို့မှာ ဖြစ်ရတဲ့ သတ္တဝါတွေ ကျတော့လဲ 'ကမ္မဇ ဇီဝိတ' သတ္တဝါများဖြစ်လို့ အတိတ်ကံဟောင်းရဲ့ အကျိုးတရားသက်သက်ကိုပဲ မှီပြီး အသက်မွေးနိုင်ကြတဲ့အတွက် ကိုယ်စွမ်းကိုယ်စ ဘာမှ စိုက်ထုတ်ရမှုမရှိဘူး၊ ရေနဲ့ချည်းစိမ်ထားတဲ့ သံတုံးလိုဖြစ်နေလို့ ကိလေသာသံချေးတွေသာ တက်ချင်တက်မယ် စိတ်ဓာတ်ထက်မြက်မြင့်တက်ဖို့ အတော်ခဲရင်းပါတယ်။

လူ့ဘုံသားများကတော့ 'ဥဋ္ဌာနဇီဝိတ' သတ္တဝါမျိုး ဖြစ်လို့ ကံ၊ ဉာဏ်၊ လုံ့လတို့ စုပေါင်းကြိုးစားအသက်မွေး ကြရသူတွေဖြစ်တဲ့အတွက် အကြံဉာဏ်တို့ လုံ့လတို့ အစွမ်း ထက်အောင် အမြဲကြိုးစားကြရတယ်။ လူ့ဘုံဆိုတာ ငရဲဘုံ လို အကုသိုလ်ကျိုး သက်သက်သာရှိတာလဲ မဟုတ်ဘူး၊ နတ်ပြည်ဗြဟ္မာ့ပြည်တို့လို ကုသိုလ်ကျိုး သက်

http://www.dhammadownload.com



သက်သာ ထင်ရှားတာမျိုးလဲ မဟုတ်ဘူး။ အကုသိုလ်ကျိုး, ကုသိုလ်ကျိုး နှစ်မျိုးလုံးလဲ ထင်ရှားတယ်၊ ကောင်းကျိုး ဆိုးကျိုးနှစ်မျိုးစုံ ကိုယ်စားပြုတဲ့ လောကဓံတူများနဲ့လဲ မပြတ်ထုနှက် ပြုပြင်ပေးနေတာကို ခံကြရတဲ့အတွက် လူ့ဘုံမှာ လူဖြစ်ရတာဟာ ကျွမ်းကျင်လိမ္မာတဲ့ ပန်းပဲဆရာတစ်ဦးက မီးဖုတ်တန်ဖုတ်၊ တူနဲ့ ထုတန်ထု၊ ရေနဲ့ စိမ်တန် စိမ်ပြီး ပုံဖော်ပေးခြင်းခံရတဲ့ သံတုံးနဲ့တူတယ်။ ဒါကြောင့် အမြဲတမ်း ထက်မြက်စွန့်စား စွမ်းပကားနဲ့ ပြည့်ဝတဲ့ စိတ်ဓာတ် ရှိပါတယ်။

'မနုဿ' ဆိုတာကိုက ' ထက်မြက်စွန့်စား၊ စွမ်း ပကား၊ စိတ်ထားမြင့်တဲ့ လူ' လို့ အဓိပ္ပါယ်ရပါတယ်။ ဒါကြောင့် မနုဿလူ့ဘုံမှာ လူဖြစ်ရတာကိုသာ 'ဒုလ္လဘ' လို့ သတ်မှတ်ရတာပါ။ ဘယ်လောက်အထိ စွမ်းပကား ထက်မြက်သလဲဆိုရင် သတ္တလောကအားလုံးရဲ့ အမြတ်ဆုံး အထွဋ်အထိပ်ဖြစ်တဲ့ ဘုရား,ပစ္စေကဗုဒ္ဓါတို့ ဆိုတာ လူ့ဘုံသားများသာဖြစ်နိုင် ရောက်နိုင်ကြတာကို ကြည့်ရင် သဘောပေါက်လောက်ပါတယ်။

(၃) နောက်ထပ် ဒုလ္လဘတစ်ခုကတော့ 'သဒ္ဓါ စသည်နဲ့ ပြည့်စုံခြင်း' ဆိုတာပါပဲ။ အပြည့်အစုံ ပြောရရင်တော့ 'သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ' ဆိုတဲ့ စိတ်ဓာတ် ခွန်အား(အတွင်းအား) ငါးမျိုး၊ မျက်စေ့, နား, နှာ, လျှာ, ကိုယ် ဆိုတဲ့ အပြင်အာရုံယူ အင်္ဂါ(အပြင်အား)ငါးမျိုးတို့နဲ့ ပြည့်စုံခြင်းကို ပြောတာပါ။ အဓိကကတော့ သဒ္ဓါစတဲ့ အတွင်းအားငါးမျိုးနဲ့ ပြည့်စုံခြင်းပေါ့။

လောကမှာ 'ကြုံကြိုက်တယ်' ဆိုတဲ့ စကားတွဲတစ်ခု ရှိတယ်။ ကြုံတာရယ်၊ ကြိုက်တာရယ်ပေါ့၊ ဘုရားရှင် ပွင့်ပေါ်ခြင်းဆိုတဲ့

http://www.dhammadownload.com



ဗုဒ္ဓုပ္ပါဒဒုလ္လဘတရားကြီးနဲ့ ကြုံကြရပေမယ့် သဒ္ဓါတရားချို့တဲ့သူများအနေနဲ့ မကြိုက်နိုင်ကြပါဘူး။ မယုံကြည်နိုင် လက်မခံနိုင်ရုံမကဘူး တချို့ဆိုရင် ဘုရား၊တရား၊သံဃာဆိုတာကို ကြားရုံနဲ့ ဆဲချင်ကြ၊ ရိုက်ချင်ကြဆိုတာမျိုး တောင်ရှိကြပါတယ်၊ ကြုံပြီး ကြိုက်တဲ့ သဒ္ဓါတရားမျိုးဖြစ်ဖို့ဆိုတာကလဲ 'တစ်စ တစ်စ စွန့်ဝံ့မှလျှင်' ဆိုတဲ့အတိုင်း စွန့်လွှတ်မှု စိတ်ဓာတ်တွေ တဖြည်းဖြည်း မွေးမြူလာနိုင်ခဲ့လို့ပါပဲ။

(၄) နောက်ဒုလ္လဘတစ်မျိုးက 'နိဗ္ဗာန်ကို ရည်မှန်းခြင်း' တဲ့၊ ပါဠိလိုတော့ 'ပဗ္ဗဇိတ ဒုလ္လဘ'လို့ ဆိုပါတယ်။ 'ပဗ္ဗဇိတ'ကို တိုက်ရိုက်မြန်မာပြန်ရင်တော့ 'ဘဝဝဋ်ဘောင်မှ လွတ်အောင် ရန်းထွက်ခြင်း' လို့ အဓိပ္ပါယ်ရပါတယ်။ ဒီရည်မှန်းချက်ကို အဓိကထားကြတဲ့ ရှင်အဖြစ်၊ ရဟန်း အဖြစ်၊ သီလရှင်အဖြစ် ယောဂီအဖြစ်စသည် ခံယူပြုလုပ်ကြတာကိုလဲ 'ပဗ္ဗဇိတ' လို့ပဲ တင်စားခေါ်ဆိုကြပါတယ်။

ဒါကြောင့် ဒီကနေ့ သာသနာ့နွယ်ဝင်သီလရှင် အဖြစ်ကို ခံယူကြတယ်ဆိုတာဟာလဲ ပဗ္ဗဇိတဒုလ္လဘထဲ အကြုံးဝင်တဲ့ အလုပ်ပါ။ ဒီလို ရခဲတဲ့ သာသနာ့နွယ်ဝင် ဒုလ္လဘတစ်ခုကို ရရှိဖို့ဆိုတာ အခုသီလရှင်ဆရာလေးတွေ အားလုံးသိပြီးသားပါ။ မိန်းကလေးတစ်ယောက်အနေနဲ့ ဆံပင်ကို ပယ်စွန့်ပြီး ကတုံး(ခေါင်းတုံး) ရိတ်ရတာတစ်ခုတည်းနဲ့တင် ဘယ်လောက်စွန့်ဖို့ ခဲယဉ်းတယ်ဆိုတာ ဆံပင်ကို တန်ဖိုးထားတဲ့ မိန်းကလေးတိုင်း ကိုယ်ချင်းစာကြည့်လို့ ရပါတယ်။

(၅) 'တရားစစ် တရားမှန်ကို နာယူခွင့်ရခြင်း'ကလဲ ဘယ်လောက်ရခဲတယ်ဆိုတာ တိုင်းတစ်ပါး ရောက်နေတဲ့ အခါမျိုးမှာ

http://www.dhammadownload.com



ပိုပြီးသဘောပေါက်မယ်ထင်ပါတယ်။

ဒီငါးမျိုးထဲမှာ အခုဆရာလေးများ ရယူတဲ့ ဒုလ္လဘက (၄)ခုမြောက် ပဗ္ဗဇ္ဇိတဒုလ္လဘပေါ့နော်၊ ဒီမှာလဲ အခု အများစု နားလည်ထားကြတာက ခုနှစ်ရက်တန်သည်၊ တစ်လ, တစ်လခွဲတန်သည် ခေတ္တခဏပြုလုပ်တာကိုပဲ 'ဒုလ္လဘ' လို့ မှတ်ထင်နေကြတာ၊ အမှန်ကတော့ အမြဲဝတ်သူ ဖြစ်စေ၊ ခေတ္တခဏဝတ်သူဖြစ်စေ ဝဋ်ဒုက္ခလွတ်မြောက်ရေးကိုသာ အဓိကလုပ်မယ်လို့ ခံယူဆုံးဖြတ်ပြီး လုပ်ကိုင်တာ မှန်သမျှ ပဗ္ဗဇ္ဇိတဒုလ္လဘချည်းပါပဲ။ အမြဲဝတ်သူများကတော့ ဒုလ္လဘအစစ်တွေပေါ့လေ။ ခေတ္တခဏသမားကတော့ ဒုလ္လဘကို ရတယ်ဆိုရုံ ရယူသူများပေါ့။

ဘာပဲဖြစ်ဖြစ် ပဗ္ဗဇိတဒုလ္လဘ အဖြစ်ကို ရအောင် ယူတဲ့ အခါမှာ ကိုယ်ယူထားတဲ့ 'ပဗ္ဗဇ္ဇိတ'ဆိုတဲ့ ဂုဏ်ပုဒ်ရဲ့ ရည်ရွယ်ချက်နဲ့ အခွင့်အရေးကို အလေးအနက်သဘောပေါက်ကြဖို့ လိုပါတယ်။ ဘုရားရှင်ဟောပြတာကတော့ 'ပဗ္ဗဇ္ဇာ = ရှင်, ရဟန်းဘဝနဲ့ အလျော်အားဖြင့် ပဗ္ဗဇ္ဇလို့ပဲ ခေါ်ဆိုထိုက်တဲ့ သီလရှင်ဘဝ ယောဂီဘဝတို့ဆိုတာ 'အဗ္ဘော ကာသော = ကုသိုလ်တရား ပွားများအားထုတ်ဖို့အတွက် ဟင်းလင်းပြင်ကြီးသဖွယ် ကျယ်ဝန်းတဲ့ ဘဝဖြစ်တယ်' လို့ ဆိုပါတယ်။

ဒီတော့ ပဗ္ဗဇအဖြစ်ကို ခံယူတာဟာ 'ဃရာဝါသ' လို့ ခေါ်တဲ့ လူ့ကိစ္စတွေ၊ လူ့တာဝန်ဝတ္တရားတွေနဲ့ လူမှုရေးတွေ၊ မင်းရေးစိုးရေးတာဝန်တွေ ဘာမှမရှိဘဲ ဓမ္မရေး သက်သက်ကိုသာ ဇောက်ချလုပ်ခွင့်ရတဲ့ဘဝ၊ တစ်နည်းအားဖြင့်တော့ လူ့တာဝန်တွေ၊ လူ့သံယောဇဉ်တွေနဲ့ ထိစပ်ငြိကပ်ခြင်း မရှိတဲ့ ဟင်းလင်းပြင်ဘဝကို

http://www.dhammadownload.com



ခံယူတာပါ။ ဒီဘ၀ကို ခံယူပြီးနေတဲ့ ပုဂ္ဂိုလ်များဟာ တစ်ယောက်စာ အိပ်သာ နေသာရုံလောက် နေရာကလေးမှာ နေရစေဦးတော့ သံယောဇဉ် အငြိအကပ် မရှိတဲ့အတွက် ဟင်းလင်းပြင်ကြီးလို လွတ်လပ် ကျယ်ဝန်းပါတယ်တဲ့။

အဲဒီတော့ အခုသီလရှင်ဆရာလေးများအနေနဲ့ ကိုယ်ရောက်နေတဲ့နေရာ ကိုယ့်ရည်ရွယ်ချက်၊ ကိုယ်အားထုတ်ရမယ့် အလုပ်တာဝန်တို့ကို ကိုယ်တိုင်အလေးအနက် အသိအမှတ်ပြုကြဖို့ အထူးလိုအပ်ပါတယ်။

'အဗ္ဘောကာသော ပဗ္ဗဇ္ဇာ' ဆိုတဲ့အတိုင်း သီလရှင်ဝတ်နဲ့ နေတဲ့ရက်ပိုင်းဟာ လူ့ကိစ္စ၊ လူ့သံယောဇဉ် အရှုပ်အထွေးများ မကပ်မငြိတဲ့ ဟင်းလင်းပြင်မှာ နေနေကြတာပါ။ ဒီလိုနေခြင်းဟာ 'ဃရာဝါသ၊ ကိစ္စများမြောင်၊ လူ့ဘောင် ဆုတ်ခွါ၊ လွတ်ကြောင်းရှာဖို့ ရည်မှန်းပြီး နိက္ခမပါရမီကို ဖြည့်ကျင့်တဲ့သဘောလဲ ဆောင်ပါတယ်၊ ကိုယ်နေနိုင်သမျှ ရက်ပိုင်းကလေးမှာ ကိုယ်အားထုတ်ရမယ့် လုပ်ငန်းတာဝန်ဆိုတာ နိက္ခမပါရမီမြောက်အောင် နေကြဖို့ ပြောတာပါ။

'တည့်တည့်ပြောမှကို နားလည်မှာပါဘုရား' ဆိုရင်တော့ ကိုယ်နေနေတာက ဟင်းလင်းအပြင် လွင်တီးခေါင်လို့ခေါ်တဲ့ ပဗ္ဗဇိတဒုလ္လဘာ နယ်မြေဖြစ်ပြီး လုပ်နေတာက ဆဲလ်ဖုန်းတွေ တည်ညံနဲ့ ကြိုးရှုပ်နေကြတဲ့ ဒုလ္လဘာမျိုးတွေ ဖြစ်မနေကြဖို့ပါ။ ရှေး လူကြီးများ ဆုံးမလေ့ရှိသလိုပဲ 'တောကြောင်လုပ်မှာဆိုရင်လဲ သစ်သီးစား၊ ရွာကြောင်လုပ်မှာဆိုရင်လဲ ကြွက်ခုတ်၊ တော ကြောင် မဟုတ် ရွာကြောင်မဟုတ်နဲ့ ကြိုးရှုပ်ဆူးငြိဖြစ်မနေကြနဲ့လို့ ပြောလို

http://www.dhammadownload.com



တာပါပဲ။

မော်ဘီဓမ္မဒူတတောရကျောင်းတိုက်မှာ ဝါဆိုဦး ဩဝါဒပေးတဲ့အခါနဲ့ ဒုလ္လဘာရှင်ရဟန်းများကို ဩဝါဒပေးတဲ့ အခါများမှာ ပြောလေ့ရှိတဲ့စကားကိုပဲ ဒီနေရာမှာ သီလရှင် ဆရာလေးများကိုလည်း နိဂုံးချုပ်အနေနဲ့ ပြောလိုက်ပါဦး မယ် 'ဆံထုံးရှုပ်လို့ ဖြေရှင်းမရရင် ဆံပင်ဖြတ်ပစ်လို့ ရနိုင်တယ်၊ ကတုံး(ခေါင်းတုံး)ဖြစ်လာပြီးမှ ရှုပ်ကြဦးမယ် ဆိုရင်တော့ ဖြတ်စရာဆိုလို့ ဦးခေါင်းပဲ ရှိတော့တယ် နော်၊ အဲဒါ သတိထားကြ' ဆိုတာပါပဲ။ ဘုရားရှင်ကလည်း 'သီလဦးခေါင်းပြတ်သူတွေ မဖြစ်စေကြနဲ့' လို့ မှာကြားထားတာ ရှိတယ်။ ဒီလောက်ဆို သဘောပေါက်လောက်ပါပြီ။


ရခဲသည်ကို ရကြပြီး ရကျိုးနပ်အောင် အသုံးချတတ်တဲ့ အရတော်သူများဖြစ်ကြပါစေ။

အလင်းတန်းဂျာနယ်

*[ အမှတ်(၅၆၈) ဩဂုတ် ၂၄၊ ၂၀၀၉ ]*

□

http://www.dhammadownload.com



## ဣန္ဒြေရုပ်

မိမိတို့ အမရပူရ တူမောင်းတိုက်ကို စာသင်သားအဖြစ် ရောက်စက၊ တိုက်နာယကဖြစ်တဲ့ ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တ နန္ဒိယ)က ဝါဆိုဦးဩဝါဒပေးတဲ့အခါ -

'အရှင်ဘုရားတို့ တပည့်တော်တို့ရဲ့ တောင်ပိုင်း သာသနာ ဆိုတာ ဣန္ဒြေကို စောင့်စည်းတဲ့ ဣန္ဒြိယသံဝရ သီလနဲ့ စတင် တည်ထောင်ခဲ့တာပဲ၊ နိဂြောဓသာမဏေလေးရဲ့ ကြည်ညိုဖွယ်ရာ ကာယိန္ဒြေကိုကြည့်ပြီး သီရိဓမ္မာသောကမင်းကြီးက ကြည်ညို သဒ္ဓါ ပေါက်ခဲ့ရာကစပြီး သာသနာပြုမင်း အဖြစ်ရောက်ခဲ့တာ၊ အဲဒီ. . သီရိဓမ္မာသောကမင်းကြီး ကိုးတိုင်းကိုးဌာန သာသနာပြုလွှတ်လို့ တပည့်တော်တို့ နိုင်ငံကိုလဲ သာသနာတော် ရောက်ရှိလာတာ၊ အရှင်ဘုရားတို့ တပည့်တော်တို့က အဲဒီသာသနာတော်တွင်း

http://www.dhammadownload.com



ဝင်ရောက်ပြီး သာသနာ့ တာဝန်ထမ်းဆောင်နေကြတာဆိုတော့ ကိုယ့်အဖွဲ့ရဲ့အစဉ်အလာကောင်းများကို အမြဲသတိပြု အလေးထားပြီး နေကြရမယ်။ ဒါကြောင့် ဒကာ ဒကာမတွေ အကြည်ညိုမဲ့စေမယ့် ကိုယ်အမူအယာ နှုတ်အမူအယာတွေ မပြုမိ မပြောမိအောင် အထူးဆင်ခြင်ကြပါ၊ မကြည်ညိုသေးသူတွေကို ကြည်ညိုဖွယ်ဖြစ်အောင် ကြည်ညိုပြီးသူတွေ သဒ္ဓါတရားတိုးပွားအောင် ပြုမူပြောဆိုနေထိုင်ကြဖို့ဟာ သာသနာတော်ကို တိုးတက်အောင်ဆောင်ရွက်ရာမှာ အလွန် အရေးကြီးပါတယ်၊ အဲဒါကို ကြပ်ကြပ်သတိပြု နေထိုင်ကြပါ"ဆိုတဲ့ အကြောင်းဩဝါဒပေးပါတယ်။

အမှန်ကတော့ တောင်ပိုင်းသာသနာချည်းတောင် မကပါဘူး၊ သာသနာတော်တစ်ခုလုံးဟာလဲ ဣန္ဒြေနဲ့ စတင်ပြီး ဖြန့်ချီခဲ့တာလို့ ဆိုနိုင်ပါလိမ့်မယ်၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ အင်္ဂါပြည့်စုံတဲ့ တပည့် သာဝကတွေဖြစ်ဖို့အတွက် အရေးအကြီးဆုံးလိုအပ်တဲ့ လက်ဝဲရံ, လကျာရံ မထေရ်မြတ်တို့ရဲ့ လာရာလမ်းကြောင်းကို ကြည့်မယ်ဆိုရင်လဲ ရှင်အဿဇိမထေရ်မြတ်ရဲ့ ကြည်ညိုဖွယ်ရာ ဣန္ဒြေရိပ်နဲ့ သာသနာပြုနိုင်ခဲ့ရာက စတင်ခဲ့တယ်လို့ ဆိုရမှာပါပဲ။

ဒါကြောင့် ဘယ်လိုအဖွဲ့အစည်းမျိုးမှာမဆို ကာယိန္ဒြေနဲ့ သရုပ်ဆောင်ပြတဲ့ 'ကိုယ်မိန့်'ဟာ 'နှုတ်မိန့်'တို့ 'စာမိန့်'တို့ထက်ထိရောက်တယ်လို့ သဘောရမိပါတယ်၊ ဟုတ်ပါတယ် 'ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့' ဆိုတဲ့ အမိန့်မျိုးကို ဘယ်လို နောက်လိုက်တပည့်မျိုးကမှ အလေးထားမယ်မဟုတ်ပါဘူး၊ 'ငါလုပ်သလို လုပ်ကြ' လို့ ကာယကံနဲ့ သရုပ်ဆောင်ပြတဲ့ အမိန့်တို့ အဆုံးအမမျိုးတို့သာ

http://www.dhammadownload.com



တကယ်သြဇာသက်ရောက်မှာပါ။

မြတ်စွာဘုရားရှင်ရဲ့ သာသနာပြုလမ်းညွှန်ချက်တွေကို ကြည့်မယ်ဆိုရင်လဲ နူတ်မိန့်ထက် ဣန္ဒြေနဲ့ သရုပ်ဆောင်ပြတဲ့ 'ကိုယ်မိန့်'က ပိုပြီးထိရောက်တဲ့ လုပ်ဆောင်ချက် ကလေးတွေကို တွေ့ရှိနိုင်ပါတယ်၊ မြတ်စွာဘုရားရှင် ပထမ ဝါကျွတ်ပြီးတဲ့အခါမှာ တပည့်ရဟန္တာ ခြောက်ကျိပ်တို့ကို သာသနာပြုစေလွှတ်တဲ့အခါ 'ချစ်သားတို့ . . . လောကမှာ ကိလေသာမြူနည်းပါးသူတွေ အများကြီးရှိတယ်၊ တရားတော်ကို မနာကြားရရင် သူတို့ရဲ့ပါရမီတွေ အချည်းအနှီး ဆုတ်ယုတ် ပျက်စီးသွားကြလိမ့်မယ်၊ တရားတော်ကို နာယူခွင့်ရကြရင် သူတို့ဟာ မဂ် ဖိုလ် နိဗ္ဗာန်ကို ထိုးထွင်း သွားကြလိမ့်မယ်၊ ဒါကြောင့် လူအများရဲ့ ကြီးပွားချမ်းသာမှုနဲ့ နတ်လူအပေါင်းတို့ရဲ့ အကျိုးစည်းပွား ချမ်းသာသုခကို ဆောင်ရွက်ရင်း လောကကို သနားစောင့်ရှောက်ဖို့အတွက် ဒေသစာရီ လှည့်လည်ကြ၊ ခရီးတစ်ကြောင်းကို နှစ်ပါးပေါင်း မသွားကြနဲ့။ ရောက်လေရာ အရပ်ဒေသမှာ အစ အလယ် အဆုံး ကောင်းခြင်းသုံးဖြာ (သီလ, သမာဓိ, ပညာ)နဲ့ ပြည့်စုံတဲ့ တရားတော်ကို ဟောကြ။ ငါဘုရားရှင်လဲ သေနနိဂုမ်းက ဥရုဝေလတောကို တရားဟောဖို့ ကြွသွားမယ်" ဆိုတဲ့ စကားကို အသေအချာကြည့်ကြည့်ရင်- 'နူတ်မိန့်' ကို 'ကိုယ်မိန့်'နဲ့ အလေးအနက်ပြုပေးတဲ့ သဘောထားကို တွေ့နိုင်ပါလိမ့်မယ်။

ဝိနည်းမဟာဝါ တက်ခဲ့ရစဉ်က ဒီနေရာရောက်တော့ ဒေးဒရဲ ကွင်းကျောင်းဆရာတော်ကြီးက . . . 'အရှင်တို့ ဒီစကားလေးကို တစ်ပိုဒ်ချင်း အသေအချာစဉ်းစားကြည့်ကြစမ်းပါ၊ ဒီစကားရပ်ထဲမှာ အဓိကစကားပိုဒ်တွေက 'စရထ စာရိကံ = ဒေသစာရီ

http://www.dhammadownload.com



ကြွကြ၊ ဒေသေထ ဓမ္မံ = တရား ဟောကြ၊ ပကာသေထ ဗြဟ္မစရိယံ = သာသနာတော်ရဲ့ မြင့်မြတ်မှုကို ထင်ရှားပြကြ' ဆိုတဲ့ အပိုဒ်သုံးပိုဒ်ပဲ။

ဒီအထဲမှာ သာသနာပြုခရီးထွက်ခြင်းရဲ့ အဓိပ္ပါယ်ကို အသေအချာတွေ့နိုင်တယ်။ 'သာသနာပြု ခရီးထွက်ကြ' တဲ့၊ ဒါဖြင့် သာသနာပြု ခရီးဆိုတာ ဘယ်လိုလဲဆိုတော့၊ 'ဒေသေထ ဘိက္ခဝေ ဓမ္မံ = တရားဟောကြ'တဲ့၊ ဘယ်လို ရည်ရွယ်ချက် ဘယ်လို စေတနာမျိုးထားပြီး တရားဟောရမလဲဆိုတော့ 'သန္တိ သတ္တာ . . စတဲ့ စကားအတိုင်း . . . လောကမှာ ကိလေသာ မြူနည်းပါးတဲ့ သတ္တဝါတွေရှိကြတယ်၊ သူ့ခမျာများ တရားတော်ကို နာခွင့်မရကြရင် ဖြည့်ဆည်းထားတဲ့ ပါရမီတွေ အချည်းနှီးဖြစ်သွားကြလိမ့်မယ်၊ တရားတော်ကို နာခွင့်ရမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရကြလိမ့်မယ်' ဆိုတဲ့ မေတ္တာ ကရုဏာ စိတ်စေတနာထားပြီး ဟောကြတဲ့။ ဒီစကားထဲမှာ ခရီးထွက်တယ်ဆိုပြီး ဟေးလားဝါးလား အပျင်းပြေ ဗဟုသုတမျိုးလဲ မဖြစ်စေကြနဲ့၊ တရားဟောတဲ့အခါ 'ငါ့ကို ကြည်ညိုကြပါစေ၊ ပူဇော်သက္ကာပြုကြပါစေ' ဆိုတဲ့ စိတ်ထားမျိုး လုံးဝမထားမိကြစေနဲ့ ဆိုတဲ့ နိဝတ္တေတဗ္ဗ အနက်ကလေးလဲ ငုပ်လျှက်ပါနေတာ တွေ့ရလိမ့်မယ်။

ဒီစကားထဲမှာ လေးစားအတုယူဖို့ကောင်းတာက 'သင်ချစ်သားတို့သာ သွားရမှာမဟုတ်ပါဘူး၊ ငါဘုရားလဲ ဒီလိုပဲ သွားမှာပါ' ဆိုတဲ့ ဘုရားရှင်ရဲ့ သဘောထားပဲ၊ ရှေးက အောင်ပွဲရ စစ်သူကြီးတွေဆိုတာ ဒါမျိုးပေါ့၊ နောက်ကနေပြီး 'တက်ကြ'လို့ အမိန့်မပေးဘူး၊ ငါ့နောက်ကလိုက်ပြီး ငါလို တိုက်ကြလို့သာ အမိန့်ပေးကြတာ၊

http://www.dhammadownload.com



သူတို့ရဲ့ နှုတ်မိန့်ထက် သူတို့ကိုယ်တိုင် လုပ်ပြတဲ့ 'ကိုယ်မိန့်'ကြောင့် နောက်လိုက်နောက်ပါများပါ အခိုမကပ်၊ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ကြလို့ အောင်ပွဲရကြတာမို့လား၊ ဘုရားရှင်ကလဲ အဲဒီလိုပဲဗျ၊ ဒါကြောင့်လဲ သာသနာတော်ဟာ ဒီလောက်အထိ အရှည်ခန့် တည်တန့်တာပေါ့' လို့ မိန့်ကြားဖူးပါတယ်။

ဒါနဲ့တဆက်တည်း ဆရာတော်အမိန့်ရှိတာကတော့ . . . 'တို့ မြန်မာနိုင်ငံရဲ့ ဝေးလံတဲ့ တောင်တန်းဒေသတွေမှာ အခြားဘာသာတွေ ပြန့်နှံ့သွားရတဲ့ကိစ္စကို ကြည့်လိုက်ရင် ဗုဒ္ဓဘာသာရဟန်းတော်များအနေနဲ့ အဲဒီလို အရပ်တွေကို ရောက်အောင် မသွားခဲ့ကြလို့ ကွက်လပ်ကြီး ကျန်သွားခဲ့တာ။ ကိုယ်ချန်ခဲ့တဲ့ ကွက်လပ်ကို သူများက ဝင်ပြီး နေရာယူသွားတာပဲ။

တချို့ကလည်း အဲဒီအရပ်မျိုးတွေကို ပစ္စန္တရစ် အရပ်လို့ ထင်နေကြတာ၊ အမှန်ကတော့ မြန်မာတစ်နိုင်ငံလုံးဟာ မဇ္ဈိမဒေသရဲ့ အပြင်ဘက်ကချည်းပါပဲ၊ ရှင်ဥတ္တရ၊ ရှင်သောဏစတဲ့ ရှေးမထေရ်မြတ်တွေက အပင်ပမ်းခံပြီး လာရောက်သာသနာပြုခဲ့ကြလို့ သာသနာထွန်းကားတဲ့နိုင်ငံ ဖြစ်ရတာမို့လား၊ ဘုရားအစရှိတဲ့ ရှေးမထေရ်မြတ်များကတော့ ခရီးဝေးတယ်၊ ခေါင်တယ်၊ ပင်ပန်းတယ်ဆိုတာ သဘောမထားပဲ စွမ်းနိုင်သလောက် မနေမနား လှည့်လည် သာသနာပြုခဲ့ကြတာ၊ ဒီအစဉ်အလာကောင်းကိုလည်း အတုယူကြရမယ်ဗျာ'လို့ မိန့်ကြားသွားပါတယ်။

မိမိရဲ့တပည့်များထဲမှာ ဝိသုဒ္ဓါရုံတိုက်သစ်(ယော) ဆရာတော်ထံ ပညာသင်ယူခဲ့တဲ့ တပည့်တစ်ပါးက သူ ကိုယ်တိုင် စာချပေးတဲ့အခါ တပည့်တွေကို အော်ဟစ် ငေါက်ငန်းလေ့ရှိသလို တစ်ခါ

http://www.dhammadownload.com



တစ်လေ ရိုက်ချင်လဲ ရိုက်တတ်ပါတယ်၊ သူထက်ကြီးတဲ့ မိမိတပည့် စာချဘုန်းကြီး တစ်ပါးက ဒီကိစ္စကို ဆုံးမသတိပေးခဲ့ပါဦးဆိုလို့ သူနဲ့ တွေ့တဲ့အခါ 'ငါ့တပည့် . . မင်း . . . ယောဆရာတော်ဆီမှာ ပညာသင်ယူခဲ့တာပဲ၊ ယောဆရာတော်က စာဝါပြီးတဲ့ အခါတိုင်း 'တပည့်တော်သင်ပေးတဲ့အထဲမှာ တပည့်ကို ပညာတတ်အောင် သင်ပေးနည်းသာ ပါပါသဗျာ၊ ဆဲဆို ငေါက်ငန်းတာတို့၊ ကြိမ်းမောင်း ရိုက်ပုတ်တာတို့ဆိုတဲ့ နည်းတွေမပါပါဘူး'လို့ မှာလေ့ရှိတယ်ဆို၊ မင်းဟာ ယော ဆရာတော်ဆီက နှုတ်နဲ့ ပို့ချတဲ့ နှုတ်မိန့်ပညာကိုသာ သင်ယူ တတ်မြောက်ခဲ့တယ်၊ ကိုယ်နဲ့လက်တွေ့ ကျင့်သုံးပြတဲ့ 'ကိုယ် မိန့်' (ကြွေမိန့်)ပညာကိုတော့ မသင်ယူခဲ့ဘူးနဲ့ တူတယ်၊ ဒီလိုဆိုရင် ယောဆရာတော်ရဲ့ ပညာရိပ်ကိုသာ ခိုလှုံခဲ့ပြီး ကြွေရိပ်ကို မခိုလှုံ သလိုဖြစ်နေမှာပေါ့၊ တကယ့် အရေးအကြီးဆုံးကိုမှ မေ့နေသလို ဖြစ်နေတယ်၊ အဲဒါ အခုပြန်လည်း နှလုံးသွင်းပြီး အတုယူလိုက်နာ ခိုလှုံပါ'လို့ သတိပေးခဲ့ဖူးပါတယ်။

သူ့ထက်ကြီးတဲ့ စာချဘုန်းကြီးဆိုတာလဲ ဝိသုဒ္ဓါရုံတိုက်မှာ စာချဘုန်းကြီးအဖြစ်အထိ ပညာသင်ယူနေထိုင်ခဲ့တဲ့ ယောဆရာ တော်ရဲ့ တပည့်တစ်ပါးပါပဲ၊ သူကတော့ 'တပည့်တော်တို့ ဝိသုဒ္ဓါရုံ မှာနေခဲ့ပြီး ကောင်းမွန်တဲ့ အလေ့အထတွေ ရလာတယ်ဆိုတာ စာရွက်ထဲရေးထားတဲ့ စည်းကမ်းတွေ၊ နှုတ်က ဆုံးမတဲ့ အဆုံးအမ တွေကြောင့်သာ မဟုတ်ဘူး၊ ဆရာတော်ကိုယ်တိုင် ကျင့်သုံးနေထိုင် တဲ့ နမူနာကောင်းတွေကို ကိုယ်တိုင် တွေ့မြင်နေရလို့ပဲ၊ ဆရာတော် ရဲ့ ကာယကံ၊ ဝစီကံတွေ၊ ဆွမ်းခံ၊ ဝတ်တက်စတဲ့ နေ့စဉ် ဆောင်ရွက် မှုတွေကို ကြည့်ပြီး ကိုယ့်ကိုယ်ကိုလဲ ဒီလို ကျင့်ဝတ်တွေ မချွတ်ယွင်း

http://www.dhammadownload.com



ရအောင် ဆင်ခြင်ဆုံးမပြီးသား ဖြစ်သွားခဲ့တာ' လို့ပြောပါတယ်။

အဲဒီတပည့်ဟာ ယောဆရာတော်ရဲ့ အမူအကျင့် နမူနာကောင်းတွေကို အတော်လေးအားကျအတုယူပါတယ်၊ သူ့ရဲ့ ချွတ်ယွင်းချက်တစ်ခုကတော့ အရပ်ဓလေ့အဖြစ် အကျင့်ပါနေတဲ့ 'စကားပြောတဲ့အခါ မကောင်းတဲ့အရာကို ပြောလိုက်ရင် 'စလုံး'သံနဲ့ တိုင်းနှိုင်းမိတာပါပဲ၊ အဲဒါကို မိမိက ဘဝင်မကျချင်ဘူး ဒါကြောင့် သူ့ကိုလဲ . . . .

မင်းက ယောဆရာတော်ထံမှာ အန္တေဝါသိက အဖြစ်နဲ့ နေထိုင်သင်ယူခဲ့သလို ဆရာတော်ရဲ့ ပညာရိပ်၊ ဣန္ဒြေရိပ်နှစ်မျိုးလုံးကို ခိုလှုံရကောင်းမှန်းသိတဲ့အတွက် ဆရာတော်ရဲ့ ကောင်းတဲ့ အမူအကျင့် တော်တော်များများလဲ ရခဲ့တာတော့ အမှန်ပါပဲ၊ ငါကတော့ ဆရာတော်ရဲ့ အန္တေဝါသိကအဖြစ် မနေခဲ့ရဖူးပါဘူး၊ ဒါပေမယ့် ယောဆရာတော် အကြောင်း စတင်ကြားဖူးတဲ့ အချိန်ကတည်းက 'ဆရာတော်ဟာ ဘုရားရှင်ရဲ့ မုက္ခပါဌ်တွေကို သင်အံရွတ်ဖတ်မယ့် ဒီပါးစပ်က ရုန့်ရင်း ကြမ်းတမ်းတဲ့ စကားတွေ မထွက်စေရဘူး'လို့ ဆုံးဖြတ်ပြီး ဝစီဒုစရိုက်နဲ့ ပတ်သက်လို့ (စ . လ . ပ . ဖ)ဆိုတဲ့ အတိုင်းအနှိုင်းမျိုးတောင် မပြောခဲ့ဖူးဘူးလို့ ကြားသိရတယ်၊ အဲဒီအချိန်ကတည်းကစပြီး ငါ့ပါးစပ်ကိုလဲ စောင့်စည်းခဲ့တယ်၊ ဆရာတော်ရဲ့ 'ဣန္ဒြေရိပ်' တွေထဲက ဝစီကံနဲ့ ပတ်သက်တဲ့ အရိပ်ကိုတော့ အပြည့်အဝ အတုယူလိုက်နာ ခိုလှုံခဲ့ပါတယ်၊ ကိုယ့်ကိုယ်ကိုလဲ 'ငါဟာ ယောဆရာတော်ရဲ့ ဣန္ဒြေရိပ်ကို ခိုလှုံနေတဲ့ တပည့်တစ်ဦး'လို့ ခံယူထားတယ်၊ မင်းမှာ အဲဒီ 'ကိုယ်မိန့်' တွေထဲက နှုတ်အမူအယာတစ်ခု နာခံဖို့ ပျက်ကွက်နေတဲ့အတွက် ဣန္ဒြေရိပ်ကို

http://www.dhammadownload.com



အပြည့်အဝမရသလို ဖြစ်နေတယ်။

မင်းတို့ ပါးစပ်က အမှတ်တမဲ့ ပြော,ပြောနေတဲ့ အဲဒီ အတိုင်း အနှိုင်းစကားလုံးတွေဟာ သေသေချာချာ စဉ်းစားကြည့်ရင်၊ 'သညာ' စကားလုံးတွေ ဖြစ်လို့သာ တော်တော့တယ်နော်၊ 'သညီ' တွေသာဆိုရင် ဒီပါးစပ်ဟာ မတွေးဝံ့စရာကြီးပဲ'လို့ ပြောပြတော့၊ ဆရာသမားကို လေးစား ရိုသေရင်းရှိတဲ့ အဲဒီတပည့်ဟာ ဝစီကံနဲ့ပတ်သက်လို့လဲ ယောဆရာတော်ရဲ့ 'ကိုယ်မိန့်' (ကွန္ခြေရိပ်) ကို အတော်နာခံ အတုယူလာတာ တွေ့ရပါတယ်။


ဆရာသမားကောင်း အစဉ်အဆက်တို့ရဲ့ အမွေကို လက်ဆင့်ခံ ကျင့်သုံးရာမှာ 'နှုတ်မိန့်' များကိုသာမက 'ကိုယ်မိန့်' (ကွန္ခြေရိပ်)လို့ ဆိုရမယ့် ပြောဆို,နေထိုင်ပုံ တွေကိုပါ အလေးအနက် အမွေခံတတ်ကြပါစေလို့ မိမိရဲ့ တပည့်စဉ်ဆက်များကိုလဲ အထူး သတိပေးနေမိပါတယ်။

ဆရာတို့ရဲ့ အမွေကောင်းအရိပ်စုံများကို အပြည့်အဝ ခံယူခိုလှုံနိုင်ကြပါစေ။ ။

ဇဟာန်း ဝိသုဒ္ဓါရုံတိုက်၊
၂၀၀၈၊ ရွှေရတု မဂ္ဂဇင်း

❑

http://www.dhammadownload.com



# အသိတရားနဲ့ အကြောက်တရား

မိမိ အနှစ် နှစ်ဆယ်ကျော် စာဝါပို့ချ နေထိုင်ခဲ့တဲ့ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဖြစ်တဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဆန္ဒာဓိက မထေရ်မြတ်ဟာ တော်သလင်း

http://www.dhammadownload.com



လပြည့်ကျော် ၂ ရက်၊ (၁၆ . ၉ . ၂၀၀၈) နေ့က သက်တော် ၉၅ ၊ သိက္ခာတော် ၇၅ အရောက် ရဟန်းသက် စိန်ရတုနှစ်မှာ တစ်ဘဝ ခန္ဓာဝန်ကို ချသွားတော်မူခဲ့ပါတယ်။

ခန္ဓာဝန်မချမီ နှစ်ပတ်လောက်အလိုက မိမိရောက်ရှိသွားတဲ့အခါ ဆရာတော်ကြီးမှာ အသက်ရှူရတာ မဝတဲ့အတွက် အောက်စီဂျင်ပိုက်ကို နှာခေါင်းမှာတွေ့ပြီး အကူအညီ ပေးထားရပါတယ်။

ဆရာတော်ကြီးထံ လူမမာမေးရောက်လာကြသူများဟာ ဘယ်သူမဆို စိတ်အနှောက်အယှက် ဘယ်တော့မှ မဖြစ်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဆရာတော်ကြီးက မိမိကို အကြောင်းပြုပြီး တစ်ဘက်သား စိတ်ဆင်းရဲမှာကို ဘယ်တော့မှမလိုလားဘူး၊ ဒါကြောင့် ဘယ်လောက်ပဲ ဝေဒနာဆိုးနေနေ သွားမေးလိုက်ရင် 'အေး . . 'နေ မကောင်းဘူး' ဆိုတဲ့ ရှေးလူကြီးစကား တယ်မှန်သဟေ့ . . မကျန်းမာပြီဆိုမှဖြင့် ရပ်ပြီးတော့ပဲနေနေ၊ ထိုင်ပြီးတော့ပဲနေနေ၊ လှဲပြီးတော့ပဲ နေနေ၊ ဘယ်လိုပဲနေနေ နေလို့ကို မကောင်းဘူးဟ' ဆိုပြီး ဒီလောက်ပဲ ပြောတယ်၊ ဘယ်လိုကြီး ခံစားနေရတယ် ဘာညာစသည် ဘယ်တော့မှ ညည်းမပြဘူး၊ တစ်ခါတစ်လေ နည်းနည်း သက်သာနေချိန်မှာ ဆိုရင်တော့ ညှော်သည် အာဂန္တုလာရင် ဘာမှမဖြစ်သလို အေးအေးဆေးဆေးပဲ၊ ကျန်းမာရေးနဲ့ ပတ်သက်ပြီး မေးလာရင်လဲ 'အေး . . အိုကောင်းလေး ပေါ့လေ . . လူရှေ့သူရှေ့မှာ ဟန်ဆောင်ပြီးနေလို့တော့ ရပါသေးတယ်'လို့ ခပ်အေးအေး ခပ်ပြုံးပြုံးပဲ ဖြေတယ်၊ ဘယ်သူကမှ

http://www.dhammadownload.com



ဆရာတော်မှာ ရောဂါပြင်းပြင်းထန်ထန် ခံစားနေရတယ်လို့ မထင်ရဘူး။

ပမထတစ်ကြိမ် ဝါမဆိုမှီရောက်တော့ 'အေး .. ဒီအသက်၊ ဒီအရွယ်ကြီးအထိ သူငယ်မပြန်၊ သတိမမေ့နဲ့ စားတာ၊ သောက်တာ၊ အသက်ရှူတာလည်း ပုံမှန်ပဲလုပ်နေနိုင်သေးတယ်ဆိုတော့ ဒါဟာ နေကောင်းနေတယ်လို့ပဲ ပြောရမှာပေါ့'ဆိုပြီး အလ္လာပသလ္လာပများနဲ့ မိမိဆောင်ရွက်နေတဲ့ စာဝါကိစ္စ၊ ယဉ်ကျေးလိမ္မာသင်တန်းနဲ့ တရားပွဲ အခြေအနေများကိုသာ မေးမြန်း ပြောဆိုနေပါတယ်။

ခန္ဓာဝန်မချမှီ နှစ်ပတ်လောက်အလို ဝါခေါင် လကွယ်နေ့တုန်းကတော့ ဆရာတော်ရဲ့ ကျန်းမာရေး အခြေအနေ အတော်လေး ဆိုးတယ်လို့ တပည့်များက ဖုန်းဆက်တဲ့အတွက် ဆရာတော်ဆီ တစ်ခေါက်သွားဖြစ်ပါတယ်၊ မိမိ ရောက်သွားတဲ့အခါမှာတော့ ဆရာတော်က မျက်နှာကြည်ကြည်လင်လင် ပြုံးပြုံးရွှင်ရွှင်နဲ့ စကားပြောနိုင်နေပါပြီ၊ မိမိက ဝတ်ပြုပြီးလို့ အနားကပ်သွားတဲ့အခါ ဆရာတော်က 'ပြီးခဲ့တဲ့ လကွယ်နေ့ကတော့ ကိုယ့်ကိုကိုယ်သေပြီလို့ပဲ အောက်မေ့လိုက်တာ၊ ခုတော့ ပြန်ရှင်လာပြန်ပြီ၊ ဒါဟာ လူ့ပြည်မှာ ပြန်ရှင်ပြီး အပိုနေရတာပါပဲ၊ သူတို့ကိုလဲ (တပည့်များကို) ပြောပါတယ်၊ ဘုန်းကြီးလည်း ဒီအသက်အရွယ်အထိနေလာပြီ ဆိုတော့ လူ့ပြည်နေရတာ ကျေနပ်လောက်ပါပြီ၊ တပည့်တွေလည်း ဒီလောက်ပြုစုရရင် တာဝန်လည်းကျေ၊ ကုသိုလ်တွေလည်း ရနေလို့ ကျေနပ်ကြလောက်ရောပေါ့၊ ခုချိန်မှာ သေသွားလည်း ဘယ်သူမှ ဝမ်းနည်း

http://www.dhammadownload.com



စရာမလိုတော့ပါဘူး'လို့ ဆိုပြီး ခပ်ဖြေးဖြေး ခပ်လေးလေး မိန့်ကြားရင်းက . . . မိမိ ဘက်ကိုလှည့်ပြီး . . .

'ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ သေတယ်ဆိုတာ ဝမ်းသာစရာကိစ္စလည်း မဟုတ်ပါဘူး၊ အဲ . . ဒါပြီး ဒါဖြစ်မှာပဲ (မွေးပြီး သေမှာပဲ)ဆိုတာ သိနေပြီးဖြစ်လို့ သေရမယ့်အရေးကို တွေးပြီး ကြောက်နေတာလည်း လုံးဝမဖြစ်ပါဘူး'လို့ မိန့်ကြားပါတယ်။

ဆရာတော်ကြီးဟာ သက်တော ၉၂ နှစ်အထိ တပည့်တွေကို သင်္ဂြိုဟ်သရုပ်ခွဲစာဝါ ပုံမှန်ချနေတုန်းပါ၊ တပည့်များက ဆရာတော် အပင်ပန်းမခံဖို့လျှောက်တဲ့အခါ ' မဟုတ်သေးဘူးလေ . . ဒီတိုက်က သံဃာတွေ စာမေးပွဲ ဖြေကြ၊ အောင်ကြတဲ့အခါမှာ ဆရာသမားဆိုတဲ့ နေရာမှာ ဘုန်းကြီးဘွဲ့ကို ထည့်ကြမှာကိုး၊ ကိုယ်က ဘာစာဝါမှ မပို့ချဘဲနဲ့ စာမေးပွဲမှာ ဆရာသမားဆိုတဲ့ အမည်ခံထားရင် အလိမ်အညာကြီးလိုဖြစ်နေမှာပေါ့၊ ဆရာဆိုတဲ့ အမည်ခံနေမှတော့ ကိုယ်တတ်နိုင်သလောက် စာဝါလေးတစ်ဝါတော့ ချမှပဲ' လို့ မိန့်ကြားပါတယ်၊ ဆရာတော်ရဲ့ ဆန္ဒကို သိကြတဲ့အတွက်ကြီးမှ ရောက်လာကြတဲ့ သကျသီဟတို့၊ စေတိယင်္ဂဏတို့ဆိုတဲ့ စာမေးပွဲကြီးတွေကို ဖြေကြမယ့် ဓမ္မာစရိယ အောင်ပြီး တပည့်များကအစ ဆရာတော်ရဲ့ သရုပ်ခွဲစာဝါကို လေးလေးစားစား လိုက်ကြပါတယ်၊ မိမိလည်း စာချဘုန်းကြီး ဖြစ်နေပေမယ့် တစ်ခေါက်လိုက်ခဲ့ပါတယ်။ ဆရာတော်က အတုအယောင် အချောင်ကြွားတဲ့ အလုပ်ကို ကိုယ်တိုင်လည်း မလုပ်သလို တပည့်များကိုလည်း စာမေးပွဲမှာ မရိုးမသား ဖြေဆိုပြီး ဘွဲ့လက်မှတ်အတုကြီးတွေနဲ့ မကြွားမိကြဖို့ တင်းတင်း

http://www.dhammadownload.com



ကျပ်ကျပ် ဆုံးမပါတယ်။

သက်တော် ၉၂ နှစ်အရောက်ပြီးတဲ့အခါမှာတော့ ချောင်းဆိုးတဲ့အခါ နာလွန်းတဲ့အတွက် အံကပ်(သွားတု)တွေကို ဖြုတ်ထားရတော့ စကားပြောရတာ သိပ်ပြီး မပီသတော့တာရယ်၊ လေအားကလည်း နည်းလာတော့ အတော်လေး ပင်ပန်းလွန်းတာရယ်ကြောင့် စာဝါပို့ချတာကိုတော့ ရပ်လိုက်ပါတယ်။ ဒါပေမယ့် ဆရာတော်က သူငယ်မပြန်အောင်၊ သတိမမေ့အောင်ဆိုပြီး သင်္ဂြိုဟ်သရုပ်ကို ခပ်တိုးတိုး မပြတ်ဆိုပြီး သရုပ်ခွဲနေပါတယ်၊ သင်္ဂြိုဟ်သရုပ်ဆိုတာ ရုပ်တရား၊ နာမ်တရားတွေရဲ့ ဖြစ်နေ၊ ချုပ်နေပုံတွေ၊ စိတ်အစဉ်ဖြစ်ပုံ (ဝီထိ)တွေ၊ ဘယ်စိတ် ဖြစ်ရင် ဘယ်စေတသိက်တွေပါဝင်တယ်ဆိုတာတွေကို ခွဲခြားရေတွက်တာဖြစ်လို့ ခန္ဓာရဲ့ဖြစ်စဉ်၊ ရုပ်တရား, နာမ်တရားတို့ရဲ့ ဖြစ်စဉ်တွေကို နှလုံးသွင်းပြီး ခွဲခြားစိတ်ဖြာနေတာပါပဲ၊ ဒါကိုသိထားတဲ့အတွက် မိမိက. . .

'ဆရာတော် ဒါ 'ဘာရယ်လို့ မဟုတ်တာ' မဟုတ်ဘူးဘုရား၊ ဆရာတော်က ရုပ်တရား,နာမ်တရားတွေရဲ့ သရုပ်တွေ သဘောလက္ခဏာတွေကို အမြဲတမ်း သရုပ်ခွဲ သုံးသပ်နေတာဆိုတော့ ဘာပြီး ဘာဖြစ်မယ်၊ ဘယ်လိုပြီး ဘယ်လိုဖြစ်မယ်ဆိုတာ တရင်းတနှီး သဘောပေါက်ပြီး သိထားလို့ မကြောက်တော့တာဖြစ်မယ်'လို့ လျှောက်တော့ ဆရာတော်က 'အင်းလေ . . . အဲဒီလိုလဲ ဟုတ်ချင်ဟုတ်မှာ ပေါ့'ဆိုပြီး တစ်ခုခုကို စဉ်းစဉ်းနေသလိုပုံမျိုးနဲ့ မှိန်းပြီးနားနေလိုက်ပါတယ်။

ဝါမဆိုမှီရောက်စဉ်တုန်းက 'စားတာ၊ သောက်တာ၊

http://www.dhammadownload.com



အသက်ရှူတာတွေ ပုံမှန်ပဲ လုပ်နေနိုင်သေးတယ်'လို့ မိန့်ကြားခဲ့တဲ့ ဆရာတော်ဟာ အခုချိန်မှာတော့ အသက်ရှူတာကို အောက်စီဂျင် ကူပေးနေရတဲ့ ကိစ္စအပေါ် နည်းနည်းငြီးငွေ့ဟန် တူပါတယ်၊ 'ဒါကြီးက ဘယ်လောက်အကြာ တပ်ထားဦးမှာလဲ'လို့ မိန့်ကြား ပါတယ်၊ 'ဆရာဝန်က လိုအပ်တဲ့ အောက်စီဂျင်ပမာဏပြည့်အောင် ကိုယ့်ဟာကိုယ် အသက်ရှူလို့ မရသေးခင်အထိတော့ ဒါကို တပ်ထားရဦးမယ်' လို့ ပြောပါတယ်ဘုရား၊ နည်းနည်းတော့ ကြာ ဦးမယ် ထင်တယ်' လို့ လျှောက်ထားတဲ့အခါ 'အေး . . ကိုယ့်ဟာ ကိုယ်ကတော့ ဟိုနေ့ (ဝါခေါင်လကွယ်နေ့)ကတည်းက သေပြီးပြီလို့ သတ်မှတ်လိုက်ပါပြီ၊ အခုဆက်နေတာကတော့ အပိုလက်ဆောင် ပေါ့၊ မသေသေးခင်တော့ တပည့်များ ဝတ္တရားလည်း ကျေအောင် ကုသိုလ်လည်း ရအောင် လုပ်စရာရှိတာ လုပ်ကြပါ'လို့ ခွင့်ပြုပြီး ငြိမ်နေပါတယ်၊ အဲဒီအချိန်ကစပြီး ဆေးတို့ အစာတို့တိုက်ဖို့ ပါးစပ် ဟခိုင်းရင်လည်း ဘာမှ ငြင်းနေ၊ ညည်းနေတာ မရှိဘူး၊ ပြောတဲ့ အတိုင်း လိုက်လျောပေးပါတယ်၊ သူကိုယ်တိုင်ကတော့ ဘာလုပ်ပေး ပါဦးရယ်လို့လည်း ဘာမှ အထွေအထူးမပြောတော့ပါဘူး၊ ဒီလိုနဲ့ ရက်သတ္တနှစ်ပတ်လောက်အကြာမှာ ညင်ညင်သာသာပဲ ခန္ဓာဝန်ကို ချသွားခဲ့တာပါ။

ဆရာတော်ထံက ပြန်လာကတည်းက ဆရာတော်ကြီး မိန့်ကြားတဲ့ အထဲက 'ဘာရယ်လို့ မဟုတ်ပါဘူး'ဆိုတာရယ်၊ 'သေမှာ ကို တွေးပြီးကြောက်ရွံ့နေတာမျိုးလည်း မဖြစ်ပါဘူး'ဆိုတာရယ်ကို အလေးအနက်စဉ်းစားနေမိပါတယ်။

http://www.dhammadownload.com



ဆရာတော်ကြီးကသာ ဘာရယ်လို့မဟုတ်ပါဘူး ဆိုပေမယ့် ဒါဟာ တကယ်တော့ 'ဘာရယ်ဆိုတာ အသေအချာ ဟုတ်ပါတယ်' 'ဘာပြီးဘာဖြစ်တယ်'ဆိုတဲ့ ပရမတ္ထသဘောတွေကို အမြဲမပြတ် နှလုံးသွင်းပြီး သရုပ်ခွဲနေတဲ့ ဆရာတော်ဟာ တကယ့်ကိုဟုတ်တဲ့ ပရမတ္ထ သဘောတရားတွေ ကို သူပြော လူပြောမဟုတ်၊ စာတွေ့မဟုတ်ဘဲ ကိုယ်တိုင်သဘောပေါက်ပြီး သိနေတဲ့သဘောပါ။

ဒီနေရာမှာ'အပြောလောက်သိတာနဲ့ သဘောပေါက်သိတာ'တို့ရဲ့ ခြားနားချက်ကိုလည်း ဆရာတော်ကြီးက လက်တွေ့ပြသွားတယ်လို့ ထင်ပါတယ်၊ 'အပြောလောက်သိသူက အကြောက်မပြေဘူး၊ သဘောပေါက်သိမှ အကြောက်ပြေတယ်' လို့လည်း ခွဲခြား နားလည်လိုက်မိပါတယ်။

ဟုတ်ပါတယ်၊ ဘယ်လောက်ကြောက်စရာကောင်းတဲ့ အရာ ဖြစ်စေ၊ သူနဲ့ မရင်းနှီးသေးခင် သူ့အကြောင်း သဘောမပေါက်ခင်သာ ကြောက်စရာလို့ထင်ရပြီး၊ သူနဲ့ ရင်းနှီးလို့ သူ့အကြောင်း သဘောပေါက်သွားရင်တော့ ကြောက်စရာ မဟုတ်တော့ပါဘူး၊ အလွန်ကြောက်စရာကောင်းတဲ့ ခွေးတွေ၊ ကျားတွေ၊ ခြင်္သေ့တွေဆိုတာတောင် သူတို့နဲ့ ရင်းနှီးသွားတဲ့အခါ ကြောက်စရာမကောင်းတော့ရုံတင်မကဘူး၊ သူတို့ကတောင် ကိုယ့်ကိုပြန်ပြီး စောင့်ရှောက်ဖော်ရလာကြတတ်ပါတယ်။

အခု ဆရာတော်ကြီးလည်း ကြောက်စရာကောင်းတဲ့အရာတွေကို တရင်းတနှီး နှလုံးသွင်းနေတဲ့အတွက် သဘောပေါက်နားလည်ပြီး ရင်းနှီးကျွမ်းဝင် သွားတဲ့အတွက် မကြောက်တော့တာ

http://www.dhammadownload.com



ဖြစ်မယ် ထင်ပါတယ်၊ ဘုရားရှင်က အဘိဏှသုတ္တန်မှာ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေကို ရင်းနှီးကျွမ်းဝင်သွားအောင် မပြတ်နှလုံးသွင်း ဆင်ခြင်နေရမယ်လို့ ဟောတော်မူခဲ့တာဟာ ဒါကြောင့် ဖြစ်မယ်လို့လည်း သဘောပေါက်စရာပါ။

ဆရာတော်ကြီး နေထိုင်ကျင့်သုံးသွားပုံနဲ့ နောက်ဆုံးအချိန် အထိဖြစ်ရပ်များကို ခြုံငုံသုံးသပ်ကြည့်တဲ့အခါ အသိတရားနဲ့ အကြောက်တရားတို့အပေါ် မှာလည်း နားလည်သဘောပေါက်စရာ တစ်ခုကို သတိပြုမိလိုက်ပါတယ်။

ဘဝတစ်ခုရဲ့ ချိန်ခွင်လျှာမှာ အသိတရားနဲ့ အကြောက်တရားတို့ဟာ အချင်းချင်းဆန့်ကျင်ဘက်အဖြစ်နဲ့ တစ်ဘက်စီ ရှိနေကြတယ်လို့ သဘောပေါက်မိပါတယ်၊ တစ်ဘက်က သေးပြီး ပေါ့လိုက်ရင် တစ်ဘက်က ကြီးပြီး လေးသွားတဲ့သဘောပါ။

ဆရာတော်ကြီးဟာ အသိကြီးတဲ့အတွက် အကြောက်သေးသွားတယ်လို့ ထင်ပါတယ်၊ အသိက လုံးဝ ပြည့်စုံကြီးမားသွားပြီဆိုရင်တော့ အကြောက်တရားဟာလည်း လုံးဝကင်းစင်သွားမှာ သေချာပါတယ်။

ဒါရဲ့ ဆန့်ကျင်ဘက်အနေနဲ့ အသိတရားသေးရင် သေးသလောက် အကြောက်တရားဘက်က ကြီးပြီးလေးနေတဲ့ သဘောပါပဲ၊ ဆရာတော်ကြီးတစ်ပါး မိန့်ကြားဖူးတယ် 'သတ္တိဆိုတာ သိတတ်တာကွ၊ သိတတ်မှ သတ္တိရှိတယ်၊ သိတတ်မှုမရှိရင် သတ္တိ ဆိုတာလည်း မရှိနိုင်ဘူး'တဲ့၊ ဒါလည်း ဟုတ်တာပါပဲ။

ဘာဖြစ်လို့ အသိကြီးသူက အကြောက်နည်းပြီး အသိနည်း

http://www.dhammadownload.com



သူက အကြောက်ကြီးရသလဲဆိုတာကို ဆက်စပ်ပြီး စဉ်းစား ကြည့်မယ်ဆိုရင်တော့ . . အသိကြီးသူဟာ အမှားနည်းပြီး အပြစ်ကင်းတယ်၊ လောကမှာ အကြောက်တရား ဆိုတာ အပြစ်တရားကြောင့် ဖြစ်ပေါ်လာရတာပါ။ ဘာကို ကြောက်သလဲ သေသေချာချာ စဉ်းစားကြည့်ရင် ကိုယ်လုပ်မိတဲ့အပြစ်တွေကြောင့် ကိုယ်ပြန်ပြီး ခံရမယ့် ဆိုးကျိုးဒုက္ခတွေကို ကြောက်နေကြတာပဲမို့လား၊ အသိကြီးသူက အမှားနည်း အပြစ်ကင်းတဲ့အတွက် အကြောက်တရားတွေလည်း ကင်းနေတာပါ။

အသိနည်းသူကတော့ အမှားနဲ့ အပြစ်တွေများများ ပြုမိတတ်ပါတယ်၊ ကိုယ်ပြုမိတဲ့အမှားနဲ့ အပြစ်ကကြီးရင် ကြီးသလောက် အကြောက်တရားကလည်း ကြီးလာကြတယ်လို့ နှလုံးသွင်း သတိပြုမိပါတယ်။

ဆရာတော်ကြီးဟာ အသိကြီးသလောက် အပြစ်လည်း ကင်းတဲ့အတွက် သူများတွေအကြောက်ဆုံးဆိုတဲ့ သေခြင်းတရားကို တောင် တွေးတောကြောက်ရွံ့ခြင်း ကင်းတော်မူပေတာပဲလို့လည်း သဘောပေါက် အာရုံပြုပြီး ကြည်ညိုပူဇော်မိပါတယ်။

ဆရာတော်ကြီးကို နောက်ဆုံးပူဇော်မှုနေနဲ့ ဆရာတော်ကြီးရဲ့ မွေးရက်ဖြစ်တဲ့ သီတင်းကျွတ် လဆန်း ၁၁ ရက်နေ့မှာ ကျင်းပမယ့် အန္တိမစျာပန ပူဇော်ပွဲကိုတော့ တိပိဋကရေ (ယော) ဆရာတော်၊ သီတဂူ ဆရာတော် အရှင်ဉာဏိဿရ၊ ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ခင်မကန် အရှင်ခေမိန္ဒတို့အားလုံးက ဓမ္မပူဇာနဲ့ ပူဇော်ကြဖို့ လိုက်လှဲလိုလားစွာ တာဝန်ယူထားကြသလို မိမိလည်း ပါဝင်

http://www.dhammadownload.com



ပူဇော်ခွင့်ရမှာဖြစ်လို့ ဒီပူဇော်ပွဲကြီးဟာ ဂုဏ်နဲ့ခြင် တစ်ထပ်တည်းကျတဲ့ ပူဇော်ပွဲကြီးဖြစ်မယ်လို့လည်း တွေးပြီး သာဓုခေါ်နေမိပါတယ်။

အားလုံးဝမ်းမြောက်နုမော်
သာဓုခေါ်နိုင်ကြပါစေ။

( နှုတ်မြွက်ဓမ္မပူဇာနဲ့ မပူဇော်မှီ ဒီစာစုနဲ့ ဆရာတော်ဂုဏ်ကို ကြိုတင်ပူဇော်လိုက်ပါတယ်။)

* တပည့် - ဝီရိယ(ဓမ္မဘောရီ)

အလင်းတန်းဂျာနယ်

*[ အမှတ် ၅၂၄၊ အောက်တိုဘာ ၆၊ ၂၀၀၈ ]*

ဓမ္မဘောရီ အရှင်ဝီရိယ (တောင်စွန်း)